# ကြေးမုံ

The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်၊ သောကြာနေ့၊ (16-1-2015) (၈၀၈၇)


## ချမ်းသာခြင်းသည် အစဉ်လိုက်

မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ၊
မနသာ စေ ပသန္နေန၊ ဘာသတိ ဝါ ကရောတိ ဝါ၊
တတော နံ သုခမန္ဝေတိ၊ ဆာယာဝ အနပါယိနီ။

နာမ်ခန္ဓာလေးပါးတို့သည် စိတ်သာလျှင် ရှေ့သွားရှိကုန်၏။ စိတ်သာလျှင် အကြီးအမှူးဖြစ်ကုန်၏။ စိတ်ဖြင့်သာ ပြီးကုန်၏။ ကောင်းမြတ်ကြည်လင်သောစိတ်ထားဖြင့် အကယ်၍ ပြောဆို၍သော် လည်းကောင်း၊ ပြုလုပ်၍သော် လည်းကောင်း၊ ထိုအကြောင်းကြောင့် အရိပ်သည် လူ၏နောက်သို့ အစဉ်လိုက်နေသကဲ့သို့ ထိုသူ့ထံသို့ ချမ်းသာသည် အစဉ်လိုက်နေပေ၏။

(ယမကဝဂ္ဂ၊ ဓမ္မပဒ)

# လယ်ယာစိုက်ပျိုးရေးကဏ္ဍ၌ နည်းပညာနှင့်အရင်းအနှီးများ ရင်းနှီးမြှုပ်နှံနိုင်ရေးဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၅**

ဒုတိယသမ္မတ ဦးညွန့်ထွန်းသည် အစ္စရေးနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး မစ္စတာယိုင်ရှာမီရ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၌ နည်းပညာနှင့် အရင်းအနှီးများ ရင်းနှီးမြှုပ်နှံရေး၊ ရေအရင်းအမြစ်များ ထိန်းသိမ်းအသုံးချနိုင်ရေး၊ သီးနှံများ စိုက်ပျိုးပြီး တန်ဖိုးမြှင့်ထုတ်လုပ်၍ ပို့ကုန်အဖြစ် နိုင်ငံတကာသို့တင်ပို့နိုင်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဦးအုန်းသန်းနှင့် ဒေါက်တာအောင်မြတ်ဦးတို့ တက်ရောက်ကြပြီး အစ္စရေးနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီး မစ္စတာ ဒယ်နီယယ်ဇွန်ရှိုင်းလည်း တက်ရောက်သည်။

**(သတင်းစဉ်)**



## ယ နေ့ မာ တိ ကာ


အသေးအဖွဲလေးတွေက စကြရအောင် — စာမျက်နှာ » ၁၀

ကြည်နူးပုံရိပ်လေးတွေ မြင်စေချင် — စာမျက်နှာ » ၁၁

ဇာတ်လမ်းအများဆုံး ရိုက်ခွင့်ရသည့် ထူးထူးဆန်းဆန်းတွေရေးတဲ့သူ — စာမျက်နှာ » ၁၂

စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲ ၁၆ ရက်ကြာ ကျင်းပမည် — စာမျက်နှာ » ၁၃


## မြန်မာ့ပင်လယ်ပြင် အခြေအနေ

မြစ်ဝကျွန်းပေါ် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

# ၂၀၁၅ ခုနှစ်အတွင်း ရန်ကုန်မြို့ပြ အများပြည်သူသယ်ယူပို့ဆောင်ရေးအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမည်



**ရန်ကုန် ဇန်နဝါရီ ၁၅**

၂၀၁၅ ခုနှစ်အတွင်း ရန်ကုန်မြို့ပြ အများပြည်သူသယ်ယူပို့ဆောင်ရေး အခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများအပါအဝင် သက်ဆိုင်ရာ တာဝန်ရှိသူများ၊ မထသ(ဗဟို)မှ တာဝန်ရှိသူများက "ဘတ်စ်ကားစနစ်များကိုပြောင်းလဲရေးအတွက် အများပိုင်ကုမ္ပဏီ ထူထောင်ရေး" ဆိုသည့်ခေါင်းစဉ်ဖြင့် ဆွေးနွေးလျက်ရှိသည်။

ခရီးသည်တင်ယာဉ်လိုင်းများအတွက် အများပိုင်စနစ်ဖြင့်ဆောင်ရွက်သွားမည်ဆိုလျှင် လက်ရှိ ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီများအက်ဥပဒေ၊ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် ကုမ္ပဏီများဖွဲ့စည်းခြင်းဥပဒေတို့ဖြင့် စတင်ဆောင်ရွက်


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❋**





ကြေးမုံစာတည်းရှုထောင့် 　 ၁၆-၁-၂၀၁၅၊ သောကြာနေ့

## တစ်မျိုးသားလုံး၏ အမျိုးသားရေးတာဝန်

မူးယစ်ဆေးဆိုသည်မှာ မြန်မာတို့သိထားသော "ဘိန်း၊ ဘင်း၊ ကစော်၊ လော်စာ၊ အရက်" ယစ်မျိုးငါးအင်အပြင် ဘိန်းနှင့် ဆက်စပ်ပစ္စည်းများ စိတ်ကြွရူးသွပ်ဆေးပြားများ အပါအဝင်ဖြစ်ပါသည်။ ဘိန်းကို အခြေခံလျက် နည်းပညာပေါင်းစပ်လိုက်သောအခါ မျက်မှောက်ကာလတွင် လူငယ်များ လက်ဝယ်ရောက်ရှိနိုင်သည့် စိတ်ကြွရူးသွပ်ဆေးပြားများအဖြစ် ထုတ်လုပ်လာနိုင်ခဲ့သည်။

တာဝန်ရှိသူများက ဘိန်းစိုက်ခင်းများကို လိုက်လံရှာဖွေဖျက်ဆီးပစ်နေသည့်ကြားက စိုက်ပျိုးမှုများရှိနေဆဲဟု ဆိုရမည်။ တည်ငြိမ်အေးချမ်းရေးအရ နှိုင်းယှဉ်မှုကလည်း ဘိန်းစိုက်ပျိုးရာဒေသ၏နယ်မြေအကြောင်းရင်းတစ်ရပ် ဖြစ်လိမ့်မည်။ ရှမ်းပြည်နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာဆိုလျှင် ဘိန်းစိုက်ခင်းဧက ခြောက်ထောင်ကျော် ဖျက်ဆီးပြီးပြီဟု သိရသည်။ နောက်လည်း ရက်အကန့်အသတ်မရှိ ဆက်လက်ဖျက်ဆီးသွားမည်ဟု တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်က အားရစရာ မင်္ဂလာသတင်းစကားဖြစ်သည်။

ဤကဲ့သို့ တာဝန်ရှိသူများ၊ တာဝန်သိပြည်သူများ၏ မူးယစ်ဆေးဝါး ပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် မဆုတ်မနစ်ဆောင်ရွက်ကြရာတွင် အသက်ပေးခဲ့ရသော ဖြစ်စဉ်များလည်းရှိခဲ့ကြောင်း သိရသည်။ ဥပမာ ဘိန်းခင်းများ ဖျက်ဆီးကြရာတွင် မသမာသူများ၏ ချောင်းမြောင်းပစ်ခတ်လုပ်ကြံမှုများ၊ မူးယစ်ဆေးဝါး ဖမ်းဆီးရာတွင် ပြန်လည် တိုက်ခိုက်ခံရခြင်းများ ရှိနေသည်။ မူးယစ်ဆေးဝါးရောင်းသူအားလုံး အချိတ်အဆက်နှင့် ဂိုဏ်းဂဏပုံစံမျိုးလုပ်နေကြကြောင်း၊ ၎င်းတို့တွင် လက်နက်များအပြင် ခေတ်မီစက်ကိရိယာများ၊ ဂြိုဟ်တုဆက်သွယ်ရေးဖုန်းများနှင့် အချိတ်အဆက်မိမိ လုပ်ဆောင်နေကြ၍ ဖမ်းဆီးရာတွင်ခက်ခဲပြီး အသက်အန္တရာယ်စိုးရိမ်ရကြောင်း သိရသည်။

ဤကဲ့သို့ အခက်အခဲများကြားမှ သက်စွန့်ဆံဖျား ဖမ်းဆီးမှုများကို နည်းမျိုးစုံသုံး၍ လုပ်ဆောင်လျက်ရှိနေရာ နှစ်စဉ် မူးယစ်ဆေးဝါးတရားခံ တစ်သောင်းဝန်းကျင်ခန့်အထိ ဖမ်းဆီးအရေးယူလျက်ရှိနေကြသည်။ ၂၀၁၄ ခုနှစ်အတွင်း မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်တို့တွင် မူးယစ်အထူးစစ်ဆင်ရေးပေါင်း ငါးကြိမ် ပြုလုပ်ခဲ့ကြောင်းသိရသည်။ ၂၀၁၄ ခုနှစ်တွင် မူးယစ်ဆေးဝါးအမှုပေါင်း ခြောက်ထောင့်ကိုးရာကျော် ဖော်ထုတ်နိုင်ခဲ့ပြီး မူးယစ်ဆေးဝါးတရားခံ ကျား၊ မပေါင်း ကိုးထောင့်လေးရာကျော် ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေနိုင်သော ဆေးဝါးများဆိုင်ရာ တားဆီးကာကွယ်ရေးအဖွဲ့(ဗဟို) မှသိရသည်။

မူးယစ်ဆေးဝါးဟူသည် လူညွှန့်တုံးစေသော အဆိပ်တစ်မျိုး၊ လူမျိုးပျက်သုဉ်းသွားနိုင်သည့် အန္တရာယ်ပေးနိုင်သည့်ရန်သူ။ ထို့ကြောင့် မူးယစ်ဆေးဝါးပပျောက်ရေးကို နှစ်ရှည်စီမံချက်နှင့် ဆောင်ရွက်ခဲ့သော်လည်း တာဝန်သိပြည်သူများ၏အားလိုအပ်နေသေး၍ နောက်ထပ် ငါးနှစ် စီမံကိန်းကာလသတ်မှတ်ကာ အရှိန်အဟုန်မြှင့်တင်ပြီး အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိသည်။ တစ်ဖက်မှ ဤကဲ့သို့ ပြင်းပြင်းထန်ထန် ဆောင်ရွက်နေသကဲ့သို့ အခြားတစ်ဖက်တွင်လည်း ဆက်သွယ်ရေးအဆင့်မြင့်နည်းပညာများသုံးကာ၊ ဂိုဏ်းဖွဲ့၍ အုံနှင့်ကျင်းနှင့် အင်အားနှင့် လှုပ်ရှားနေကြကြောင်း သိရသည်။ ယခုဆိုလျှင် မူးယစ်ဆေးဝါးအန္တရာယ်သည် နယ်စပ်ဒေသမှသည် နိုင်ငံတစ်ဝန်းလုံးအထိ ဖြန့်ကြက်လာနေသည်ကို တွေ့ လာရသည်။ မြို့ကြီးပြကြီးများ အပါအဝင် နိုင်ငံအနှံ့မှာ မူးယစ်ဆေးဝါး ဖမ်းဆီးရမိသတင်းများက သက်သေပြနေသည်။ အမျိုးသားရေးအသိဖြင့် ဝိုင်းဝန်းတိုက်ဖျက်ကြရမည်ဖြစ်သည်။

နှစ်စဉ် မူးယစ်ဆေးဝါးရောင်းဝယ်မှု တရားခံပေါင်း တစ်သောင်းဝန်းကျင်ရှိရာ တာဝန်ရှိသူများဘက်ကလည်း အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ မူးယစ်ဆေးဝါး ရောင်းဝယ်သူများကို ဖော်ထုတ်ရန် မြို့နယ်တစ်မြို့နယ်စီကို စီမံချက်ချ၍ ဆောင်ရွက်သွားမည်ဟုဆိုသည်။ တာဝန်သိ ပြည်သူများဘက်မှ အပြည့်အဝ ပူးပေါင်းကူညီကြမည်ဆိုပါလျှင် . . .။

"တစ်ဦးဆောင်သော်မရ တစ်သောင်းဆောင်သော်ရ၏"ဟု ဆိုစကားရှိသည်။ မူးယစ်ဆေးဝါးသည် အမျိုးသားထုတစ်ရပ်လုံး၏ ဘုံရန်သူဖြစ်ရာ အမျိုးသားရေးခံယူချက်ဖြင့် အားလုံးပူးပေါင်းပါဝင် တိုက်ဖျက်ပစ်ကြရမည်မှာ နိုင်ငံသားတိုင်း၏ ရှောင်လွှဲမရစကောင်းသော အမျိုးသားရေး မဟာတာဝန်ကြီးတစ်ရပ်အဖြစ်သို့ ရောက်ရှိလာနေပြီ ဖြစ်ပါကြောင်း ကြေးမုံမှ သတိပေးနှိုးဆော်လိုက်ရပါသည်။ ။



## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် 　 ဇန်နဝါရီ 　 ၁၅

| | | |
|---|---|---|
| ရန်ကုန် ရွှေဈေး | ၆၇၁၀၀၀ | - ၆၇၂၀၀၀ |
| မန္တလေး ရွှေဈေး | ၆၇၁၀၀၀ | - ၆၇၂၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | | |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၇၃၀ | ကျပ် |
| (ခ) | အောက်တိန်း95 | တစ်လီတာ | ၉၂၀ | ကျပ် |
| (ဂ) | အောက်တိန်း92 | တစ်လီတာ | ၆၃၀ | ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၀၂၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၀၇. ၁ |
| (ဂ) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၆၈. ၅၇ |
| (ဃ) | တရုတ် | တစ်ယွမ် | = ၁၆၅. ၄၃ |
| (င) | ထိုင်း | တစ်ဘတ် | = ၃၁. ၂၈၈ |
| (စ) | မလေးရှား | တစ်ရင်းဂစ် | = ၂၈၆. ၈၃ |
| (ဆ) | အိန္ဒိယ | တစ်ရူပီး | = ၁၆. ၅၀၇ |
| (ဇ) | ဂျပန် | တစ်ရာယန်း | = ၈၇၂. ၆၇ |
| (ဈ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၄. ၄၅၇ |
| (ည) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၃၉. ၈၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

## နှစ်နိုင်ငံအကြား လယ်ယာကဏ္ဍပူးပေါင်းဆောင်ရွက်ရေး ဈေးကွက်ရှာဖွေရေး အစီအစဉ်များဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၅**

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည်အစ္စရေးနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး မစ္စတာ ယိုင်ရှာမီရ်နှင့် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီး မစ္စတာ ဒယ်နီယယ်ဇွန်ရှိုင်းတို့ ခေါင်းဆောင်သော အစ္စရေးနိုင်ငံ လယ်ယာကဏ္ဍဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းရှင်များနှင့် ချစ်ကြည်ရေးအဖွဲ့အား တွေ့ဆုံပြီး နှစ်နိုင်ငံအကြား လယ်ယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး ဈေးကွက်ရှာဖွေရေးအစီအစဉ်များကို အပြန်အလှန် ရင်းနှီးစွာ ဆွေးနွေးကြသည်။

ထို့ပြင် ပညာရှင်များနှင့်စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ရေး၊ လယ်ယာကဏ္ဍ ပူးပေါင်း ဆောင်ရွက်ရေး၊ အစ္စရေးနိုင်ငံ၏ နည်းပညာနှင့် အရင်းအနှီးများနှင့် အခွင့်အလမ်းများအပေါ် ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့်အတူ အစ္စရေးနိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးနှင့် အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေ စက်စက်ယိုဆည်ရေသောက်စနစ် တစ်ဆက်တစ်စပ်တည်း ဧက ၉၀၀ စိုက်ကွင်းအတွင်း၌ ပုဂ္ဂလိက နယူးရောကုမ္ပဏီမှ ရင်းနှီးမြှုပ်နှံ ထူထောင်ထားသော ခေတ်မီ အအေးခန်းစနစ် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံအရောင်းပြခန်း၊ ခေတ်မီ Net House ပိုက်ကွန်စနစ်ဖြင့် စိုက်ပျိုးထားသော စိုက်ကွင်းများကို ကြည့်ရှုလေ့လာသည်။**(အပေါ်ပုံ)**

**(သတင်းစဉ်)**

## မြို့နယ်စာရေးဆရာအသင်း နှစ်ပတ်လည်စည်းဝေးမည်

**ရန်ကုန် ဇန်နဝါရီ ၁၅**

မြောက်ဥက္ကလာပမြို့နယ် စာရေးဆရာအသင်းမှ မြို့နယ်အတွင်းရှိ သက်ကြီးစာရေးဆရာ စာပေပညာရှင်များအား ဇန်နဝါရီ ၁၇ ရက် နံနက် ၉ နာရီတွင် ဆုတောင်းပြည့်မယ်လမုစေတီတော်အတွင်းရှိ ဓမ္မာရုံ၌ ပူဇော်ကန်တော့ပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**



PUN HLAING HOSPITAL
ISO 9001:2008
ISO 14001:2004
ရင်သားနှင့်ပတ်သက်သောစမ်းသပ်စစ်ဆေးမှုအားလုံးကို
တစ်နေရာတည်းမှာ ပြုလုပ်နိုင်ပြီ...
Every woman deserves to be well
ရင်သားနှင့်ပတ်သက်သောရောဂါအမျိုးမျိုးတို့ကို ကြိုတင်သိရှိကုသနိုင်ရန်အတွက် အမေရိကန်နိုင်ငံမှနိုင်ငံတကာအတွေ့အကြုံရှိ
ရင်သားဓါတ်မှန်နှင့်ပုံရိပ်ဖော်ဆရာဝန်ကြီးများ (Breast Imaging Specialists) မှ ပန်းလှိုင်ဆေးရုံကြီးတွင် စမ်းသပ်စစ်ဆေး
ပေးနေပြီဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။
LIKE US ON facebook Pun Hlaing Hospital
ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄ ၃၂၁၊ ၆၈၄ ၃၂၅၊ ၆၈၄ ၃၃၆၊ (၀၉) ၄၂၀၀၄၂၆၇၉၊ (၀၉) ၂၅၄ ၉၅၀ ၈၁၇ / မန္တလေး (၀၉) ၄၃၂၀၇၇၈၁ Email : marketing-phih@spa-mm.com

## ပြည်တွင်းရေးရာ

# လွတ်လပ်မျှတသော ရွေးကောက်ပွဲဖြစ်စေရန် ၂၀၁၅ ရွေးကောက်ပွဲကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်



**နေပြည်တော် ဇန်နဝါရီ ၁၅**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် မြန်မာနိုင်ငံ သတင်းစာဆရာအသင်း အတွင်းရေးမှူး(၂) ဦးကျော်စွာမင်း၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်းနှင့် မိတ်ဖက်ပြုထားသောအဖွဲ့တစ်ခုဖြစ်သည့် Article 19 မှ Mrs. Borbra နှင့် Mr.Oliver Spencer ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီခွဲက နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ဖွဲ့စည်းမှု၊ မဲပေးစနစ်၊ မဲစာရင်းပြုစုခြင်း၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကိုအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်နေမှုများအား ရှင်းလင်းပြောကြားသည်။

Article 19 အဖွဲ့မှ Voter Education ဆောင်ရွက်မည့် အခြေအနေ၊ မီဒီယာများအနေဖြင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေနှင့် Article 19 အဖွဲ့အနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုတို့အား ဆွေးနွေးခဲ့ပြီး ၂၀၁၅ အထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ သိရှိလိုသည်များအား မေးမြန်းခဲ့ကြသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ၂၀၁၅ ရွေးကောက်ပွဲကို လွတ်လပ်မျှတသော ရွေးကောက်ပွဲဖြစ်စေရန် ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လွတ်လပ်မျှတမှုကို ဥပဒေဖြင့်သာ မှတ်ကျောက်တင်ရမည်ဖြစ်ကြောင်း၊ ဥပဒေကိုသိရှိအောင် လေ့လာဖို့လိုအပ်ပြီး ဥပဒေနှင့်အညီ ဆောင်ရွက်ရန်လိုကြောင်း၊ ရွေးကောက်ပွဲအောင်မြင်ရေးအတွက် နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများ၊ မီဒီယာများ၊ Observer များနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ မီဒီယာများအနေဖြင့်လည်း ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ကြောင်း၊ ရွေးကောက်ပွဲကို လွတ်လပ်မျှတမှုရှိသော ရွေးကောက်ပွဲအဖြစ် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဘက်လိုက်မှုမရှိဘဲ အပြုသဘောဆောင် ရေးသားသတင်းဖြန့်ဝေပေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ရန် လိုကြောင်း ပြောကြားသည်။

ယင်းသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးမြင့်နိုင်၊ ဦးအောင်မြင့်၊ ဒေါက်တာဒေါ်မြင့်ကြည်၊ ဦးဝင်းကြည်၊ ဦးညွန့်တင်၊ ဦးဝင်းကို၊ အတွင်းရေးမှူး ဦးတင်ထွန်းနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

**❋ ရှေ့ဖုံးမှ**

ရမည်ဖြစ်ပြီးအသင်းအဖွဲ့မှတ်တမ်း၊ အသင်းအဖွဲ့စည်းမျဉ်းရေးဆွဲရမည်ဖြစ်ကြောင်း၊ ထိုသို့ ရေးဆွဲမှုများအတွင်း သတ်မှတ်မတည်ရင်းနှီးငွေများ၊ ရှယ်ယာခေါ်ယူမည့် နည်းလမ်းများ၊ စုဆောင်းမည့် နည်းလမ်းများ၊ထိုရှယ်ယာမှတစ်ဆင့် စတော့သို့ ပြောင်းမည့်နည်းလမ်းများ၊ ပြောင်းလဲပုံစံများ၊ စီမံကွပ်ကဲမှုများအတွင်း အုပ်ချုပ်မည့်နည်းလမ်းများ၊ ဒါရိုက်တာအဖွဲ့တည်ထောင်မည့် နည်းလမ်းများအစသဖြင့် များပြားစွာရှိနေသည့်အတွက် တာဝန်ရှိသူများမှဆွေးနွေးရလိမ့်မည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် အသင်းအဖွဲ့စည်းမျဉ်းနှင့် အသင်းအဖွဲ့မှတ်တမ်းအရ မှတ်ပုံတင်ရလိမ့်မည်ဖြစ်ကြောင်း၊ ယင်းနောက် ပြည်သူလူထုအားချပြကာ ရှယ်ယာရှင်များအား ခေါ်ယူရမည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းစဉ်များမှာ ၂၀၁၅ ခုနှစ်တွင် ဖြစ်ပေါ်လာမည့် လုပ်ငန်းရပ်များဖြစ်သည့်အတွက် အများပြည်သူသယ်ယူပို့ဆောင်ရေး အခန်းကဏ္ဍများ၏ ပြောင်းလဲမှုများဖြစ်ပေါ်လာနိုင်ကြောင်းမထသ(ဗဟို) မှ ဥက္ကဋ္ဌ ဦးလှအောင်က ပြောသည်။

"ခရီးသည်တင်ယာဉ်များအတွက် အများပြည်သူတောင်းဆိုချက်အရ အများပိုင်စနစ်ကိုဘယ်တော့ အကောင်အထည်ဖော်မလဲ မေးကြတယ်၊ ဒါလည်း လက်ရှိဖြစ်ပေါ်နေတဲ့ အခက်အခဲများကို ပြေလည်စေချင်တဲ့ စေတနာလို့မေးမြန်းတယ်လို့ ယူဆပါတယ်။ ဒီလိုသွားဖို့ကျတော့ အများကြီးဆောင်ရွက်ရပါမယ်။ ဥပမာ အများပိုင်စနစ်ကို သွားတဲ့အခါမှာ ဘယ်လိုသွားမလဲ။ ကုမ္ပဏီတွေမှာ ရှယ်ယာတွေစုပြီးတော့ အဲဒီကုမ္ပဏီတွေက ကားကိုယူတာလည်းအများပိုင်စနစ်တစ်မျိုးပါပဲ။ ကော်ပိုရေးရှင်းများ၊ ကုမ္ပဏီများနဲ့ လုပ်ဆောင်နေကြတဲ့ နိုင်ငံတွေလည်းရှိနေပါတယ်။ ဥပမာ ကိုရီးယားမှာဆိုလည်း ဒီအတိုင်း လုပ်ဆောင်နေတာပါ။ နောက်အချို့နိုင်ငံတွေကျတော့ PPP (Public Private Partnership) ဆိုတဲ့ အစိုးရပါဝင်သော အများပိုင်စနစ်နဲ့ သွားနေကြပါတယ်။ ရန်ကုန်မြို့ရဲ့အနေအထားကိုသွားမယ်ဆိုရင်တော့ ကုမ္ပဏီပိုင်စနစ်အစား PPP စနစ်သွားဖို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကို တင်ပြထားပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ ရန်ကုန်မြို့မှာ ၁၉၆၂ ခုနှစ်ကတည်းကစပြီး သယ်ယူပို့ဆောင်ရေးအပိုင်းကို ဆက်စပ်သော အစိုးရများက တာဝန်ယူပေးခဲ့တဲ့အတွက် ဒီအတွေ့အကြုံနဲ့ ပြည်သူလူထုရဲ့ အကျိုးငှာ ပါဝင်ဆောင်ရွက်ကြရမယ့် အနေအထားလေးတွေရှိတယ်။ ကျွန်တော်တို့နိုင်ငံမှာ လက်ရှိကျင့်သုံးနေတဲ့ ခု PPP သွားဖို့ပဲကြည့်ပေါ့။ ကုမ္ပဏီများမှတ်ပုံတင်ခြင်း အက်ဥပဒေ၊ ရင်းနှီးမြှုပ်နှံမှုဥပဒေများကလည်း ရှိပါသေးတယ်။ ဒါလည်းလိုက်နာရမယ်။

နောက်တစ်ခု ယာဉ်တွေနဲ့ပတ်သက်ရင် ကညနမှာ ၁၉၆၄ မော်တော်ယာဉ်ဥပဒေ၊ ၁၉၈၉ မော်တော်ယာဉ် နည်းဥပဒေ၊ ဒါတွေကျင့်သုံးရမယ်။ နောက်တစ်ခုက လုပ်ငန်းလုပ်တယ်။ လုပ်ငန်းလုပ်တဲ့ယာဉ်ဆိုရင် ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာနသည် ၁၉၆၃ ကရဖ ဥပဒေအရကြပ်မတ်ရမယ်။ ဒီလိုများပြီး စုံနေတဲ့ကဏ္ဍမှာ အစိုးရအဖွဲ့အစည်းပါမှသာလျှင် လျင်မြန်စွာနဲ့ အကောင်အထည်ဖော်ဆောင်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိအနေအထားအရ PPP စနစ်သွားဖို့ ကျွန်တော်တင်ပြခဲ့တာပါ။ ခုလည်း တာဝန်ရှိသူများက ဆွေးနွေးနေကြပါတယ်။၂၀၁၄ ခုနှစ်ထက် ၂၀၁၅ ခုနှစ်မှာပိုမိုတိုးတက်ဖွံ့ဖြိုးလာတော့မှာပါ" ဟု မထသ(ဗဟို)မှ ဥက္ကဋ္ဌဦးလှအောင်က ရှင်းပြသည်။

ဆက်လက်၍ ၎င်းက "တချို့က မေးကြပါတယ်။ အများပိုင်စနစ်အကြောင်းပေါ့။ အများပိုင်စနစ်ကို ပြောင်းတာက ဒါကပိုင်ဆိုင်မှုကိုပဲ ပြောင်းလိုက်တာပါပဲ။ ကျွန်တော်တို့ မထသ(ဗဟို)ကိုလည်း 'ဘတ်စ်ကားစနစ်များ ပြောင်းလဲရေးအတွက် အများပိုင်ကုမ္ပဏီထူထောင်ရေး'ဆိုပြီး ခေါင်းစဉ်ပေး၍ တာဝန်ရှိသူများက ဆွေးနွေးခိုင်းတာပါ။ အများပိုင်ကုမ္ပဏီပေါ်တာကတော့ဟုတ်ပြီ။ ယာဉ်တွေ ပြေးဆွဲတယ်။ ဥပမာ တိုက်ကြီးကနေလာတဲ့ကားသန်လျင်ထိသွားခိုင်းမှာလား။ ဒါမညီညွတ်တော့ဘူး။ ဒါတွေဘယ်လိုလုပ်မလဲ။ Transit စနစ် သုံးမလား။ ကားနဲ့ရထားချိတ်ဆက်မလားဆိုတဲ့ပြေးဆွဲမှုစနစ်တွေလည်းဖော်ဆောင်ရဦးမှာပါ။ ဒါတွေကို တစ်ဆင့်တစ်ဆင့်သွားရမှာပါ။

နောက်တော့ management မှာ တော့မတူပါဘူး။ ခုဘတ်စ်စနစ်က Normal Bus System ပါ။ BRT လို အဆင့်မြင့်တဲ့စနစ်ကျရင် management က တစ်မျိုးဖြစ်သွားပါလိမ့်မယ်။ ဒီလိုအပိုင်းတွေကိုလည်း ဖော်ဆောင်ရပါဦးမယ်။ လက်ရှိ JICA လို အဖွဲ့တောင်ကျွန်တော်တို့ကို အမြန်ဆုံးလုပ်ပါဆိုပြီးတောင်းတဲ့အချက်က ကိုးချက်လောက်ရှိပါတယ်။ မီးပွိုင့်တွေဆိုရင် လက်ရှိတားထားပြီးမှ လွှတ်တဲ့စနစ်ကို ကျင့်သုံးနေတာပါ။ စီမံခန့်ခွဲမှုစနစ်ပြောင်းလဲခြင်းအပိုင်းမှာလည်း ၂၀၁၄ ခုနှစ် နှစ်ကုန်ပိုင်းက ပုဂ္ဂလိကပိုင်ယာဉ်များစနစ်တကျ ပြေးဆွဲရေး ဥပဒေဟာ ပြဋ္ဌာန်းထားပြီးဖြစ်တဲ့အတွက် ဒီ ၂၀၁၅ ခုနှစ်မှာ အကောင်အထည်ဖော်ဆောင်ရွက်တော့မှာဖြစ်ပါတယ်" ဟု ပြောသည်။

လက်ရှိအနေအထားအရ ရန်ကုန်မြို့၏ ယာဉ်ကြော ကျပ်တည်းမှုများအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီမံကွပ်ကဲမှုဖြင့် သက်ဆိုင်ရာဌာနများမှ ခုံးကျော်တံတားစီမံကိန်းများ ဆောင်ရွက်လျက်ရှိခြင်း၊ အလိုအလျောက်ထိန်းချုပ် မီးပွိုင့်စနစ်များဆောင်ရွက်လျက်ရှိနေခြင်းနှင့် လမ်းကြောင်းရွေးချယ် ပြေးဆွဲမှုစနစ်ဖြစ်သော BRT စနစ်များအား အကောင်အထည်ဖော်ဆောင်ရွက်တော့မည်ဖြစ်ရာ ၂၀၁၅ ခုနှစ် အများပြည်သူသယ်ယူပို့ဆောင်ရေးလုပ်ငန်းရပ်များ ဖွံ့ဖြိုးတိုးတက်လာနိုင်စရာအကြောင်း ရှိနေကြောင်းသိရသည်။

**သတင်းနှင့် ဓာတ်ပုံ**
**စိုးဝင်း (MLA)**


---


## ထရန်စဖော်မာအသစ် အစားထိုးတပ်ဆင်


**တောင်ကြီး ဇန်နဝါရီ ၁၅**


မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းအနေဖြင့် အများပြည်သူများ ဓာတ်အားအလုံအလောက်သုံးစွဲနိုင်ရေး စီမံပေးလျက်ရှိရာ ရှမ်းပြည်နယ်၏ မြို့တော် တောင်ကြီးမြို့တွင် လျှပ်စစ်ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်စေရန် ရည်ရွယ်ပြီး ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာတို့၏ အနီးကပ်ကြီးကြပ်မှုဖြင့် စိန်ပန်းရပ်ကွက်ရှိ အမှတ်(၃) ဓာတ်အားခွဲရုံရှိ ၆၆/၁၁ အမ်ဗွီအေ၊ ၁၀ အမ်ဗွီအေ soe အမျိုးအစားထရန်စဖော်မာအစား ပိုမိုလျှပ်စစ်ဓာတ်အားသိုလှောင်ဖြန့်ဖြူးပေးနိုင်မည့် ၂၀ အမ်ဗွီအေ siemer အမျိုးအစားထရန်စဖော်မာဖြင့် ဒီဇင်ဘာလအတွင်းက ပြောင်းလဲ တပ်ဆင်ပေးခဲ့ရာမှစပြီး အမှတ်(၃)ဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးသည့် မြို့ပေါ်ရပ်ကွက်များဖြစ်သော ဟော်ကုန်း၊ ကျောင်းကြီးစု၊ မြို့မ၊ လမ်းမတော်၊ စိန်ပန်း၊ ရွှေတောင်၊ သစ်တော၊ ချမ်းမြသာစည်၊ ကန်ရှေ့၊ ကန်အောက်ရပ်ကွက်များတွင် ဓာတ်အားများပိုမိုသုံးစွဲနိုင်လျက်ရှိကြောင်း သိရသည်။ **နိုင်ထွန်း(TGI)**










မီးသတိပြု







## အကြီးမားဆုံးသော လုံခြုံရေး ခြိမ်းခြောက်မှု ဥရောပရင်ဆိုင်နေရဟု ယူရိုပိုလ်ပြော

**လန်ဒန် ဇန်နဝါရီ ၁၅**

ဥရောပတိုက်သည် ဆယ်စုနှစ်တစ်စုကျော်ကာလအတွင်း အကြီးမားဆုံးသော လုံခြုံရေး ခြိမ်းခြောက်မှုနှင့် ရင်ဆိုင်နေရကြောင်း၊ ဆီးရီးယားနိုင်ငံ၌ စစ်သွေးကြွများနှင့်အတူ ပူးပေါင်းတိုက်ခိုက်နေသော ဥရောပနိုင်ငံသား ၅၀၀၀ အထိရှိသည်ဟု ခန့်မှန်းရပြီး ၎င်းတို့သည် မိခင်နိုင်ငံအား ဘေးအန္တရာယ်ပေးလာနိုင်သူများ ဖြစ်ကြကြောင်း ဥရောပရဲတပ်ဖွဲ့ (ယူရိုပိုလ်)အကြီးအကဲက ဝေဖန်ပြောကြားသည်။

ပြင်သစ်နိုင်ငံ မြို့တော်ပါရီ၌ လွန်ခဲ့သည့်ရက်သတ္တပတ်က စစ်သွေးကြွများ၏ တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် ထောက်လှမ်းရေးအကြီးအကဲများနှင့် နိုင်ငံရေးခေါင်းဆောင်များက လုံခြုံရေးဆိုင်ရာ သတိပေးချက်များပြုလုပ်ခဲ့သည့်နည်းတူ ယူရိုပိုလ် ညွှန်ကြားရေးမှူးရော့ဘ်ဝိန်းရိုက်က ဥရောပတိုက်၏ လုံခြုံရေးဘေးအန္တရာယ်နှင့်ပတ်သက်၍ သတိပေးပြောကြားခြင်းဖြစ်သည်။

ဥရောပနိုင်ငံများရှိ လုံခြုံရေးဆိုင်ရာဌာနများသည် အကြမ်းဖက်သမားများ၏ ဘေးအန္တရာယ်ကို ကြိုတင်တားဆီးကာကွယ်ရန် ဆောင်ရွက်နိုင်စွမ်း နည်းပါးသည့် အနေအထားတွင်ရှိနေကြကြောင်း ၎င်းက ပြောကြားသည်။

ဥရောပတိုက်သည် စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်မှုဖြစ်စဉ်နောက်ပိုင်း အဆိုးရွားဆုံးသော လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုနှင့် ရင်ဆိုင်တွေ့ကြုံနေရကြောင်း ဝိန်းရိုက်က ဗြိတိသျှပါလီမန်ကော်မတီတစ်ရပ်သို့ ပြောကြားသည်။

**ရိုက်တာ။**



## အမေရိကန်လွှတ်တော်အဆောက်အအုံကို တိုက်ခိုက်ရန်ကြံစည်သူ ဖမ်းဆီးခံရ

**ဝါရှင်တန် ဇန်နဝါရီ ၁၅**

အမေရိကန်ကာပီတိုလွှတ်တော်အဆောက်အအုံအား တိုက်ခိုက်ရန်ကြံစည်သူကို အိုဟိုင်းယိုပြည်နယ် အမေရိကန်ပြည်ထောင်စုထောက်လှမ်းရေးဗျူရိုက ဖမ်းဆီးခဲ့ကြောင်း တရားရုံးမှတ်တမ်းများအရ ဗုဒ္ဓဟူးနေ့က သိရသည်။

အသက် (၂၀)နှစ်အရွယ်ရှိ ခရစ်(စ်)တိုဖာကော်(လ်)နယ်သည် အိုင်အက်စ်စစ်သွေးကြွများအား ထောက်ခံသူဖြစ်သည်ဟု သိရသည်။ ၎င်းသည် အမေရိကန်လွှတ်တော်အဆောက်အအုံအား တိုက်ခိုက်ရန် စီစဉ်ခဲ့ပြီး မောင်းပြန်ရိုင်ဖယ်တစ်လက်နှင့် ကျည်ကတ် ၆၀၀ ကိုလည်း ဝယ်ယူခဲ့သည်။ ထောက်လှမ်းရေးဗျူရို၏ စစ်ဆေးချက်အရ ၎င်းသည် ဝါရှင်တန်သို့ သွားရောက်ပြီး တိုက်ခိုက်မှုပြုလုပ်ရန် စီစဉ်ခဲ့သည်ဟု သိရသည်။

ကော်(လ်)နယ်၏ လွန်ခဲ့သော လအနည်းငယ်အတွင်း မီဒီယာဝက်ဘ်ဆိုက်များတွင် ဖော်ပြခဲ့သော ဂျီဟက် အကြမ်းဖက်မှုများနှင့် အိုင်အက်စ်အဖွဲ့အား ထောက်ခံကြောင်း ဖော်ပြချက်တို့ကြောင့် ထောက်လှမ်းရေးဗျူရိုက ၎င်းအား စောင့်ကြည့်ခဲ့သည်။ ကော်(လ်)နယ်က အမေရိကန်ကွန်ဂရက်အဖွဲ့ဝင်များသည် ၎င်း၏ ရန်သူများဖြစ်ကြောင်း ပြောဆို ခဲ့သည်ဟု မှတ်တမ်းများအရ သိရသည်။

**ဆင်ဟွာ။**

## ကုလားအုတ်နင်း၍ လူနှစ်ဦးသေ

**ဒါးလက်စ် ဇန်နဝါရီ ၁၅**

အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ် မြောက်ပိုင်းတွင် မိတ်လိုက်နေသော ကုလားအုတ်တစ်ကောင်၏ နင်းခြေမှုကြောင့် လူနှစ်ဦးသေဆုံးခဲ့ရကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇန်နဝါရီ ၁၅ ရက်တွင် သတင်းထုတ်ပြန်သည်။

ဝစ်ချ်တာရေတံခွန်အနီး ခြံတစ်ခြံ၌ မွေးမြူထားသော ကုလားအုတ်အထီးတစ်ကောင်နှင့် အမနှစ်ကောင်နေထိုင်ရာ ခြံငယ်အတွင်းသို့ လူတစ်ဦးဝင်ရောက်သွားခဲ့ကြောင်း၊ ဝင်ရောက်သွားသူမှာ အသက်(၅၇)နှစ်အရွယ်ရှိ မက်ခ်မီယာအမည်ရှိသူဖြစ်ပြီး ကုလားအုတ်၏ နင်းခြေမှုကြောင့် သေဆုံးခဲ့ရကြောင်း ကေအက်ဖ်ဒီအက်စ်ရုပ်မြင်သံကြားဌာန၌ သတင်းတွင် ဖော်ပြသည်။

အသက်(၇၂)နှစ် အရွယ်ရှိသူ ခြံပိုင်ရှင် ပဂ္ဂိမက်နီယာမှာလည်း အဆိုပါ မွေးမြူရေးခြံဝင်း၏ ဂိတ်တံခါးကို ပိတ်ရန်ကြိုးပမ်းစဉ် ကုလားအုတ်နင်းခံရပြီး သေဆုံးခဲ့ရကြောင်း သတင်းတွင် ဖော်ပြသည်။

ကုလားအုတ်၏ နင်းခြေမှုဒဏ်ကြောင့် လူနှစ်ဦး သေဆုံးခဲ့ရကြောင်း ဒေသဆိုင်ရာရဲအဖွဲ့က အတည်ပြုသည်။

ဒါးလက်စ်မြို့မှ မိုင် ၁၅၀ (ကီလိုမီတာ ၂၄၀)အကွာရှိ ဝစ်ချ်တာမြို့တွင် ယင်းဖြစ်ရပ်ပေါ်ပေါက်ခဲ့သည်။ သေဆုံးခဲ့သူတစ်ဦးဖြစ်သည့် မက်နီယာသည် ဘဏ်အမှုဆောင်အရာရှိဟောင်းတစ်ဦးဖြစ်ပြီး ကုလားအုတ်များကို မွေးမြူလာခဲ့သည်မှာ နှစ် ၂၀ ခန့်ရှိပြီဖြစ်ကြောင်း၊ မက်ခ်မီယာသည် ကုလားအုတ်မွေးမြူရေးခြံ၏ ရေမြောင်း၌ ရေခဲပိတ်ဆို့နေမှုကို ရှင်းလင်းရန် ခြံအတွင်းသို့ ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းစာတိုင်းမ်ရက်ကော့ဒ်နယူးစ်က ရေးသားဖော်ပြသည်။

**ဘီဘီစီ။**

## အမေရိကန်နှင့် တိုက်ရိုက်ဆွေးနွေးရန် မြောက်ကိုရီးယားကမ်းလှမ်း

**ကုလသမဂ္ဂ ဇန်နဝါရီ ၁၅**

ကိုရီးယားကျွန်းဆွယ်တွင် အပြောင်းအလဲဖြစ်စေရန် လမ်းဖွင့်ပေးမည့် ချူကလီးယား စမ်းသပ်မှုရပ်ဆိုင်းရေး ဆွေးနွေးပွဲကျင်းပရန် ၎င်း၏ အဆိုပြုချက်နှင့် ပတ်သက်၍ အမေရိကန်ပြည်ထောင်စုနှင့် တိုက်ရိုက်ဆွေးနွေးရေးအတွက် မြောက်ကိုရီးယားက အင်္ဂါနေ့တွင် ကမ်းလှမ်းခဲ့ကြောင်း ဘီဘီစီသတင်းဌာန ယနေ့ဖော်ပြသည်။

အမေရိကန်နှင့် တောင်ကိုရီးယား နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်ခြင်းကို ယာယီရပ်ဆိုင်းရန်နှင့် ယင်းသို့ရပ်ဆိုင်းခြင်းအတွက် အပြန်အလှန်အနေဖြင့် ချူကလီးယားစမ်းသပ်မှုကို ရပ်ဆိုင်းမည်ဖြစ်ကြောင်း ပြုံးယမ်း၏ ကမ်းလှမ်းချက်ကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပယ်ချခဲ့သည်။ သို့သော် ပြုံးယမ်းနှင့်ဆွေးနွေးရန် တံခါးဖွင့်ထားဆဲပါဟု ပြောခဲ့သည်။

ကုလသမဂ္ဂဆိုင်ရာ မြောက်ကိုရီးယား ဒုတိယသံအမတ် အန်မြောင်ဟန်က ၎င်းတို့၏ အဆိုပြုချက်မှာ အသက်ဝင်ဆဲဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုနှင့် တိုက်ရိုက်ဆွေးနွေးရန် အဆိုပြုချက်အရ မြောက်ကိုရီးယားအစိုးရသည် ဆွေးနွေးရန် အဆင်သင့်ဖြစ်ပါကြောင်း ၎င်းက ပြောသည်။

**ဘီဘီစီ။**





## ရေနံဈေးနှုန်းကျခြင်းအတွက် ဆော်ဒီနှင့် ကူဝိတ်အား အီရန်ဝေဖန်

**ဒူဘိုင်း ဇန်နဝါရီ ၁၅**

ကမ္ဘာ့ရေနံဈေးနှုန်းကျဆင်းရခြင်း၏ နောက်ကွယ်မှ နိုင်ငံများသည် ၎င်းတို့၏ ဆုံးဖြတ်ချက်အတွက် ဝမ်းနည်းကြရမည်ဖြစ်ကြောင်း၊ ဆော်ဒီအာရေဗျနှင့် ကူဝိတ်နိုင်ငံတို့သည် အီရန်နိုင်ငံနှင့်အတူ ဈေးကျသည့် ဒဏ်ခံစားကြရမည်ဖြစ်ကြောင်း အီရန်သမ္မတ ဟာဆန်ရူဟာနီက အင်္ဂါနေ့တွင် သတိပေးလိုက်သည်။

နိုင်ငံတကာဈေးကွက်တွင် ခြောက်နှစ်တာကာလအတွင်း ရေနံဈေးနှုန်း အနိမ့်ဆုံးအဆင့်သို့ ရောက်ရှိနေစဉ်တွင် သမ္မတက တစ်နိုင်ငံလုံးသို့ ရုပ်မြင်သံကြားမှ မိန့်ခွန်းပြောကြားရာ၌ ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ရေနံဈေးနှုန်းကျဆင်းမှုဒဏ်ကို အီရန်နိုင်ငံခံစားခဲ့ရသော် ဆော်ဒီအာရေဗျနှင့် ကူဝိတ်ကဲ့သို့သော ရေနံထုတ်လုပ်သည့်နိုင်ငံများသည် အီရန်ထက်ပိုမိုခံစားကြရမည်ဟု ၎င်းက ပြောကြားခဲ့သည်။

ရေနံတိုးမြှင့် ထုတ်လုပ်ခြင်း၊ အထူးသဖြင့် အမေရိကန်ပြည်ထောင်စုက ယှေလကျောက်ရေနံများ ထုတ်လုပ်ခြင်းနှင့် ဥရောပနှင့် အာရှမှ ဝယ်လိုအားသည် မျှော်လင့်ထားသည်ထက်လျော့နည်းခြင်းတို့ကြောင့် ရေနံဈေးနှုန်းသည် ၂၀၁၄ ခုနှစ် ဇွန်လတွင် အမြင့်ဆုံးသို့ ရောက်ရှိခဲ့ရာမှ ၆၀ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့သည်။

ကူဝိတ်နှင့် ဆော်ဒီအာရေဗျနိုင်ငံတို့၏ ဘတ်ဂျက်သည် ရေနံပို့ကုန်ရငွေပေါ်တွင် မှီခိုနေရကြောင်း ရူဟာနီက အင်္ဂါနေ့တွင် ပြောခဲ့သည်။

ကိန်းဂဏန်းများအရ ဆော်ဒီအာရေဗျနိုင်ငံ၏ ဘတ်ဂျက် ၈၀ ရာခိုင်နှုန်းသည်လည်းကောင်း၊ ကူဝိတ်နိုင်ငံ၏ ဘတ်ဂျက် ၉၅ ရာခိုင်နှုန်းသည် လည်းကောင်း ရေနံရောင်းရငွေများပေါ် အခြေခံသည်ဟု ဘူရှီးမြို့၌ မိန့်ခွန်းပြောကြားရာတွင် ရူဟာနီက ပြောကြားခဲ့သည်။

**ရိုက်တာ။**

## အယ်လ်ခိုင်ဒါနှင့် ပူးပေါင်းရန် ကြိုးပမ်းသူတစ်ဦး ထောင်ဒဏ်နှစ် ၂၀ ချမှတ်ခံရ

**ဝါရှင်တန် ဇန်နဝါရီ ၁၅**

ဖလော်ရီဒါပြည်နယ်သားတစ်ဦးသည် ဂျီဟက်ဒ်စစ်ပွဲအတွက် လေ့ကျင့်သင်ကြားပေးရန် လျှို့ဝှက်စီစဉ်မှု အယ်လ်ခိုင်ဒါအုပ်စုနှင့်ပူးပေါင်းရန် ရည်ရွယ်ချက်ဖြင့် အရှေ့အလယ်ပိုင်းသို့ သွားရောက်မှုတို့ဖြင့် ဇန်နဝါရီ ၁၄ ရက်တွင် ထောင်ဒဏ်နှစ် ၂၀ ချမှတ်ခံရကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

(၂၁)နှစ်အရွယ် ရှဲလ်တန်သော်မတ်စ်ဘယ်လ်က အကြမ်းဖက်သမားများကို ပစ္စည်းများထောက်ပံ့ပေးခဲ့ကြောင်း မတ်လက ဝန်ခံပြောကြားသည်။၎င်းက ဂျီဟက်ဒ်စစ်ပွဲအတွက် ပါဝင်ရန် လူငယ်တစ်ဦးအား တပ်သားသစ်စုဆောင်းခဲ့သည်ဟု ဝန်ခံကြောင်း အသနားခံစာတွင် ဖော်ပြချက်အရ သိရသည်။ ၂၀၁၂ ခုနှစ် စက်တင်ဘာလတွင် ၎င်းတို့နှစ်ဦးသည် အန်ဆာလယ်ရှာရီယာအဖွဲ့နှင့် ပူးပေါင်းရန် ယီမင်သို့သွားရန် စီစဉ်ခဲ့သည်။

မိမိတို့အနေဖြင့် အကြမ်းဖက်သမားများကို အကူအညီပေးရန် ပင်လယ်ရပ်ခြားသို့ ခရီးသွားရန် ကြိုးပမ်းကြသည့် နိုင်ငံသားများကို စစ်ဆေးခြင်းနှင့်တရားစွဲဆိုခြင်းဆိုင်ရာများကို ပြင်းထန်စွာလုပ်ဆောင်ရမည်ဟု ဖလော်ရီဒါအလယ်ပိုင်းခရိုင် အမေရိကန်ရှေ့နေ အေလီဘန့်လေးက ပြောကြားခဲ့သည်။

**ရိုက်တာ။**

ပြည်တွင်းရေးရာ

# ဟဲဟိုးလေဆိပ်နှင့် လွိုင်ကော်လေဆိပ် တည်ဆောက်ရေးလုပ်ငန်းစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၅**

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်သည် ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ ဟဲဟိုးလေဆိပ်သို့ သွားရောက်၍ လေဆိပ်တိုးချဲ့ခြင်းနှင့် မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းတို့ကို စစ်ဆေးသည်။

ဟဲဟိုးလေဆိပ်သည် နိုင်ငံခြားသားခရီးသည် အဝင်၊ အထွက်များပြားသော လေဆိပ်ဖြစ်သည့်အလျောက် တစ်လလျှင် ခရီးသည် အဝင်၊ အထွက်ပျမ်းမျှ ၂၀၀၀၀ ခန့်ရှိသည့်အတွက် လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်း၊ လေဆိပ်အဆောက်အအုံ တိုးချဲ့ခြင်း၊ လေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး လေကြောင်းလမ်းညွှန်ကိရိယာများ တိုးချဲ့တပ်ဆင်ရန် လိုအပ်လျက်ရှိသဖြင့် လေယာဉ်ပြေးလမ်း အရှည် ပေ ၈၅၀၀၊ အကျယ် ပေ ၁၀၀ အား ဘေးနှစ်ဖက်တွင် ၂၅ ပေစီ ကျောက်ကတ္တရာခင်း တိုးချဲ့၍ အကျယ် ပေ ၁၅၀ တိုးချဲ့နေမှုမှာ ၅၀ ရာခိုင်နှုန်းပြီးစီးနေပြီး ဧပြီလတွင် လုပ်ငန်းများပြီးစီးရန် ဆောင်ရွက်နေရာ ပျံသန်းမှုဆိုင်ရာ အထောက်အကူပြု လေကြောင်းလမ်းညွှန် D-VOR စက်ကိရိယာ တပ်ဆင်ခြင်းလုပ်ငန်းများကို ဂျပန်နိုင်ငံ JICA အကူအညီဖြင့် တည်ဆောက်လျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း တပ်ဆင်အသုံးပြုနိုင်မည်ဖြစ်သည်။

ယခင်က အစိုးရပိုင် မြန်မာ့လေကြောင်း လေယာဉ်များသာ လေဆိပ်သို့ ဆင်းသက်ခဲ့သော်လည်း ယခုအခါ ပုဂ္ဂလိကလေကြောင်းလိုင်းများဖြစ်သော Air Bagan, Asian Wings, Air Mandalay, Air KBZ, Yangon Airways, Mann Yadanarpon, Golden Myanmar တို့မှ လေယာဉ်များ ဆင်းသက်လျက်ရှိပြီး Air KBZ အနေဖြင့် ဟဲဟိုးလေဆိပ်ကို အခြေပြု၍ ရန်ကုန်၊ တာချီလိတ်၊ ညောင်ဦး၊ မန္တလေးမြို့များသို့ ပြေးဆွဲရန်စီစဉ်လျက်ရှိသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကယားပြည်နယ် လွိုင်ကော်လေဆိပ်သို့ သွားရောက်ပြီး လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်းလုပ်ငန်း၊ မြေသားပေါ်တွင် ကျောက်ကတ္တရာခင်းခြင်းလုပ်ငန်းနှင့် မြေသားလုပ်ငန်းပြီးစီးမှုတို့ကို စစ်ဆေးပြီး တာဝန်ရှိသူများအား သတ်မှတ်စံချိန်စံညွှန်းနှင့်ကိုက်ညီရေး၊ သတ်မှတ်ကာလအတွင်း ပြီးစီးရေးနှင့် ခရီးသည်များသွားလာမှုလုံခြုံရေး၊ အဆင်ပြေချောမွေ့စေရေး၊ လေဆိပ် သန့်ရှင်းသာယာရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**



# မြန်မာနိုင်ငံ၏ လုပ်သားအင်အား ကွင်းဆင်းစစ်တမ်းကောက်ယူ

**နေပြည်တော် ဇန်နဝါရီ ၁၅**

မြန်မာနိုင်ငံလုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီးလုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်းဆန်းစစ်ခြင်းစစ်တမ်း ၂၀၁၅ ကို ILO ၏ အကူအညီဖြင့် ၁-၁-၂၀၁၅ ရက်မှ ၃၁-၃-၂၀၁၅ ရက်အထိ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ အိမ်ထောင်စု ၂၄၀၀၀ ကို ကွင်းဆင်းစစ်တမ်းကောက်ယူလျက်ရှိသည်။ ယင်းစစ်တမ်းမှာ မြန်မာနိုင်ငံ၏ လုပ်သားအင်အား၊ အလုပ်လက်ရှိ၊ အလုပ်လက်မဲ့စသည့် စာရင်းအင်းအချက်အလက်များတို့ကို သိရှိနိုင်မည်ဖြစ်ရာ ရရှိလာမည့်အချက်အလက်များအပေါ် မူတည်၍ မူဝါဒများ၊ ရည်မှန်းချက်များကို ဖော်ထုတ်သတ်မှတ်နိုင်မည်ဖြစ်ကြောင်း။

နိုင်ငံအတွက် မှန်ကန်သောစာရင်းအင်းအချက်အလက်များရရှိနိုင်ရန် လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီးလုပ်ငန်းခွင်ဝင်ရောက်မှုအကူးအပြောင်းဆန်းစစ်ခြင်း စစ်တမ်းကောက်ယူခြင်းကို ပြည်သူများသိရှိပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးအတွက် အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနက နှိုးဆော်ထားကြောင်း သိရသည်။

**(သန်းဦး-လေးမျက်နှာ)**

# အများပြည်သူသို့ အသိပေးပန်ကြားခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်သောသစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းနှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ ၁၇-၁-၂၀၁၅ ရက်နေ့တွင် ရွှေပေါက်ကံ၊ မြောက်ဥက္ကလာပ၊ ဒဂုံ(အရှေ့)၊ ဗိုလ်တထောင်၊ ဒေါပုံ၊ တောင်ဥက္ကလာပ၊ ရန်ကင်း၊ ဗဟန်း၊ လမ်းမတော်၊ လသာ၊ ကမာရွတ်၊ အလုံ၊ ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ ဒဂုံ၊ မရမ်းကုန်း၊ ကြည့်မြင်တိုင်၊ လှိုင်၊ ကျောက်တန်း၊ ဆိပ်ကြီးခနောင်တို၊ ဒလ၊ တွံတေး၊ ရွှေပြည်သာ၊ အင်းစိန်၊ လှိုင်သာယာ၊ လှည်းကူး၊ မှော်ဘီ၊ တိုက်ကြီး၊ ထန်းတပင်မြို့နယ်များ၏ ရပ်ကွက်အချို့ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် ၀၉း၀၀ နာရီမှ ၁၅း၀၀ နာရီအတွင်း သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်ပါသည်။

၃။ ထို့အပြင် ၁၈-၁-၂၀၁၅ ရက်နေ့တွင် လမ်းမတော်၊ စမ်းချောင်း၊ ကမာရွတ်၊ လသာ၊ ဒဂုံ၊ ကြည့်မြင်တိုင်၊ သန်လျင်၊ ရွှေပြည်သာ၊ လှိုင်သာယာ၊ လှည်းကူး၊ ထောက်ကြန့်၊ ဖောင်ကြီး၊ ဥက္ကံ၊ အဖျောက်မြို့နယ်များ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့်စက်မှုဇုန်အချို့တွင် ၀၉း၀၀ နာရီမှ ၁၂း၀၀ နာရီအတွင်းလည်းကောင်း၊ ၁၂း၀၀ မှ ၁၆း၀၀ နာရီအတွင်း ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်ပါသည်။

၄။ ယင်းသို့ ဓာတ်အားပြတ်တောက်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားဖြန့်ဖြူးမှုစနစ်အတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှကင်းဝေးစေရန်၊ ဓာတ်အားစနစ်ပိုမိုစိတ်ချရမှုအတွက် မဖြစ်မနေ ဆောင်ရွက်ရန်လိုအပ်သည့်လုပ်ငန်းဖြစ်ပါသောကြောင့် ဓာတ်အားခေတ္တပြတ်တောက်ခြင်းအား သည်းခံပေးကြပါရန်နှင့် ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် နားလည်ခွင့်လွှတ်ပါရန် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အများပြည်သူသို့လေးစားစွာဖြင့် ပန်ကြားအပ်ပါသည်။

# မကွေးတိုင်းဒေသကြီး ဥပဒေချုပ်နှင့် သရက်ခရိုင်/မြို့နယ် ဥပဒေအရာရှိများ လုပ်ငန်းညှိနှိုင်း

**သရက် ဇန်နဝါရီ ၁၅**

မကွေးတိုင်းဒေသကြီး သရက်မြို့တွင် မကွေးတိုင်းဒေသကြီး ဥပဒေချုပ်နှင့် ခရိုင်/မြို့နယ် ဥပဒေအရာရှိများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၄ ရက် မွန်းလွဲ ၁ နာရီက ခရိုင်ဥပဒေရုံး၌ ကျင်းပခဲ့သည်။

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးဇေယျက ညွှန်ကြားချက်များအားလုံး လိုက်နာဆောင်ရွက်ကြရန်နှင့်ခေတ်မီသော ဥပဒေအရာရှိများ လေ့ကျင့်ပျိုးထောင်ရန်၊ တရားစွဲအမှုလိုက်ဥပဒေအကြံပေးလုပ်ငန်းများအား တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်စေရန် လမ်းညွှန်မှာကြားပြီး သရက်ခရိုင်ဥပဒေအရာရှိ ဦးလှမြင့်က ညွှန်ကြားချက်များဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း တင်ပြဆွေးနွေးခဲ့သည်။

ထို့နောက်ခရိုင်အတွင်း မြို့နယ်ဥပဒေအရာရှိများက မိမိရုံးလုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် ရုံးအသုံးအဆောင်ပစ္စည်းများ၊ လိုအပ်ချက်များကို တင်ပြဆွေးနွေးရာ မကွေးတိုင်းဒေသကြီး ဥပဒေချုပ်မှ ခရိုင်/မြို့နယ် ဥပဒေအရာရှိများ တင်ပြဆွေးနွေးမှုအပေါ် လိုအပ်ချက်များအား ဖြည့်ဆည်းဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**


နိုင်ငံတာဝန်ကျေပွန်ဖို့ရေး
ကျသင့်အခွန်မှန်မှန်ပေး










# အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်း-၂

**တက္ကသိုလ်ဆရာတစ်ဦး**

လွတ်လပ်တရားမျှတပြီး အများယုံကြည်လက်ခံသော ရွေးကောက်ပွဲတစ်ခုကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများတွင် ပြည့်စုံမှန်ကန်သည့် မဲဆန္ဒရှင်စာရင်း ပြုစုခြင်းလုပ်ငန်းသည် အဓိကကျသော လုပ်ငန်းတစ်ခုအဖြစ် ပါဝင်သည်။ ထို့ကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် ပြည့်စုံမှန်ကန်သည့် မဲဆန္ဒရှင်စာရင်းရရှိရန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုခြင်းလုပ်ငန်းကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလမှစတင်၍ အဆင့်(၄)ဆင့်ခွဲ၍ ဆောင်ရွက်လျက်ရှိရာ ပထမအဆင့်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင်ရှိ ဗိုလ်တထောင်မြို့နယ်၊ ပုဇွန်တောင်မြို့နယ်နှင့် ဒေါပုံမြို့နယ်၊ တောင်ပိုင်းခရိုင်ရှိ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ အနောက်ပိုင်းခရိုင်ရှိ ဆိပ်ကမ်းမြို့နယ်၊ ဒဂုံမြို့နယ်၊ လသာမြို့နယ်၊ ကျောက်တံတားမြို့နယ်၊ လမ်းမတော်မြို့နယ်၊ ကမာရွတ်မြို့နယ် စုစုပေါင်း မြို့နယ် ၁၀ မြို့နယ်၌ ၁၃-၁၁-၂၀၁၄ ရက်မှ စတင်ဆောင်ရွက်လျက်ရှိပါသည်။

ဒုတိယအဆင့်အနေဖြင့် နေပြည်တော်ကောင်စီနယ်မြေမှ ဥတ္တရခရိုင်ရှိ တပ်ကုန်း၊ ဇေယျာသီရိ၊ ပုဗ္ဗသီရိ၊ ပျဉ်းမနားမြို့နယ် လေးမြို့နယ်နှင့် ဒက္ခိဏခရိုင်ရှိ ဥတ္တရသီရိ၊ ဇမ္ဗူသီရိ၊ ဒက္ခိဏ၊ လယ်ဝေးမြို့နယ် လေးမြို့နယ်တွင် ၈-၁၂-၂၀၁၄ ရက်မှစတင်ဆောင်ရွက်လျက်ရှိသည့်အလျောက် မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင်ရှိ အောင်မြေသာစံ၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်၊ ပုသိမ်ကြီး၊ အမရပူရမြို့နယ် ခုနစ်မြို့နယ်တွင် ၁၅-၁၂-၂၀၁၄ ရက်မှ စတင်ဆောင်ရွက်လျက်ရှိပါသည်။ ထိုနည်းတူပင် ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင်ရှိ ကလော၊ ညောင်ရွှေ၊ ဖယ်ခုံ၊ ရပ်စောက်၊ တောင်ကြီးမြို့နယ် ငါးမြို့နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဟိုပုန်း၊ ဆီဆိုင်၊ ပင်လောင်းမြို့နယ် သုံးမြို့နယ်နှင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသရှိ ပင်းတယ၊ ရွာငံမြို့နယ် နှစ်မြို့နယ်တွင်လည်း ၂၂-၁၂-၂၀၁၄ ရက်မှ စတင်ဆောင်ရွက်လျက်ရှိသည်သာမက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်ရှိ ပုသိမ်၊ ကံကြီးဒေါင့်၊ သာပေါင်း၊ ငပုတော၊ ကျောင်းကုန်း၊ ရေကြည်၊ ကျုံပျော်မြို့နယ် ခုနစ်မြို့နယ်တွင်လည်း ၂၉-၁၂-၂၀၁၄ ရက်မှ စတင်ဆောင်ရွက်လျက်ရှိပါသည်။

တတိယအဆင့်အနေဖြင့် ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးများ၌လည်းကောင်း၊ ဖေဖော်ဝါရီလတွင် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်၌လည်းကောင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပြီး နောက်ဆုံးစတုတ္ထအဆင့်အနေဖြင့် ၂၀၁၅ ခုနှစ် ဧပြီလတွင် ရခိုင်ပြည်နယ်၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်မှ ကျန်ရှိနေသေးသော မြို့နယ်များ၌လည်းကောင်း အပြီးသတ်ဆောင်ရွက်မည်ဖြစ်ပါသည်။

ယခုမဲစာရင်းများပြုစုရာတွင် မဲဆန္ဒရှင် အမျိုးအစား လေးမျိုးတွေ့ရှိရပါသည်။ ပထမအမျိုးအစားမှာ လက်ရှိနေထိုင်သည့် မြို့နယ်တွင် အိမ်ထောင်စုစာရင်း(အိမ်ထောင်စုလူဦးရေစာရင်း-ပုံစံ ၆၆/၆ ဖြစ်ပါသည်။ အချို့က သန်းခေါင်စာရင်းဟု နှုတ်ကျိုးနေကြပါသည်။)ရှိသူများဖြစ်ကြပြီး ဒုတိယအမျိုးအစားမှာမူ အိမ်ထောင်စုစာရင်းရှိသော်လည်း ယင်းအိမ်ထောင်စုစာရင်းသည် လက်ရှိနေထိုင်သည့် မြို့နယ်မှမဟုတ်ဘဲ ယခင်နေထိုင်ခဲ့သော မြို့နယ်မှ အိမ်ထောင်စုစာရင်းရှိသူများဖြစ်ပါသည်။ တတိယအမျိုးအစားမှာ မှတ်ပုံတင်(နိုင်ငံသားစိစစ်ရေးကတ်/အမျိုးသားမှတ်ပုံတင်ကတ်-သုံးခေါက်ချိုး/ဧည့်နိုင်ငံသားကတ်/ပြုနိုင်ငံသားကတ်/ယာယီသက်သေခံလက်မှတ်- White Card)ရှိသော်လည်း အိမ်ထောင်စုစာရင်းမရှိသူများဖြစ်ကြပြီး စတုတ္ထအမျိုးအစားမှာမူ မှတ်ပုံတင်ရော အိမ်ထောင်စုစာရင်းပါ မရှိသူများဖြစ်ကြပါသည်။

ပထမအမျိုးအစား မဲဆန္ဒရှင်များ၏ အိမ်ထောင်စုစာရင်းသည် လက်ရှိနေထိုင်သည့် မြို့နယ်မှဖြစ်သဖြင့် ၎င်းတို့၏ အိမ်ထောင်စုစာရင်းတွင် ပါဝင်သူများအနက် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၃၀ ရက်က အသက် ၁၈ နှစ်ပြည့်ပြီးသူများ(ရွေးကောက်ပွဲဥပဒေအရ မဲပေးပိုင်ခွင့်မရှိသူများမှအပ)ကို လက်ရှိနေထိုင်သည့် မြို့နယ်မဲစာရင်းတွင် ထည့်သွင်းပေးမည်ဖြစ်ပါသည်။ ယင်းအိမ်ထောင်စုဝင်များအနက် နိုင်ငံခြားသို့ ရောက်ရှိနေသူများရော၊ ပြည်တွင်းရှိ အခြားဒေသတစ်ခုခုသို့ ရောက်ရှိနေသူများ (ထိုဒေသများသို့ ရောက်ရှိနေသည်မှာ မည်မျှပင်ကြာသည်ဖြစ်စေ)ကိုပါ မဲစာရင်းတွင် ထည့်သွင်းပေးမည်ဖြစ်ပါသည်။ သို့ရာတွင် နိုင်ငံခြားသို့ ရောက်ရှိနေသူများအနက် ယင်းနိုင်ငံ၏ နိုင်ငံသား (Citizen)အဖြစ် ခံယူပြီးသူများကိုမူ မဲစာရင်းတွင် ထည့်သွင်းမည်မဟုတ်ပါ။ ၎င်းတို့သည် မြန်မာနိုင်ငံသား မဟုတ်တော့ခြင်းကြောင့်ဖြစ်ပါသည်။ (မှတ်ချက်-ယာယီ အိမ်ထောင်စုစာရင်းသည် ခေတ္တလာရောက်နေထိုင်သူများအား ယာယီထုတ်ပေးထားသည့် ဧည့်စာရင်းပင်ဖြစ်သဖြင့် ၎င်းတို့အား မဲစာရင်းတွင် ထည့်သွင်းပေးမည်မဟုတ်ပါ။)

ဒုတိယအမျိုးအစား မဲဆန္ဒရှင်များသည် လက်ရှိနေထိုင်သည့်မြို့နယ်၌ အိမ်ထောင်စုစာရင်းမရှိခြင်းကြောင့် ၎င်းတို့၏ အမည်များကို မဲစာရင်းတွင် ထည့်သွင်းမည်မဟုတ်ပါ။ ၎င်းတို့၏ အမည်များသည် အိမ်ထောင်စုစာရင်းရှိသည့်မြို့နယ်မှ မဲစာရင်းတွင်သာ ပါဝင်မည်ဖြစ်ပါသည်။ ဥပမာအလုံမြို့နယ်တွင် ယခင်က ကြာမြင့်စွာ နေထိုင်ခဲ့သည့် အိမ်ထောင်စုတစ်စုသည် အလုံမြို့နယ်မှ ကမာရွတ်မြို့နယ်၊ ကမာရွတ်မြို့နယ်မှ မြောက်ဥက္ကလာပမြို့နယ်သို့ ပြောင်းရွှေ့နေထိုင်ခဲ့သော်လည်း အိမ်ထောင်စုစာရင်းကို မပြောင်းရွှေ့ဘဲထားလျှင် ယခုလက်ရှိနေထိုင်သည့် မြောက်ဥက္ကလာပမြို့နယ် မဲစာရင်းတွင် ၎င်းတို့အမည်များသည် ပါဝင်မည်မဟုတ်ဘဲ အိမ်ထောင်စုစာရင်းရှိသည့် အလုံမြို့နယ်မှ မဲစာရင်းတွင်သာ ပါဝင်မည်ဖြစ်ပါသည်။ ထိုသူများသည် အလုံမြို့နယ်ရှိ ယခင်မိမိနေထိုင်ခဲ့သော ရပ်ကွက် (ဥပမာ-ဆင်မင်းရပ်ကွက်)မှ မဲစာရင်းကြေညာသည့်အချိန်တွင် မဖြစ်မနေသွားရောက်ကြည့်ရှုရန် အရေးကြီးပါသည်။ ကိုယ်တိုင်မကြည့်ရှုနိုင်ပါကလည်း ဆွေမျိုးမိတ်သင်္ဂဟများမှ တစ်ဆင့် စုံစမ်းသင့်ပါသည်။ မိမိတို့၏ အမည်မပါဝင်ပါက ပုံစံ(၃)ဖြင့် လျှောက်ထားရန်ဖြစ်ပါသည်။ မိမိတို့၏ အမည်သည် အလုံမြို့နယ် ဆင်မင်းရပ်ကွက်မှ မဲစာရင်းတွင် ပါရှိမှသာ မဲပေးပိုင်ခွင့်မဆုံးရှုံးမည်ဖြစ်ပါသည်။ ၎င်းတို့အနေဖြင့် ရွေးကောက်ပွဲကျင်းပမည့်အကြောင်း ကြေညာသည့်အခါ ယခင်နေထိုင်ခဲ့သည့် အလုံမြို့နယ်၌ မဲပေးလိုက သွားရောက်၍ မဲပေးနိုင်ပါသည်။ ဤသို့မဟုတ်ဘဲ လက်ရှိနေထိုင်လျက်ရှိသော မြောက်ဥက္ကလာပ၌ပင် မဲပေးလိုပါက ပုံစံ-၃-က (ရက်ပေါင်း ၁၈၀ ကျော် ခေတ္တနေထိုင်သူများ အသုံးပြုသည့်ပုံစံ)ဖြင့် ရွေးကောက်ပွဲမကျင်းပမီ ရက်ပေါင်း ၃၀ ထက် နောက်မကျစေဘဲ ရပ်ကျေးကော်ခွဲရုံးသို့ လျှောက်ထားပြီး မဲပေးနိုင်ပါသည်။

ယခုဖော်ပြပါ ဒုတိယအမျိုးအစား မဲဆန္ဒရှင်များကို နေပြည်တော် ဇမ္ဗူသီရိမြို့ရှိ ဝန်ထမ်းအိမ်ရာများတွင် အများအပြားတွေ့ရှိရပါသည်။ ၎င်းတို့သည် တာဝန်အရ နေပြည်တော်သို့ ပြောင်းရွှေ့လာကြသော်လည်း အိမ်ထောင်စုစာရင်းကိုမူ နေပြည်တော်သို့ မပြောင်းရွှေ့ဘဲ ထားကြသဖြင့် ၎င်းတို့အမည်များသည် ဇမ္ဗူသီရိမြို့နယ် မဲစာရင်းတွင် ပါဝင်မည်မဟုတ်ပါ။ (ဝန်ထမ်းအများစုနေထိုင်သည့် ဇမ္ဗူသီရိမြို့မှ ကံ့ကော်အိမ်ရာ၊ ခရေအိမ်ရာ၊ ပိတောက်အိမ်ရာ၊ သပြေနှင့်သဇင် အပျိုဆောင်၊ လူပျိုဆောင်များတွင် နမူနာကောက်ယူခဲ့ရာ နေထိုင်သူများ၏ ၅ ရာခိုင်နှုန်းခန့်သာ ဇမ္ဗူသီရိမြို့နယ်တွင် အိမ်ထောင်စုစာရင်းရှိသူများဖြစ်သည်ကို တွေ့ရှိရပါသည်။) ၎င်းတို့၏ အိမ်ထောင်စုစာရင်းရှိသည့် မြို့နယ်မှ ယခင်နေထိုင်ခဲ့သည့် ရပ်ကွက်မဲစာရင်းတွင် ပါဝင်မည်ဖြစ်ပါသည်။ ၎င်းတို့သည်လည်း ယခင်မိမိ၏ရပ်ကွက်မှ မဲစာရင်းများ ကြေညာသည့်အချိန်တွင် မိမိတို့၏ အမည်မဲစာရင်းတွင် ပါ၊ မပါ မဖြစ်မနေ စုံစမ်းသင့်ပါသည်။ ရွေးကောက်ပွဲကျင်းပမည့်အကြောင်း ကြေညာသည့်အခါ ၎င်းတို့အနေဖြင့် **လက်ရှိနေထိုင်လျက်ရှိသည့် နေပြည်တော်တွင် မဲပေးလိုပါက ပုံစံ(၃-က)ဖြင့် လျှောက်ထားပြီး မဲပေးနိုင်ပါသည်။ ရန်ကုန်သို့ပြန်၍ မဲပေးမည်ဆိုပါကလည်း ပေးနိုင်ပါသည်။ မိမိတို့၏ ဆန္ဒအတိုင်းသာဖြစ်ပါသည်။**

> **ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၊ အစိုးရဌာနများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ မီဒီယာများ၊ စောင့်ကြည့်လေ့လာသူများ၊ ရွေးကောက်ပွဲတွင် ပါဝင်ပတ်သက်သူများ (Stakeholders) နှင့် မဲဆန္ဒရှင်များ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြခြင်းဖြင့် ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန် သို့မဟုတ် နိုဝင်ဘာလဆန်းတွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲသည် လွတ်လပ်တရားမျှတပြီး အများယုံကြည်လက်ခံသော ရွေးကောက်ပွဲဖြစ်နိုင်ပါမည်။**

တတိယအမျိုးအစား မဲဆန္ဒရှင်များသည် မှတ်ပုံတင်ရှိသော်လည်း အိမ်ထောင်စုစာရင်း မရှိသူများဖြစ်ပါသည်။ ၎င်းတို့၏ အမည်စာရင်းသည် ရပ်ကွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးရုံးရှိ လူဦးရေစာရင်းစာအုပ်တွင် ပါရှိပြီးဖြစ်သဖြင့် အသက် (၁၈)နှစ်ပြည့်သူများအား (ရွေးကောက်ပွဲဥပဒေအရ မဲပေးပိုင်ခွင့် မရှိသူများမှအပ) မဲစာရင်းတွင် ထည့်သွင်းပေးမည်ဖြစ်ပါသည်။

စတုတ္ထအမျိုးအစား မဲဆန္ဒရှင်များသည် မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း နှစ်မျိုးစလုံး မရှိသူများဖြစ်ပါသည်။ မိမိတို့၏ ရပ်ကွက်/ကျေးရွာအုပ်စုတွင် မွေးဖွားကြီးပြင်းကာ တိုင်းရင်းသားမိဘနှစ်ပါး (ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ ရခိုင်၊ ရှမ်း)မှ မွေးဖွားသည့် တိုင်းရင်းသားဖြစ်ပြီး ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် (၁၈)နှစ် ပြည့်ပြီးသူဖြစ်ကြောင်း "ရပ်ကွက်၊ ကျေးရွာအုပ်စု အထောက်အကူပြုကော်မတီ"က ထောက်ခံသည့်သူများအား ရပ်ကျေးကော်ခွဲက စိစစ်ပြီး မဲစာရင်းတွင်ထည့်သွင်းပေးမည်ဖြစ်ပါသည်။

မဲစာရင်းများ ပြုစုပြီးသည့်အခါ မဲဆန္ဒရှင်များ သိရှိစေရေးအတွက် မဲစာရင်းများကို မြို့နယ်များအလိုက် ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများနှင့် လူစည်ကားသည့်နေရာများတွင် ၁၄ ရက်တိုင်တိုင် ကပ်ထားကြေညာမည်ဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီးတွင် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်တွင် စတင်ကြေညာမည်ဖြစ်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ကြေညာသွားမည်ဖြစ်ရာ ၂၀၁၅ ခုနှစ် ဇွန်လလယ်တွင် ပြီးစီးနိုင်ရန် လျာထားပါသည်။

(၃-၁၁-၂၀၁၄)ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ပါရှိခဲ့သော **"အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်း"** ဆောင်းပါးတွင် ဖော်ပြထားသည့်အတိုင်း မဲစာရင်းများ ကြေညာသည့်အခါတွင် မဲဆန္ဒရှင်များအနေဖြင့် သွားရောက်ကြည့်ရှုကြပြီး မိမိအမည်နှင့်မိမိ၏ မိသားစုဝင်တစ်ဦးဦး အမည်မဲစာရင်းတွင် မပါရှိပါက တောင်းဆိုလွှာပုံစံ(၃)ဖြင့်ရပ်ကျေးကော်ခွဲထံ တောင်းဆိုရန်ဖြစ်ပြီး မဲစာရင်းတွင် ဖော်ပြထားသော မိမိနှင့်မိမိ၏ မိသားစုဝင်များ၏ အမည်များနှင့်အချက်အလက်များ ကွဲလွဲနေပါက ပြင်ဆင်လွှာ ပုံစံ(၄-ဂ)ဖြင့် လျှောက်ထားရန်ဖြစ်ပါသည်။ ထို့ပြင် ကွယ်လွန်ပြီးဖြစ်သော မိမိ၏မိသားစုဝင် တစ်ဦးဦး မဲစာရင်းတွင် ပါရှိနေလျှင်သော်လည်းကောင်း၊ ရွေးကောက်ပွဲဥပဒေအရ မဲပေးပိုင်ခွင့်မရှိသူများ ပါဝင်နေလျှင်သော်လည်းကောင်း ကန့်ကွက်လွှာပုံစံ(၄)ဖြင့် ကန့်ကွက်နိုင်ရန်ဖြစ်ပါသည်။ ဤသို့ ဆောင်ရွက်ခြင်းများကို မဲစာရင်းများ ကပ်ထားကြေညာသည့်နေ့မှစ၍ (၁၄)ရက်အတွင်း အချိန်မီ မဖြစ်မနေ ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

မဲစာရင်းများ ကပ်ထားကြေညာသည့်အခါ မဲဆန္ဒရှင်များ လာရောက်ကြည့်ရှုစေရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မီဒီယာများမှ လှုံ့ဆော်မည်ဖြစ်ပါသည်။ ယခုကဲ့သို့ လှုံ့ဆော်ရာတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ရုပ်ရှင်ဂီတအနုပညာရှင်များနှင့် မီဒီယာများကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည်ဖြစ်ပါသည်။ မဲစာရင်းများကပ်ထားမကြေညာမီ အနည်းဆုံးနှစ်ပတ်စော၍ လှုံ့ဆော်မည်ဖြစ်ပါသည်။

မဲဆန္ဒရှင်များ၏ လျှောက်ထား၊ ကန့်ကွက်ချက်များကိုစိစစ်၍ ရပ်ကျေးကော်ခွဲက ဖြည့်စွက်၊ ပြင်ဆင်၊ ပယ်ဖျက်ပြီးဖြစ်သည့် မဲစာရင်းများကို မြို့နယ်များအလိုက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးချုပ်တွင် ရှိသော Server တွင် သိမ်းဆည်းထားရှိမည်ဖြစ်ပါသည်။ ၂၀၁၅ ခုနှစ် ဇူလိုင်လ သို့မဟုတ် ဩဂုတ်လတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကျင်းပမည့် နေ့ရက်ကို ကြေညာပြီးသည့်အခါ၌ ဖော်ပြပါမဲစာရင်းများကို ရပ်ကွက်၊ ကျေးရွာအုပ်စု အသီးသီးတွင် ခုနစ်ရက်တိုင်တိုင် ထပ်မံကြေညာပေးမည်ဖြစ်ပါသည်။ ထိုအချိန်၌ ကြေညာခြင်းသည် မဲဆန္ဒရှင်များအတွက် နောက်ဆုံးအခွင့်အရေးဖြစ်သောကြောင့် မဲစာရင်းများကို မဖြစ်မနေသွားရောက်ကြည့်ရှုကြရန် အလွန်အရေးကြီးပါသည်။ မိမိ၏မဲဆန္ဒနယ်မှ ရပ်ဝေးသို့ရောက်ရှိနေသူ များနှင့် နိုင်ငံခြားသို့ ရောက်ရှိနေသူများအတွက် Online မှလည်းကောင်း၊ လက်ကိုင်ဖုန်းများမှ လည်းကောင်း မဲစာရင်းတွင် မိမိတို့အမည် ပါ၊ မပါ စုံစမ်းသိရှိနိုင်စေရေးအတွက် ရွေးကောက်ပွဲကော်မရှင်က ကြိုးပမ်းအကောင်အထည်ဖော်မည်ဖြစ်ပါသည်။

ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၊ အစိုးရဌာနများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ မီဒီယာများ၊ စောင့်ကြည့်လေ့လာသူများ၊ ရွေးကောက်ပွဲတွင် ပါဝင်ပတ်သက်သူများ (Stakeholders) နှင့် မဲဆန္ဒရှင်များ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြခြင်းဖြင့် ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန် သို့မဟုတ် နိုဝင်ဘာလဆန်းတွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲသည် လွတ်လပ်တရားမျှတပြီး အများယုံကြည်လက်ခံသော ရွေးကောက်ပွဲဖြစ်နိုင်ပါမည်။

## စာစစ်ဌာနခွဲရရှိသည့် ဘော်ဆိုင်းကျေးရွာ

**တောင်ကြီး ဇန်နဝါရီ ၁၅**

ရှမ်းပြည်နယ် ကလောမြို့နယ် ဘော်ဆိုင်းမြို့အထက်တန်းကျောင်းတွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲမှစပြီး ပညာရေးဝန်ကြီးဌာနမှ ၂၀၁၄ ခုနှစ် အောက်တိုဘာလအတွင်းက စာစစ်ဌာနအသစ်အား ခွင့်ပြုခဲ့သဖြင့် ကျေးရွာသူ ကျေးရွာသားများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

ဘော်ဆိုင်းအထက်တန်းကျောင်းတွင် မြို့ပေါ်ရပ်ကွက် ကိုးခု၊ ပတ်ဝန်းကျင်ကျေးရွာ (၁၆)ရွာမှ အထက်တန်း ၁၆၉ ဦး၊ အလယ်တန်း ၄၂၄ ဦး၊ မူလတန်း ၁၀၀၃ ဦး စုစုပေါင်း ၁၅၉၆ ဦး ပညာသင်ကြားနေပြီး ယခုနှစ် တက္ကသိုလ်ဝင်တန်းသို့ ကျောင်းသား ကျောင်းသူ ၈၂ ဦး ဝင်ရောက်ဖြေဆိုကြမည်ဖြစ်သည်။

ယခင်က တက္ကသိုလ်ဝင်တန်းစာမေးပွဲအား ကလောမြို့နှင့် ဟဲဟိုးမြို့စာစစ်ဌာနများသို့ သွားရောက်ဖြေဆိုနေရာမှ ယခုကဲ့သို့ မိမိတို့မြို့တွင် ဖြေဆိုခွင့်ရရှိသဖြင့် အချိန်၊ ငွေကြေးပိုမိုသက်သာသဖြင့် စာစစ်ဌာနရရှိအောင် ကူညီပံ့ပိုးသူများအား ကျေးဇူးတင်လျက်ရှိကြောင်း သတင်းရရှိသည်။ **(နိုင်ထွန်း-TGI)**

ပြည်တွင်းရေးရာ

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဒေါက်တာခိုင်မြဲ ပါမောက္ခချုပ် ရန်ကုန်အနောက်ပိုင်း တက္ကသိုလ် ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့ ဦးစီးဌာန ပညာရေးဝန်ကြီးဌာန |
| (ခ) | ဒေါက်တာမျိုးသိမ်းကြီး ညွှန်ကြားရေးမှူးချုပ် မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့ဦးစီးဌာန ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပညာရေးဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးကျော်မင်းဦး ဒုတိယညွှန်ကြားရေးမှူးချုပ် ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာန လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာန လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (ခ) | ဦးညွှန့်အောင် ဒုတိယညွှန်ကြားရေးမှူးချုပ် ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန |
| (ဂ) | ဒေါက်တာဒေါ်ခင်နိုင်ဦး ဒုတိယပါမောက္ခချုပ် ရန်ကုန်စီးပွားရေးတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ် ရန်ကုန်စီးပွားရေးတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန |
| (ဃ) | ဒေါက်တာကျော်ကျော်ခေါင် ဒုတိယပါမောက္ခချုပ် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန |
| (င) | ဒေါက်တာဒေါ်စီစီလှဘူး ဒုတိယပါမောက္ခချုပ် မြိတ်တက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ် မြိတ်တက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန |
| (စ) | ဒေါက်တာစောပြုံးနိုင် ဒုတိယပါမောက္ခချုပ် စစ်ကိုင်းပညာရေးတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ် စစ်ကိုင်းပညာရေးတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန |
| (ဆ) | ဒေါက်တာကိုကိုကျော်စိုး ဒုတိယပါမောက္ခချုပ် မိတ္ထီလာတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ် မိတ္ထီလာတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန |
| (ဇ) | ဒေါက်တာသန်းဝင်း ဒုတိယပါမောက္ခချုပ် ကလေးတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ် ကလေးတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန |
| (ဈ) | ဒေါက်တာအောင်ဝင်းကြည် ဒုတိယပါမောက္ခချုပ် လှိုင်ကော်တက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ် လှိုင်ကော်တက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန |
| (ည) | ဒေါက်တာကြည်ရွှင် ဒုတိယပါမောက္ခချုပ် ဗန်းမော်တက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ် ဗန်းမော်တက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန |
| (ဋ) | ဒေါက်တာဇော်မြင့် ဒုတိယညွှန်ကြားရေးမှူးချုပ် မြန်မာစာအဖွဲ့ဦးစီးဌာန ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် မြန်မာစာအဖွဲ့ဦးစီးဌာန ပညာရေးဝန်ကြီးဌာန |
| (ဌ) | ပါမောက္ခဒေါက်တာအေးထွန်း ပါမောက္ခ/ဌာနမှူး ဆေးပညာဌာန ဆေးတက္ကသိုလ်(မကွေး) ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ် ဆေးတက္ကသိုလ်(မကွေး) ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန |
| (ဍ) | ပါမောက္ခဒေါက်တာဇော်ဝေစိုး ပါမောက္ခ/ဌာနမှူး အရေးပေါ်ကုသမှုဆေးပညာဌာန ဆေးတက္ကသိုလ်(၁)ရန်ကုန် ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ် ဆေးတက္ကသိုလ်(၂)ရန်ကုန် ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန |
| (ပ) | ဦးယဉ်ဇော်မျိုး အထွေထွေမန်နေဂျာ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ် ဘဏ္ဍာရေးဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် ဘဏ္ဍာရေးဝန်ကြီးဌာန |
| (ဏ) | ဦးထွန်းသန်း ဒုတိယညွှန်ကြားရေးမှူးချုပ် လူမှုဖူလုံရေးအဖွဲ့ အလုပ်သမား၊အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် လူမှုဖူလုံရေးအဖွဲ့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန |
| (တ) | ဦးမျိုးတင့် ဒုတိယညွှန်ကြားရေးမှူးချုပ် (လေ့ကျင့်/သုတေသန) ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး | ညွှန်ကြားရေးမှူးချုပ် ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး |
| (ထ) | ဒေါ်အေးအေးကြည်သက် ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံရေးရာ) ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး | ညွှန်ကြားရေးမှူးချုပ် ပြည်ထောင်စု တရားစီရင်ရေးကြီးကြပ်မှုရုံး |

## (၆၃)ကြိမ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပ

**လွိုင်ကော် ဇန်နဝါရီ ၁၅**

(၆၃)ကြိမ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ်အထူးအစီအစဉ်အဖြစ် ဇန်နဝါရီ ၁၄ ရက်က ကယားပြည်နယ်တစ်ပတ် လေယာဉ်ခရီးစဉ်ကို စတင်ပြေးဆွဲရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးက ခရီးစဉ်တွင်လိုက်ပါမည့် လေ့လာရေးခရီးသွား တိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စကားပြောကြားသည်။ အဆိုပါ ကယားပြည်နယ်တစ်ပတ်လေယာဉ်ခရီးစဉ်တွင် ကယားပြည်နယ်အတွင်းရှိ မြို့နယ်များ၏ သဘာဝအလှများကို ဝေဟင်ပေါ်မှ ကြည့်ရှုခံစားလေ့လာနိုင်မည်ဖြစ်ကြောင်းသိရသည်။

(၆၃)ကြိမ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် မီနီမာရသွန်ပြိုင်ပွဲကို နံနက် ၆ နာရီက ဒီမောဆိုမြို့ အထကကျောင်းရှေ့မှ စတင်တာလွှတ်ရာ လွိုင်ကော်မြို့ ကန္ဒရဝတီကျောင်းသားအားကစားပွဲတော်ကွင်းရှေ့မှုခ်ဦး၌ ပန်းဝင်ခဲ့ကြသည်။ ဆုရရှိသူများကို ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးသန်းကျော်စိုးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးအောင်နိုင်ဦးတို့က ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။ အဆိုပါ မီနီမာရသွန်ပြိုင်ပွဲတွင် အားကစားသမား ၄၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး နံနက် ၁၀ နာရီခွဲတွင် (၆၃)ကြိမ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် တိုက်ကွမ်ဒိုအားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ ပြည်နယ်ဝန်ကြီးများ တက်ရောက်ပြီး ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ထို့နောက် မွန်းလွဲ ၂ နာရီခွဲတွင် ကန္ဒရဝတီကျောင်းသားအားကစားကွင်းကြက်တောင်အားကစားရုံ၌ ပြုလုပ်သော ကရာတေးဒိုပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ ပြည်နယ်ဝန်ကြီးများ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ယင်းနောက် (၆၃)ကြိမ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ သုံးချီအထူးကြားပွဲ၊ လေးချီစိန်ခေါ်ပွဲ၊ ငါးချီစိန်ခေါ်ပွဲများကို ကန္ဒရဝတီကျောင်းသားအားကစားပွဲတော်ကွင်း၌ ပြုလုပ်ခဲ့ကြောင်းနှင့် ဘော်လီဘောပြိုင်ပွဲ၊ ဘတ်စကတ်ဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ပြေးခုန်ပစ်ပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲ၊ စစ်တုရင်ပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲများ ဆက်လက်ကျင်းပလျက်ရှိကြောင်း သိရသည်။

**(ပြည်နယ်ပြန်/ဆက်)**

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၁၆-၁-၂၀၁၅ (သောကြာနေ့)

၆း၀၀ အဖွင့်
-လွင်မိုးခရီးသွားနေသည်
(မြိတ်ကျွန်းစုများဆီသို့)
(အပိုင်း-၅)
၆း၃၀ ဝတ်မှုံတေးဂီတဖျော်ဖြေခန်း
(အပိုင်း-၁)
၆း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ
"ဒဏ္ဍာရီထဲကတေးကဗျာ"
(အပိုင်း-၁၂)
၇း၂၀ ရောင်စုံရေးသီတေးပန်းချီ
၇း၃၅ ဝတ်စားဆင်ယင်မှုပြပွဲ
(ပါတိတ်ဥယျာဉ်)
၇း၄၅ နိုင်ငံခြားဇာတ်လမ်းတွဲ
"ခေတ်တစ်ခေတ်ရဲ့ကြေးမုံသွင်"
(အပိုင်း-၂၃)
၈း၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ
"ခေတ်တစ်ခေတ်ရဲ့ကြေးမုံသွင်"
(အပိုင်း-၂၄)
၉း၂၀ တေးဂီတအစီအစဉ်
၉း၄၀ ပြည်သူ့နီတိ
"အချက်မသိတော့"
၁၀း၀၀ ASEAN China Cultural Show (Singapore)
၁၀း၁၅ မြန်မာဗီဒီယိုဇာတ်လမ်း
"နှုတ်မဆက်တမ်း"
(အောင်ရဲလင်း၊ အိန္ဒြာကျော်ဇင်)
(ဒါရိုက်တာ-ကြည်ဖြူသျှင်)

**တစ်နေ့ ၆ နာရီစာ လေးကြိမ် ပြသပါမည်။**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၆-၁-၂၀၁၅ (သောကြာနေ့)

၅း၀၀ ပဌာန်းပါဠိတော်+ အာဋာနာဋိယသုတ်
၅း၂၀ MRTV-4 သတင်း
၈း၃၅ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ
၉း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ကျွန်တော့်ရဲ့နှလုံးသား"
(အပိုင်း-၈၁)
၉း၄၅ အနုပညာမိုးကောင်းကင်
၁၀း၀၀ ခေတ်သစ်ပျိုမေ
၁၀း၅၀ ရန်ကုန်မြင်ကွင်းကျယ်
၁၁း၀၀ Food & Decor
၁၁း၃၀ MRTV-4 Stage
၁၂း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"နတ်ဆေးသမားတော်"
(အပိုင်း-၅၈)
၁၂း၃၅ နုယဉ်ဆန်းထွင်ပန်းအလှဆင်
(ကညာပျိုပန်းထိုးနည်း)
၁း၀၀ "လောကသားတို့အတွက် မြတ်ဗုဒ္ဓ၏ ကြိုးပမ်းချက်"
(အပိုင်း-၅၁) တရားတော်
[ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ]
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ
"ပန်းနုသွေး"(အပိုင်း-၈)
၃း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ပန်းနှစ်ပွင့်ရဲ့ဒဏ္ဍာရီ"
(အပိုင်း-၁၁၃)
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ပန်းနှစ်ပွင့်ရဲ့ဒဏ္ဍာရီ"
(အပိုင်း-၁၁၄)
၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ
"ပန်းနုသွေး"(အပိုင်း-၉)
၈း၀၀ MRTV-4 သတင်း
၈း၁၀ ရသစုံညွှန်းတမ်းများ
၈း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ကျွန်တော့်ရဲ့နှလုံးသား"
(အပိုင်း-၈၂)
၉း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"နတ်ဆေးသမားတော်"
(အပိုင်း-၅၉)
၃း၂၀ Movie Talk
[ကလေးသရုပ်ဆောင်များ (အပိုင်း-၁)]
၄း၃၀ သာသနာတော်ထွန်းကား အလှတရားဖြာဝေ ထားဝယ်မြေ

### နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုး ဆက်လက်ရွာမည်။

### နေရာကွက်ကျားမိုးရွာနိုင်

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။

### ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

## ပြည်တွင်းရေးရာ

●ကျောဖုံးမှ

ရည်ရွယ်ချက်ဖြင့် တန်ဖိုးနည်းအိမ်ရာများကို ဖော်ထုတ်တည်ဆောက်နေရခြင်းဖြစ်ကြောင်း သိရသည်။

တန်ဖိုးနည်းအိမ်ရာစီမံကိန်းဆိုသည်မှာ အမြတ်အစွန်းကို ဦးတည်လုပ်ဆောင်သော စီမံကိန်းမဟုတ်သည့်အတွက် ပုဂ္ဂလိကကဏ္ဍမှ ပါဝင်ဆောင်ရွက်ရန် ခက်ခဲကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ကိုယ်စား ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက တစ်ဖက်တစ်လမ်းမှ တာဝန်ယူတည်ဆောက်ပေးရခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ ရန်ကုန်မြို့တွင် နိုင်ငံ့လူဦးရေ၏ ၁၀ ရာခိုင်နှုန်း(လူဦးရေ ခုနစ်သန်းခန့်) အထိ နေထိုင်လျက်ရှိသည်။ ကျေးလက်ဒေသပြည်သူများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါများသည့် ရန်ကုန်မြို့သို့ လာရောက်အလုပ်လုပ်ကိုင်ခြင်း၏ အကျိုးဆက်သည် မြို့ပြကြီးထွားမှုကို ဦးတည်လာခဲ့ပြီး အိမ်ရာလိုအပ်ချက်သည်လည်း မြင့်တက်လာခဲ့သည်။

ထိုသို့အိမ်ရာလိုအပ်ချက်များကို တာဝန်ယူ ဖြေရှင်းပေးနေသည်များနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူအချို့နှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

**ဦးမင်းအောင်အေး**
**(လက်ထောက်ညွှန်ကြားရေးမှူး၊ စီမံကိန်းဌာနခွဲ၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန)**

"အိမ်ရာလိုအပ်ချက်နဲ့ ပတ်သက်ပြီး နိုင်ငံ့ဝန်ထမ်းတွေနဲ့ ဝင်ငွေနည်းပြည်သူတွေအတွက် အဓိကထား ဖြေရှင်းပေးနေတာပါ။ လောလောဆယ် ရန်ကုန်မှာပဲ အိမ်ရာစီမံကိန်းတွေလုပ်နေတာလားဆိုတဲ့ မေးခွန်းတွေ မေးတာတွေရှိပါတယ်။ အခြားတိုင်းဒေသကြီးတွေနဲ့ ပြည်နယ်တွေမှာလည်း အရင်က ရှိပြီးသား ဟောင်းနွမ်းအိမ်ရာတွေကို အသစ်ပြုပြင်တည်ဆောက်ပေးနေတဲ့အပြင် လိုအပ်တဲ့အိမ်ရာတွေကိုလည်း ပြန်လည်ဖြည့်ဆည်းပေးနေပါတယ်။

အခုဆိုရင် မန္တလေးမှာ မြရည်နန္ဒာစီမံကိန်းကို အပိုင်းနှစ်ပိုင်းခွဲပြီး လုပ်နေတဲ့အပြင် မကွေးတိုင်းဒေသကြီးမှာလည်း အိမ်ရာလိုအပ်ချက်တွေ ဖြည့်ဆည်းပေးနေပါတယ်။ ပုသိမ်မှာလည်း ညှိနှိုင်းပေါင်းစပ် လုပ်ဆောင်ဖို့ စီစဉ်နေသလို စစ်ကိုင်းတိုင်းဒေသကြီးမှာလည်း လုပ်ဆောင်နေပါတယ်။"

"အဲဒီလိုလုပ်ဆောင်ရာမှာလည်း လက်ရှိသက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့ လူဦးရေနဲ့ နောင်လာမယ့် နှစ် ၂၀ မှာ တိုးလာမယ့် လူဦးရေကိုတွက်ဆပြီး ဆောင်ရွက်နေတာပါ။ အဲဒီလိုအိမ်ရာလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးလိုက်ခြင်းအားဖြင့် လူနေမှုအဆင့်အတန်းလည်း မြင့်မားလာမှာဖြစ်သလို နေထိုင်မှုအတွက်



ဦးမင်းအောင်အေး
(လက်ထောက်ညွှန်ကြားရေးမှူး၊ စီမံကိန်းဌာနခွဲ၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန)

စိတ်အေးသွားရတဲ့အတွက် အလုပ်ကိုတစိုက်မတ်မတ်လုပ်နိုင်ရင် နိုင်ငံရဲ့ ကုန်ထုတ်လုပ်မှုအတွက်လည်း တစ်ဖက်တစ်လမ်းမှာပါဝင်လာမယ်။ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အပံ့ ဖြစ်လာမယ်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ အိမ်ရာတွေကို အကောင်အထည်ဖော်ပေးနေတာပါ။"

"တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာရှိတဲ့ ဝန်ထမ်းတွေအတွက်လည်း အိမ်ရာတည်ဆောက်ပေးမယ်ဆိုပြီး ဆွေးနွေးခဲ့တာရှိပါတယ်။ အဲဒါကတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် နေတဲ့ဝန်ထမ်းတွေရဲ့ အချိုးအစားကိုတွက်ပြီးတော့မှ သူတို့ဘယ်နေရာမှာ နေထိုင်ချင်တယ်ဆိုတာသဘောထားသတ်မှတ်ပြီး ဝန်ထမ်းတွေအတွက် လိုအပ်တဲ့အိမ်ရာတွေကို အကောင်အထည်ဖော်ဖို့ရှိပါတယ်။ နေပြည်တော်မှာနေတဲ့ ဝန်ထမ်းတွေအတွက် နေပြည်တော်မှာ အိမ်ရာစီမံကိန်းအကောင်အထည်ဖော်ဖို့ကိုတော့ ပြည်ထောင်စုဝန်ကြီးတို့၊ သမ္မတရုံးတို့ကိုတင်ပြပြီးတော့မှ သူတို့ရဲ့ခွင့်ပြုချက်ရမှသာ တည်ဆောက်ရမှာဆိုတော့ အခုလောလောဆယ်တော့ မလုပ်သေးဘူး။

ရန်ကုန်ဒါမှမဟုတ် မန္တလေးမှာ နေတဲ့ဝန်ထမ်းက အငြိမ်းစားယူပြီးရင်လည်း ရန်ကုန်၊ မန္တလေးမှာပဲ အခြေချမယ်ဆိုရင် အဲဒီလိုမျိုး ဝန်ထမ်းတွေအတွက် ဝန်ထမ်းနဲ့ အိမ်ရာလိုအပ်ချက်ကိုလိုက်ပြီး ဆောင်ရွက်ဖို့ စီစဉ်ထားတယ်။ အိမ်ရာတွေကို အရစ်ကျစနစ်နဲ့ ရောင်းချမယ်။ ဝန်ထမ်းဆိုရင် နိုင်ငံ့ဝန်ထမ်းရော ကုမ္ပဏီဝန်ထမ်းပါပါမယ်။ ပင်စင်စားတွေလည်းပါတယ်။ အဲဒီလိုလုပ်နေတဲ့နေရာမှ ဝန်ထမ်းတွေအတွက်ပဲလား၊ ဝင်ငွေနည်းပြည်သူတွေအတွက်ရော မပါဘူးလားဆိုတဲ့ မေးခွန်းတွေမေးလာတာ ရှိပါတယ်။ အဲဒါနဲ့ပတ်သက်ပြီးတော့ ဝန်ထမ်းတွေအတွက်ပဲ လုပ်နေတာ မဟုတ်ပါဘူး။ အခုအိမ်ရာ မူဝါဒရေးဆွဲဖို့ လုပ်နေပါတယ်။ အဲဒါပြီးသွားရင် သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေ့ရဲ့ အိမ်ရာလိုအပ်ချက်အလိုက် လုပ်ဆောင်သွားဖို့ရှိပါတယ်" ဟု ပြောကြားခဲ့သည်။

"အခုရန်ကုန်က ရွှေလင်ပန်းအိမ်ရာဆိုရင် တိုင်းဒေသကြီးအစိုးရကို လွှဲပြီး ဝင်ငွေနည်းနိုင်ငံ့ဝန်ထမ်း၊ ဝင်ငွေနည်းကုမ္ပဏီဝန်ထမ်းနဲ့ ဝင်ငွေနည်းပြည်သူဆိုပြီး အပိုင်းသုံးပိုင်းခွဲမယ်။ ပြီးရင် ပွင့်လင်းမြင်သာမှုရှိရှိဖြစ်အောင် မဲနှိုက်တဲ့အခါ လုပ်သက် ၂၀ လောက်ရှိတဲ့ ဝန်ထမ်းဆိုရင် အခွင့်အရေးပိုများမယ်။ လုပ်သက် ၁၀ နှစ်အောက် ငါးနှစ်ထိရောက်သွားရင် သာမန်ဝင်ငွေနည်းပြည်သူနဲ့ရောပြီး မဲနှိုက်ခွင့်ရမယ်။ အခုတစ်ခါ မဲနှိုက်လို့ မပေါက်ဘူးဆိုရင် နောက်တစ်ခါဆိုတာ သူတို့မှာ အခွင့်အရေးတွေ ရှိပါတယ်။

တရုတ်နိုင်ငံမှာ တောင်အိမ်ရာအတွက် လိုအပ်ချက်ရှိရင် အခုလိုအပ်ရင် အခုမရပါဘူး။ သူတို့လည်း စောင့်ရတာတွေရှိပါတယ်။ ဒီသဘောတရားလေးတွေ သိဖို့လိုပါတယ်။ အိမ်ရာတွေကတော့ အခုမရသေးလည်း လိုအပ်ရင် လိုအပ်သလို ထပ်ပြီးတည်ဆောက်ပေးနေမှာပဲဖြစ်ပါတယ်"ဟု ရှင်းပြခဲ့သည်။

**ဒေါ်မိမိတင်**
**(ညွှန်ကြားရေးမှူး၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန)**

"ဒီလိုမျိုးအိမ်ရာတွေ ဖော်ထုတ်တဲ့နေရာမှာ လူမှုရေးအခြေခံအဆောက်အအုံတွေဖြစ်တဲ့ လမ်းတွေ၊ တံတားတွေ၊ ရေမြောင်းတွေ၊ ဆေးရုံတွေ၊ ရေရရှိရေးတွေ၊ ဓမ္မာရုံတွေ၊ ပန်းခြံတွေ၊ အားကစားကွင်းတွေ အစရှိတဲ့ အခြေခံ အဆောက်အအုံတွေကို အခန်းတန်ဖိုးထဲမှာ ထည့်ထားတဲ့အတွက် သိန်း ၂၀၀၊ ၃၀၀ ဖြစ်သွားရတာပါ။ အခြေခံအဆောက်အအုံပိုင်းကို နိုင်ငံတော်အပိုင်းက တာဝန်ယူမယ်ဆိုရင် နိုင်ငံတော်ဘတ်ဂျက်ထဲက သုံးစွဲမယ်ဆိုရင် တိုက်ခန်းသက်သက်ပဲဆို တန်ဖိုးက သိန်း ၇၀၊ ၈၀ လောက်ပဲ ကျမှာပါ။

နိုင်ငံတိုင်းနိုင်ငံတိုင်းကတော့ ဒီလိုအခြေခံအဆောက်အအုံတွေကိုအစိုးရပိုင်းက တာဝန်ယူဆောင်ရွက်ပေးတဲ့ အလေ့အထရှိပေမယ့် ကျွန်မတို့ နိုင်ငံကတော့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်တဲ့အတွက် အခုလိုမျိုး လူမှုရေးဆိုင်ရာ အခြေခံ အဆောက်အအုံတွေကို တည်ဆောက်ပေးဖို့ မူဝါဒတစ်ရပ်အနေနဲ့ ချမှတ်ထားပေမယ့် လက်တွေ့အကောင်အထည်ဖော်မှု အပိုင်းမှာတော့ အားနည်းနေပါသေးတယ်။ ဒါကြောင့်မို့ အခြေခံအဆောက်အအုံတွေကို အစိုးရပိုင်းက တာဝန်ယူ တည်ဆောက်ပေးဖို့အတွက်လည်း ကြိုးစားနေပါတယ်။

ရန်ကုန်မြို့မှာဆိုရင် ကျူးကျော်အိမ်ရာတွေကို အလုပ်အကိုင်ပေါများတဲ့ စက်မှုဇုန်တွေနဲ့ အနီးပတ်ဝန်းကျင်မှာ တွေ့ရတာ များပါတယ်။ ဥပမာ- ရွှေပြည်သာ၊ လှိုင်သာယာ၊ ဒဂုံဆိပ်ကမ်းဘက်တွေမှာ အများဆုံးတွေ့ရပါတယ်။ ကျူးကျော်အိမ်ဆိုတာက ဒီစက်မှုဇုန်တွေမှာ လာရောက် အလုပ်လုပ်ကိုင်ကြတဲ့လူ တွေအနေနဲ့ ရရှိတဲ့လစာနဲ့ အခန်းတစ်ခန်းငှားဖို့ ခက်ခဲတဲ့အတွက် အလုပ်နဲ့နီးတဲ့နေရာမှာ ၁၀ ပေ ပတ်လည်ယာယီတဲထိုး နေထိုင်ကြတာကို လေ့လာတွေ့ရှိရပါတယ်။"

"ဒါကြောင့် နိုင်ငံတော်အပိုင်းက သင့်တင့်မျှတတဲ့ အကျယ်အဝန်းရှိပြီး မိသားစုတစ်စုကောင်းစွာနေထိုင်နိုင်မယ့် အခန်းမျိုးတွေကို အကောင်အထည်ဖော်ဖို့ ကြိုးစားနေပါတယ်။ ဒါတွေကို လက်ရှိအိမ်ခန်းငှားနေထိုင်တဲ့ အိမ်ခန်းငှားရမ်းခ တန်ဖိုးနဲ့ မကွာတဲ့ အိမ်ရာတွေကိုလည်း ဖော်ဆောင်ဖို့ ရှိပါတယ်။ ဒီလိုအိမ်ရာတွေ တည်ဆောက်တဲ့ နေရာမှာအစိုးရပိုင်းအနေနဲ့ ရေ၊ မီးစတဲ့ အခြေခံအဆောက်အအုံတွေကို



ဒေါ်မိမိတင်
(ညွှန်ကြားရေးမှူး၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန)

ထည့်သွင်းတည်ဆောက် ပေးသွားမှာပါ။"

"ပြည်သူတွေရဲ့ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားစေဖို့ အခြေခံအကျဆုံးဖြစ်တဲ့ မြို့ပြနဲ့ ကျေးလက်ဒေသတွေမှာနေထိုင်တဲ့ ပြည်သူတွေရဲ့ အိမ်ရာလိုအပ်ချက်ကို ဖြည့်ဆည်းပေးဖို့ နှစ်တိုနှစ်ရှည်စီမံကိန်းတွေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမှာပါ။ ဝင်ငွေနည်းပြည်သူတွေ၊ ဝင်ငွေအလယ်အလတ်ရှိပြည်သူတွေအတွက် ဝင်ငွေနဲ့ လက်လှမ်းမီပြီး သင့်လျော်ကောင်းမွန်တဲ့ အိမ်ရာတွေအပြင် နိုင်ငံ့ဝန်ထမ်းတွေအတွက် ဝန်ထမ်းအိမ်ရာ၊ ပြည်သူ့အိမ်ရာ စတဲ့အငှားအိမ်ရာတွေကိုလည်း ဦးစားပေး ဆောင်ရွက် သွား ဖို့ရှိပါတယ်။"

"အိမ်ရာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် အိမ်ရာကဏ္ဍငွေကြေးစနစ်တစ်ရပ်ထူထောင်ဖို့နဲ့ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ပါဝင်လာဖို့အတွက်ကိုလည်း ဆောင်ရွက်သွားမှာပါ။ဝင်ငွေနည်းနဲ့ ဝင်ငွေအလယ်အလတ်ရှိ ပြည်သူတွေ ဝယ်ယူနိုင်စွမ်းရှိဖို့ အိမ်ရာပေါင်ခံချေးငွေစနစ်နဲ့ အငှားစနစ်ပါဝင်တဲ့ အိမ်ရာဘဏ္ဍာငွေစနစ် တည်ထောင်ရပါမယ်။ ပြည်သူတစ်ဦးချင်း အိမ်ရာပိုင်ဆိုင်နိုင်ဖို့အတွက် ငွေစုဆောင်းတဲ့ အလေ့အထရှိစေဖို့ Housing Provident Fund တစ်ရပ် ထူထောင်ပြီး အစိုးရနဲ့ အလုပ်ရှင်က အချိုးကျထည့်ဝင်ပေးတဲ့စနစ်ကိုလည်း ကျင့်သုံးသွားမှာပါ။အရစ်ကျ ပေးသွင်းနိုင်ဖို့အတွက်အိမ်ရာအပေါင်ခံချေးငွေ အတိုးနှုန်းကို အများဆုံး လေးရာခိုင်နှုန်းအထိ လျှော့ပေါ့ပေးရေးနဲ့ ချေးငွေသက်တမ်းကိုလည်း နှစ်(၃၀)အထိ ကာလရှည်ရရှိရေးကို စီမံဆောင်ရွက်ပေးသွားမှာပါ"ဟု ပြောပြခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးတွင် လုံ့ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများမှ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ၁၉၇၂ ခန်း၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ၃၂၇၉၈ ခန်း စုစုပေါင်းအခန်း ၃၄၇၇၀ ရရှိမည်ဖြစ်ပြီး အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လုံ့ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများမှ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ၄၃၂ ခန်း၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ၁၉၄၈ ခန်း စုစုပေါင်း အခန်း ၂၃၈၀ ရရှိမည်ဖြစ်ကြောင်းလည်း သိရသည်။

သို့ရာတွင် တည်ဆောက်ပြီး တည်ဆောက်ဆဲနှင့် တည်ဆောက်မည့်အိမ်ရာစီမံကိန်းများသည် လက်ရှိအိမ်ရာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့်အနေအထားတွင် မရှိသေးကြောင်းသိရသည်။ မြို့ပြနေလူဦးရေနှုန်းနှင့် ဆောက်လုပ်လျက်ရှိသည့် အိမ်ရာများမှာ လုံလောက်မှုမရှိသေးကြောင်းသိရသည်။ ထိုသို့မလုံလောက်ခြင်းကြောင့် အိမ်ရာများကို မဲနှိုက်စနစ် ကျင့်သုံးနေရခြင်းဖြစ်ကြောင်း သိရသည်။

○အာရှသမိုင်းဝင်မှ

အမှားများဖြစ်ပေါ်စေနိုင်သော အလျင်စလိုဆုံးဖြတ်ချက်များအကြား သမိုင်းဝင်ရန်ကုန်မြို့ကြီး ထိခိုက်နစ်နာရန်အကြောင်းတရားများဖြစ်သည်ဟု ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

"မြို့ပြအမွေအနှစ်တွေဟာ အရေးကြီးပါတယ်။ ဒါတွေကို ထိန်းသိမ်းသွားရမှာဖြစ်သလို အခုဆိုရင် ပြည်သူတွေကလည်း အလေးထားလာကြပါပြီ။ ဒါတွေကို ထိန်းသိမ်းခြင်းအားဖြင့်လည်း ကျွန်တော်တို့လူမျိုးရဲ့ဂုဏ်ကို မြှင့်တင်ရာလည်းရောက်ပါတယ်။ အခုကျင်းပတဲ့ ဖိုရမ်ကနေ အကြံဉာဏ်ကောင်းတွေရမယ်။ ဆက်လက်ပြီးတော့ ဆောင်ရွက်သွားရမယ့်အပေါ် မူဝါဒတွေ ချမှတ်နိုင်မယ်။ YCDC အနေနဲ့ ရန်ကုန်မြို့ပြ အမွေအနှစ်ထိန်းသိမ်းရေးအဖွဲ့ (YHT)နဲ့ အရင်ကတည်းက ပူးပေါင်းဆောင်ရွက်မှုတွေ ရှိခဲ့ပါတယ်။



YHT အနေနဲ့ လိုအပ်တဲ့ အကြံဉာဏ်တွေပေးပါတယ်။ အခုဖိုရမ်ကနေလည်း ပိုမိုကောင်းမွန်တဲ့ အကြံဉာဏ်တွေရရှိဦးမှာပါ။ ရန်ကုန်မြို့လယ်မှာ မြို့ပြအမွေအနှစ် အဆောက်အအုံတွေများပါတယ်။ အထူးသဖြင့် ကျောက်တံတားမြို့နယ်မှာ ရှေးဟောင်းအဆောက်အအုံများပါတယ်။ အခုဆိုရင် အများပြည်သူက လက်ခံလာပြီးတော့ နဂိုမူလပုံစံမပျက်အောင် ပြုပြင်လာတာတွေရှိပါတယ်။ ဒါတွေက ကျွန်တော်တို့အနေနဲ့ အကြံဉာဏ်ပေးသလို အားပေးပါတယ်။ ပုဂ္ဂလိကပိုင်တွေကိုတော့ ထိန်းသိမ်းတာခက်ပါတယ်။ အဲဒါကိုလည်း နည်းလမ်းရှာနေပါတယ်"ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေယာစီမံခန့်ခွဲမှုဌာန မြို့ပြစီမံကိန်းဌာနခွဲ ညွှန်ကြားရေးမှူး ဦးတိုးအောင်က ပြောသည်။

ရန်ကုန်မြို့ကို ၂၀၁၄ ခုနှစ်တွင် World Monuments Watch ၏ စောင့်ကြည့်စာရင်းတွင် ထည့်သွင်းခဲ့ပြီး သမိုင်းဝင်မြို့ပြမြင်ကွင်းများ၏ တန်ဖိုးကို သိရှိနားလည်ပြီး အနာဂတ်ဆက်လက်တည်ရှိနေရေး ထိန်းသိမ်းစောင့်ရှောက်မှုများ ပြုလုပ်ရန်အတွက် ဆွေးနွေးမှုများ လိုအပ်နေကြောင်း သိရှိစေရန် ယခုဖိုရမ်ကို ကျင်းပခြင်းဖြစ်သည်ဟု သိရသည်။ YHT အနေဖြင့် ၂၀၁၂ ခုနှစ်တွင် စတင်ထူထောင်ခဲ့ပြီး ရန်ကုန်မြို့၏ မြို့ပြအမွေအနှစ်များအား စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ရေးကို အားပေးဆောင်ရွက်လျက်ရှိပြီး မြို့ပြအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရာတွင် ကူညီခြင်း၊ စီမံခန့်ခွဲရေးဆိုင်ရာ မူဝါဒများ ချမှတ်ရာတွင် အကြံပေးခြင်းနှင့် သင်တန်းများပေးအပ်ခြင်း၊ အများပြည်သူ အသိပညာပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

World Monuments Fund နှင့် YHT တို့ ပူးပေါင်းကျင်းပသည့် အဆိုပါ ဖိုရမ်သို့ နိုင်ငံတကာမှ ဧည့်သည်များ၊ ပညာရှင်များ၊ သက်ဆိုင်ရာဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ပုဂ္ဂလိကဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ ခရီးသွားလုပ်ငန်းမှ ကိုယ်စားလှယ်များ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၊ ပြည်တွင်းရှိ လူမှုအခြေပြုနှင့် ပညာရှင်အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ ဖြစ်သော ဥရောပသမဂ္ဂ၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ကမ္ဘာ့ဘဏ်တို့အပြင် ပြည်တွင်းပြည်ပ မီဒီယာများတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၀၀၁)

စာအုပ်စာပေ လူ့မိတ်ဆွေ

# ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စ ရန်ဟီလီနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၁၅**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ရန်ဟီလီနှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုတရားသူကြီးချုပ်က ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် သုံးနှစ်တာ မဟာဗျူဟာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း၊ ထိုမဟာဗျူဟာစီမံကိန်းကို တရားမျှတမှုလက်လှမ်းမီရေး၊ လူထု၏အသိအမြင်ကို မြှင့်တင်ပေးရေး၊ တရားစီရင်ရေး၏ လွတ်လပ်မှုနှင့် တာဝန်ယူဆောင်ရွက်မှုတို့ကို မြှင့်တင်ပေးရေး၊ တရားစီရင်ရေး၏ သာတူညီမျှမှု၊ မျှတမှုနှင့် ဂုဏ်သိက္ခာမြှင့်တင်ပေးရေးနှင့် အမှုများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ရေး စသည့် မဟာဗျူဟာနယ်ပယ် (၅)ရပ်တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုမဟာဗျူဟာစီမံကိန်း၏ အကောင်အထည်ဖော်ဆောင်ရွက်မှုသည် မြန်မာနိုင်ငံ၏ တရားဥပဒေစိုးမိုးရေး၊ ထိရောက်ပြီး ဘက်မလိုက်သော တရားစီရင်ရေးအတွက် အထောက်အကူဖြစ်မည်ဟု ယုံကြည်ကြောင်း၊ တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေ(မူကြမ်း)နှင့် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေ(မူကြမ်း)တို့သည် လွတ်လပ်စွာဘာသာကိုးကွယ်ခွင့်ကို မထိခိုက်ပါကြောင်းနှင့် အမျိုးသမီးများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန်ဖြစ်သည်ကို သေချာစွာလေ့လာပါက သိရှိနိုင်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စာချွန်တော်အမိန့်ဆိုင်ရာ ဆောင်ရွက်မှုများ၊ လွတ်လပ်စွာ တရားစီရင်ရေးအတွက် ဆောင်ရွက်မှုများ၊ အကျဉ်းထောင်၊ အကျဉ်းစခန်းနှင့် ရဲတပ်ဖွဲ့အချုပ်စခန်းများအား ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားလွှတ်တော်နှင့် ခရိုင်တရားရုံး တရားသူကြီးများက သွားရောက်စစ်ဆေးခြင်းအပါအဝင် တရားစီရင်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုတရားသူကြီးချုပ်နှင့်အတူ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးသာဌေး၊ ဦးစိုးညွန့်၊ ဦးမြသိမ်း၊ ဦးမြင့်အောင်၊ ဦးအောင်ဇော်သိန်းနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး ခေတ္တညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ မစ္စ ရန်ဟီလီနှင့် တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၅**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ရန်ဟီလီသည် ယနေ့နံနက် ၉ နာရီတွင် အမျိုးသားလွှတ်တော်ရေးရာဆောင် I-20 ၌ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌနှင့် ရေးရာကော်မတီဥက္ကဋ္ဌများ၊ ဥပဒေကြမ်းကော်မတီများနှင့် လည်းကောင်း၊ နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော်ရေးရာဆောင် I-1 ၌ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဥပဒေရေးရာ အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုစုံစမ်းရေးကော်မရှင်တို့မှ တာဝန်ရှိသူများနှင့်လည်းကောင်း နံနက် ၁၁ နာရီတွင် ရုံးအမှတ်(၁၈)နိုင်ငံတော်သမ္မတရုံး၌ နိုင်ငံတော်သမ္မတ၏ ဥပဒေ၊ နိုင်ငံရေးနှင့်စီးပွားရေးအကြံပေး



ပုဂ္ဂိုလ်များနှင့် လည်းကောင်း၊ **(အပေါ်ပုံ)** မွန်းလွဲ ၁ နာရီတွင် ပြည်သူ့လွှတ်တော် ရေးရာဆောင် I-1 ၌ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရေးအကောင်အထည်ဖော်မှုကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များအားလည်းကောင်း၊ ညနေ ၅ နာရီတွင် ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီဥက္ကဋ္ဌနှင့် လည်းကောင်းတွေ့ဆုံခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ချိတ်ဆက်အသုံးပြုခြင်းနှင့် အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ နည်းဥပဒေထုတ်ပြန်

**နေပြည်တော် ဇန်နဝါရီ ၁၅**

ဆက်သွယ်ရေးဥပဒေကို ၂၀၁၃ ခုနှစ် အောက်တိုဘာ ၈ ရက်တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၃၁)ဖြင့် ပြဋ္ဌာန်းခဲ့သည်။

အဆိုပါ ဆက်သွယ်ရေးဥပဒေပုဒ်မ ၈၈၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ချိတ်ဆက်အသုံးပြုခြင်းနှင့်အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ နည်းဥပဒေများကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၅)ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အဆိုပါ ချိတ်ဆက်အသုံးပြုခြင်းနှင့် အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ နည်းဥပဒေများကို အများပြည်သူများဖတ်ရှုလေ့လာနိုင်ရန်အတွက် မြန်မာနိုင်ငံပြန်တမ်းတွင်လည်းကောင်း၊ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန Website(www.mcit.gov.mm) တွင်လည်းကောင်း၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန Website (http://www.mcit.gov.mm/content/law-regulation.html) တွင်လည်းကောင်း လွှင့်တင်ပေးထားကြောင်း သိရသည်။

**(ကြေးမုံ)**

# အောင်ဘာလေထီ ပေါက်နိုင်ခြေများလာပြီ

**ရန်ကုန် ဇန်နဝါရီ ၁၅**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲက ယခုလာမည့် ၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် ဖွင့်လှစ်မည့် (၃၁၃)ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲမှစ၍ လက်ရှိဖွင့်လှစ်ပေးနေသော ပဒေသာယူနစ်အစား ဝေဝေဆာဆာပဒေသာဆုမဲများအဖြစ် ပြောင်းလဲဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဝေဝေဆာဆာပဒေသာဆုမဲတွင် ကျပ်သုံးသိန်းဆုမဲ တစ်ယူနစ်အတွက် အက္ခရာနှင့် ဂဏန်းငါးလုံး ဖွင့်လှစ်ပေးမည်။ ယင်းအက္ခရာနှင့် ရှေ့ဂဏန်းငါးလုံး အစဉ်လိုက်တူညီပါက ကျပ်သုံးသိန်းဆုရရှိမည်။ (တစ်ယူနစ်လျှင် ဆုမဲ ၁၀ မဲဖြင့် ၁၀ ယူနစ်အတွက် သုံးသိန်း ဆုမဲပေါင်း ၁၀၀ ဖြစ်သည်။)

ကျပ်နှစ်သိန်းဆုမဲ တစ်ယူနစ်အတွက် အက္ခရာနှင့် ရှေ့ဂဏန်း လေးလုံး ဖွင့်လှစ်ပေးမည်။ ယင်းအက္ခရာနှင့် ရှေ့ဂဏန်း လေးလုံးအစဉ်လိုက်တူညီပါက ကျပ်နှစ်သိန်းဆု ရရှိမည်။ (တစ်ယူနစ်လျှင် ဆုမဲ ၁၀၀ ဖြင့် ၁၀ ယူနစ်အတွက် ကျပ်နှစ်သိန်း ဆုမဲပေါင်း ၁၀၀၀ ဖြစ်သည်။)

ကျပ်တစ်သိန်းဆုမဲ တစ်ယူနစ်အတွက် အက္ခရာနှင့် ဂဏန်းသုံးလုံး ဖွင့်လှစ်ပေးမည်။ ယင်းအက္ခရာနှင့် ရှေ့ဂဏန်းသုံးလုံး အစဉ်လိုက်တူညီပါက ကျပ်တစ်သိန်းဆုရရှိမည်။ (တစ်ယူနစ်လျှင် ဆုမဲ ၁၀၀၀ ဖြင့် ကိုးယူနစ်အတွက် ကျပ်တစ်သိန်း ဆုမဲပေါင်း ၉၀၀၀ ဖြစ်သည်။)

ကျပ်ငါးသောင်းဆု တစ်ယူနစ်အတွက် အက္ခရာနှင့် ဂဏန်းနှစ်လုံးဖွင့်လှစ်ပေးမည်။ ယင်းအက္ခရာနှင့် ရှေ့ဂဏန်းနှစ်လုံး အစဉ်လိုက်တူညီပါက ကျပ်ငါးသောင်း ဆုရရှိမည်။ (တစ်ယူနစ်လျှင် ဆုမဲ ၁၀၀၀၀ ဖြင့် သုံးယူနစ်အတွက် ငါးသောင်းဆုမဲပေါင်း ၃၀၀၀၀ ဖြစ်သည်။)

ထို့ကြောင့်(၃၁၃)ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲတွင် အထူးဆုကြီးစနစ်၌ တစ်ဆုချင်းဆုအဖြစ် ကျပ်သိန်း ၁၅၀၀ ဆု တစ်ဆု၊ ကျပ်သိန်း ၁၀၀၀ နှစ်ဆု၊ ကျပ်သိန်း ၅၀၀ ငါးဆု၊ ကျပ်သိန်း ၃၀၀ ခြောက်ဆု၊ ကျပ်သိန်း ၂၀၀ ခုနစ်ဆု၊ ဆုတစ်ဆုချင်းဆုမဲများတွင် ကျပ်သိန်း ၁၀၀ (၁၈)ဆု၊ ကျပ်သိန်း ၅၀ (၂၀)ဆု၊ ကျပ် ၂၅ သိန်း (၂၀)ဆု၊ ကျပ် ၁၀ သိန်း(၃၀)ဆု၊ ကျပ် ငါးသိန်း (၃၄) ဆု နှင့် ဝေဝေဆာဆာပဒေသာဆုမဲတွင် ကျပ်သုံးသိန်း ဆုမဲပေါင်း ၁၀၀၊ ကျပ်နှစ်သိန်း ဆုမဲပေါင်း ၁၀၀၀၊ ကျပ်တစ်သိန်းဆုမဲပေါင်း ၉၀၀၀၊ ကျပ် ငါးသောင်းဆုမဲပေါင်း ၃၀၀၀၀ အပါအဝင် ဆုမဲပေါင်း ၄၀၂၄၃ ဆု ဖွင့်လှစ်မည်ဖြစ်သည်။

အောင်ဘာလေထီကို စွဲမြဲယုံကြည်စွာ ထီထိုးသူများလာခြင်းကြောင့် အောင်ဘာလေထီဖွင့်ပွဲအကြိမ်တိုင်း ထီဆုမဲအရေအတွက်ကို တစ်ကြိမ်ထက်တစ်ကြိမ် ပိုမိုဖွင့်လှစ်ပေးနိုင်ခဲ့သည်။

သို့ဖြစ်ရာ အောင်ဘာလေထီကံစမ်းသူများအဖို့ ထီပေါက်နိုင်ခြေများလာပြီဟု ဆိုနိုင်ပါသည်။ အောင်ဘာလေထီ ကံမစမ်းဖူးသူများအဖို့ အောင်ဘာလေထီကို အန္တရာယ်ကင်းရှင်းစွာနှင့် အလွယ်တကူ ကံစမ်းနိုင်ကြပါပြီ။ အလွယ်တကူ ကံစမ်းနိုင်ရန်လည်း အောင်ဘာလေသိန်းဆုဌာနခွဲက စီစဉ်ထားပြီးဖြစ်သည်။ ထီတစ်အုပ်ချင်းမှစ၍ ထီအုပ် ၁၀၀ ထိ လွယ်ကူစွာဝယ်ယူကံစမ်းနိုင်ကြောင်း အသိပေးပြီးဖြစ်သည်။ အောင်ဘာလေထီပုံမှန်ကံစမ်းနေသူ မိမိသည်ပင်လျှင် အောင်ဘာလေထီကို ယခုကံစမ်းနေသည့် ထီစောင်ရေထက် ပိုမိုကံစမ်းနိုင်ရန် သန္နိဋ္ဌာန်ချထားပြီးဖြစ်သည်။ ပေါက်ရင်ယူ၊ မပေါက်ရင်လှူ ဆိုသကဲ့သို့ ပေါက်ရင်မိမိအကျိုးရှိ၊ မပေါက်ရင် ပေါက်သူနဲ့ နိုင်ငံတော်အကျိုးရှိတာမို့ ယခုအခါ အောင်ဘာလေထီကံစမ်းသူ ပြည်သူများအကြား လှုပ်လှုပ်ရှားရှားဖြစ်နေကြပြီဖြစ်ပါကြောင်း အသိပေးလိုက်ပါသည်။

**ဖွင့်လှစ်ပြီးဖြစ်သည့် ထီဖွင့်ပွဲ (၃၁၁)ကြိမ်၊ (၃၁၂)ကြိမ်နှင့် ယခုဖွင့်လှစ်မည့် (၃၁၃)ကြိမ် ထီဖွင့်ပွဲတို့၏ ထီဆုမဲအရေအတွက်ကို ဖော်ပြရသော်-**

| ဆုမဲကျပ် | ၃၁၁ ကြိမ် ဆုမဲပေါင်း | ၃၁၂ ကြိမ် ဆုမဲပေါင်း | ၃၁၃ ကြိမ် ဆုမဲပေါင်း |
|---|---|---|---|
| ကျပ်သိန်း ၁၅၀၀ | ၁ | ၁ | ၁ |
| ကျပ်သိန်း ၁၀၀၀ | ၁ | ၁ | ၂ |
| ကျပ်သိန်း ၅၀၀ | ၂ | ၂ | ၅ |
| ကျပ်သိန်း ၃၀၀ | ၃ | ၄ | ၆ |
| ကျပ်သိန်း ၂၀၀ | ၅ | ၅ | ၇ |
| ကျပ်သိန်း ၁၀၀ | ၁၀ | ၁၀ | ၁၈ |
| ကျပ်သိန်း ၅၀ | ၂၀ | ၂၀ | ၂၀ |
| ကျပ် ၂၅ သိန်း | ၄၀ | ၄၀ | ၂၀ |
| ကျပ် ၁၀ သိန်း | ၆၅ | ၆၅ | ၃၀ |
| ကျပ် ၅ သိန်း | ၁၀၀ | ၁၀၀ | ၃၄ |
| ကျပ် ၃ သိန်း | ၁၀၅ | ၁၁၁ | ၁၀၀ |
| ကျပ် ၂ သိန်း | ၁၂၅ | ၁၂၂ | ၁၀၀၀ |
| ကျပ် ၁ သိန်း | ၁၄၄၀၀ | ၁၄၈၀၀ | ၉၀၀၀ |
| ကျပ် ၅၀၀၀၀ | ၂၁၆၀၀ | ၂၂၂၀၀ | ၃၀၀၀၀ |
| **ဆုမဲစုစုပေါင်း** | **၃၆၄၈၇** | **၃၇၄၈၁** | **၄၀၂၄၃** |

**(ကိုချစ်)**

# ပြခန်းပေါင်း ၃၀၀ ပါဝင်ပြသနေသည့် ထိုင်းကုန်စည်ပြပွဲ

**ရန်ကုန် ဇန်နဝါရီ ၁၅**

"မြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံတို့ဟာ ရှေးယခင်နှစ်ပေါင်းများစွာကပင် ချစ်ကြည်ရင်းနှီးမှုရှိတဲ့ အိမ်နီးချင်းနိုင်ငံများဖြစ်ပြီး နှစ်နိုင်ငံစီးပွားရေးအဖွဲ့အစည်းတွေ၊ လုပ်ငန်းရှင်တွေအကြား ပူးပေါင်းဆောင်ရွက်ခြင်း၊ ကုန်စည်ပြပွဲတွေ ကျင်းပခြင်းတို့ဟာ နှစ်နိုင်ငံကုန်သွယ်မှုကို တိုးမြှင့်စေခဲ့ပါတယ်။

ကုန်သွယ်မှုအနေနဲ့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံ၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၈ ဘီလီယံ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၅ ဒသမ ၆ ဘီလီယံ အထိ ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် နှစ်နိုင်ငံကုန်သွယ်မှုပမာဏဟာ နှစ်စဉ်တိုးတက်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။

ယခုအစိုးရသစ် လက်ထက်မှာလည်း ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြုပြင်ပြောင်းလဲ မှုအနေနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနဲ့ အထူးစီးပွားရေးဇုန်တို့ကို ပြဋ္ဌာန်းထားပြီး ဖြစ်တဲ့အတွက် နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုကို လာမယ့်နှစ်တွေမှာ အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန် အားပေးကူညီနိုင်တော့မှာပါ။ ဒီအခွင့် အလမ်းတွေကို လက်ကိုင်ထားပြီး ထိုင်းစီးပွားရေးလုပ်ငန်းရှင်တွေကို ပြောကြားလိုတာကတော့ ဒီအချိန်ဟာ မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ဖို့ အကောင်းဆုံးအချိန်ပါပဲ။

ဒီကုန်စည်ပြပွဲဟာ အနာဂတ် ပူးပေါင်းဆောင်ရွက် ရေးအတွက် အပြန်အလှန်အကျိုးရှိတဲ့ ရင်းနှီးမြှုပ်နှံနိုင်မယ့် နည်းလမ်းများ သာမက အလားအလာရှိတဲ့ ဈေးကွက်ရှာဖွေဖော်ထုတ်ရေး အခွင့် အလမ်းတွေကိုပါ ရရှိမယ်လို့ ယုံကြည်ပါတယ်"ဟု ဇန်နဝါရီ ၁၅ ရက်က Myanmar Event Park ၌ ပြုလုပ်သည့် ထိုင်းနိုင်ငံအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် Thailand Week 2015 ကုန်စည် ပြပွဲဖွင့်ပွဲတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက ပြောကြားသည်။

"မြန်မာပြည်သူ ပြည်သားတွေ စိတ်ဝင်စားစေမယ့် အရည်အသွေးပြည့်မီတဲ့ ထုတ်ကုန်တွေကို ဒီပြပွဲက သိရှိလေ့လာနိုင်မှာပါ။ ဒါ့အပြင် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်တွေ၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်မယ့် စီးပွားရေးအခွင့်အလမ်းကွန်ရက်ကိုလည်း ချိတ်ဆက်နိုင်စေရန်အတွက် လာရောက်ပြသခြင်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံကလည်း နယ်နိမိတ်အရ ဆက်စပ်နေတဲ့အတွက် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွေမှာ အလားအလာကောင်းများနဲ့ ပိုပြီးတိုးတက်လာနေတာဖြစ်ပါတယ်။ ဒါကြောင့် တိုးတက်လာနေတဲ့ စီးပွားရေးအခွင့်အလမ်းတွေနဲ့အတူ နှစ်နိုင်ငံကုန်သွယ်ရေးလုပ်ငန်းတွေ ရေရှည်တည်တံ့ပြီး ရှိရင်းစွဲချစ်ကြည်ရေးထက် ပိုမိုကောင်းမွန်တဲ့ ရင်းနှီးချစ်ခင်မှုတွေရရှိလာစေဖို့ ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ပါတယ်" ထိုင်းနိုင်ငံစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mrs. Apiradi Tantraporn က ပြောကြားသည်။

UMFCCI မှ အထွေထွေအတွင်းရေးမှူး ဦးမျိုးသန့်က "နိုင်ငံအသီးသီးကနေ ကုန်စည်ပြပွဲတွေ လာရောက်ပြုလုပ်ကြတယ်ဆိုတာ ကုန်သွယ်မှုမြှင့်တင်ရေးအတွက် အရေးကြီးတဲ့ အခန်းကဏ္ဍပါ။ အခုလို နိုင်ငံတကာ ကုန်သွယ်မှုရင်းနှီးမြှုပ်နှံမှုတွေ မြန်မာနိုင်ငံမှာ ဝင်လာရင် ရင်းနှီးမြှုပ်နှံမှုလိုအပ်နေတဲ့ စီးပွားရေးလုပ်ငန်းတွေ တိုးတက်လာမယ်။

ပြည်သူတွေ အလုပ်ကိုင်အခွင့်အလမ်းများလာမယ်။ နည်းပညာဆိုင်ရာတွေ တိုးတက်လာမယ်။ သို့သော်လည်း ကိုယ့်အမျိုးသားရေးကို မထိခိုက်ရလေအောင် ကိုယ့်ဘက်ကနေ လိုအပ်တဲ့၊ သေချာတဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေတွေနဲ့ ခိုင်မာအောင် ပြုလုပ်ပေးသွားဖို့လိုပါတယ်"ဟု ပြောသည်။

အဆိုပါကုန်စည်ပြပွဲတွင် ထိုင်းနိုင်ငံမှ ကုမ္ပဏီပေါင်း ၈၀ ကျော်မှ ပြခန်းပေါင်း ၃၀၀ ခန့်ဖြင့် ဇန်နဝါရီ ၁၅ ရက်မှ ၁၈ ရက်ထိ ပြုလုပ်သွားမည်ဖြစ်ပြီး ဇန်နဝါရီ ၁၅ ရက်၊ ၁၆ရက်တို့တွင်မူ နှစ်ဦးနှစ်ဖက်ကိုက်ညီသည့် စီးပွားရေးကွန်ရက်ချိတ်ဆက်မှုကဏ္ဍများနှင့် ဆွေးနွေးပွဲများ ပြုလုပ်သွားမည်ဟု သိရသည်။

ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် ၁၉၉၈ ခုနှစ်မှ ၂၀၀၄ ခုနှစ်ထိ ကုန်စည်ပြပွဲများ နှစ်စဉ်ပြုလုပ်ခဲ့သော်လည်း ၂၀၀၄ ခုနှစ်နောက်ပိုင်းကာလများတွင် မပြုလုပ်နိုင်ခဲ့ဘဲ ၂၀၁၀-၂၀၁၁ ခုနှစ်မှစ၍ ကုန်စည်ပြပွဲများကို ပြန်လည်ပြုလုပ်လာခဲ့ခြင်းဖြစ်သည်။ ၎င်းကုန်စည်ပြပွဲသည် ၂၀၁၅ ခုနှစ်တွင် ပထမဆုံးပြုလုပ်သော အကြီးဆုံးကုန်စည်ပြပွဲဖြစ်ပြီး ဆက်လက်ပြီး မူဆယ်၊ မန္တလေးမြို့များတွင်လည်း ပြုလုပ်သွားမည်ဟု သိရသည်။

**(ခင်ဇာလီ)**



# လယ်ယာသုံးစက်ကိရိယာပြုပြင်ထိန်းသိမ်းမောင်းနှင်မှုသင်တန်းဖွင့်

**ညောင်တုန်း ဇန်နဝါရီ ၁၅**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ညောင်တုန်းမြို့ စက်မှုလယ်ယာဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် လယ်ယာသုံး စက်ကိရိယာ ပြုပြင်ထိန်းသိမ်းမောင်းနှင်မှု သင်တန်း(၁/၂၀၁၅) ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၀ ရက် နံနက် ၉ နာရီက ညောင်တုန်းမြို့နယ် နတ်ပေးကျေးရွာ၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် မအူပင်ခရိုင်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးသိန်းဆွေက တောင်သူများ လယ်ယာသုံးစက်ကိရိယာများ မောင်းနှင်ထိန်းသိမ်းမှု၊ ကိုင်တွယ်ပုံများနှင့် ပတ်သက်၍ အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြသန်းက တောင်သူများအတွက် သင်တန်းဖွင့်လှစ်ပေးခြင်းကြောင့် အကျိုးကျေးဇူးများရရှိပုံနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။ ဆက်လက်၍ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ မအူပင်ခရိုင် စက်မှုလယ်ယာခရိုင် ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူး ဦးရဲမြင့်ဦး၊ သင်တန်းနည်းပြဆရာများနှင့် ညောင်တုန်းမြို့နယ်အတွင်းရှိ နတ်ပေး၊ ကညင်ကောက်၊ ကျုံတမာ၊ ပေစိ၊ ထိပ်ဝကြီးကျေးရွာအုပ်စုများမှ တောင်သူသင်တန်းသား ၄၅ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်မည်ဖြစ်သည်။ ထို့ပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေး ရည်ရွယ်ချက်များဖြင့် ညောင်တုန်းမြို့အမှတ်(၅၂)စက်မှုလယ်ယာစခန်းမှ ဦးဆောင်ပြီး ဂန်ချောင်းကျေးရွာအုပ်စု ဂန်ချောင်းကျေးရွာ၌ စနစ်ကျ ဧက ၁၀၀၀ လယ်ယာမြေ ဖော်ထုတ်ရေးစီမံကိန်းများ ဖော်ထုတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထွန်းကျော် (ညောင်တုန်း)**

# ဖယောင်းတိုင်မီးမှတစ်ဆင့် နေအိမ်သို့ ကူးစက်လောင်ကျွမ်း၍ အိပ်ပျော်နေသည့် ကလေးငယ်နှစ်ဦး မီးလောင်သေဆုံး

**နေပြည်တော် ဇန်နဝါရီ ၁၅**

ရှမ်းပြည်နယ် နောင်ချိုမြို့ ဈေးရပ်ကွက်နေ စည်သူမောင် (၃၈)နှစ်၏ နေအိမ်တွင် ဇန်နဝါရီ ၁၄ ရက် ည ၈ နာရီ ၁၅ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့ရာ နောင်ချိုမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ နောင်ချိုမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများ၏ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ည ၈ နာရီ ၃၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

စစ်ဆေးချက်အရ ယင်းနေ့ ညနေ ၅ နာရီက စည်သူမောင်နှင့် ၎င်း၏ ဇနီးဖြစ်သူ ဒေါ်အိဖြိုး(ခ) ဒေါ်ကြည်ကြည်ခိုင် (၃၃)နှစ်တို့သည် သမီး မချစ်မြတ်နိုးနိုင် ခုနစ်နှစ်နှင့် သား မောင်ဖိုးတီလုံး (ခ) မောင်ကျော်ဝင်းချစ် လေးနှစ်တို့ နှစ်ဦးအား နေအိမ်၌ အိမ်စောင့်ထားကာ ဒုက္ခလေး ကျေးရွာနှင့် ဝါးပုန်းကုန်းကျေးရွာပွဲဈေးသို့ ဈေးရောင်းရန် သွားရောက်ခဲ့ကြောင်း၊ ထိုသို့ သွားရောက်နေစဉ် နေအိမ်တွင် ကျန်ရစ်ခဲ့သည့် ကလေးများက ဖယောင်းတိုင်မီးထွန်းပြီး အိပ်ပျော်နေရာမှ ဖယောင်းတိုင်မီးမှတစ်ဆင့် နေအိမ်ထရံသို့ မီးကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မီးလောင်မှုကြောင့် (၁၆×၁၆)ပေရှိ သွပ်မိုး၊ ထရံကာ မြေစိုက် နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး မချစ်မြတ်နိုးနိုင်နှင့် မောင်ဖိုးတီလုံး(ခ) မောင်ကျော်ဝင်းချစ်တို့ နှစ်ဦးမှာ မီးလောင်သေဆုံးသွားကြောင်း သိရသည်။

**(ရဲပြန်ကြား)**

သူ့အတွေး သူ့အမြင် | မခင်ထား

# အသေးအဖွဲလေးတွေက စကြရအောင်

"စည်းကမ်းမရှိကြဘူး" "စည်းမဲ့ကမ်းမဲ့တွေ" "စည်းမရှိကမ်းမရှိတွေ" ဒီစကားလုံးလေးတွေသုံးပြီး အပြစ်တင် ပြောဆိုသံတွေ မကြာခဏ ကြားနေကြရတယ်။ ကိုယ်ကသူများကို ပြောမိတဲ့အခါရှိသလို သူများက ကိုယ့်အပေါ် ပြောမိတဲ့အခါမျိုးလည်း ရှိမှာပါ။

အဲဒီတော့ စည်းကမ်းရှိရှိနေကြရအောင်။ အမှိုက်ပစ်တာကပဲ စကြတာပေါ့။ သွားရင်းလာရင်းနဲ့ ကိုယ့်အမှိုက်တစ်စ ဥပမာ- ယနေ့ခေတ်အသုံးများတဲ့ တစ်ရှူးလိုဟာမျိုးကို တွေ့ရာနေရာ လွှင့်ပစ်ချတတ်တဲ့ အလေ့အကျင့်မျိုးရှိရင် ဖျောက်ကြရပါမယ်။ သွားရင်းလာရင်း အမှိုက်ပစ်စရာနေရာမတွေ့ရင် ကိုယ့်အမှိုက်ကို အိမ်အထိသယ်လာခဲ့ကြပါ။ အိမ်က အမှိုက်အိတ်ထဲ ထည့်လိုက်ပါ။

မီးဖိုချောင်သုံး အမှိုက်တွေကို စွန့်ပစ်တော့မယ်ဆိုရင်လည်း စွန့်ပစ်ဖို့ ရပ်ကွက်တွေ၊ လမ်းတွေမှာ မြို့နယ်စည်ပင်သာယာအဖွဲ့က နိုင်ငံခြားဖြစ် အမှိုက်ပုံးအကောင်းစားကြီးတွေ ချထားပေးပါတယ်။ အမှိုက်များကို အိတ်နဲ့ထည့်ပြီး လုံခြုံစွာချည်နှောင်ပြီးမှ ပုံးထဲထည့်ကြဖို့လည်း လမ်းညွှန်စာများရေးထားပါတယ်။ အမှိုက်အိတ်တွေလည်း ရောင်းချပေးနေပါတယ်။

ကဲ- အမှိုက်ထည့်ထားတဲ့အိတ်ကို သေသေချာချာ ချည်နှောင်ပြီးပစ်ခြင်းဖြင့် သန့်ရှင်းရေးလုပ်သား အမှိုက်သိမ်းသမားများကို ကူညီကြရအောင်။ တချို့သော အမှိုက်စွန့်သူတွေက အမှိုက်ကို အိတ်နဲ့ထည့်သော်လည်း ကြိုးမချည်ကြလေတော့ ပုံးထဲမှာ အမှိုက်တွေပြန့်ကျဲသွားပါတယ်။ အမှိုက်သိမ်းရတဲ့ သန့်ရှင်းရေးလုပ်သားတွေအတွက်တော့ အနှောင့်အယှက်တစ်မျိုးပေါ့။ အမှိုက်ပုံးဆိုတာကလည်း အချိန်ပြည့် စောင့်ကြည့်နေသူမရှိတော့ အိတ်မပါဘဲ ပစ်သွားသူလည်းပါရဲ့။ အိတ်နဲ့ပေမယ့်လည်း အမှိုက်ပုံးအဖုံးကို ဖွင့်ရမှာဝန်လေပြီး ပုံးထဲမထည့်ဘဲ ဘေးချသွားသူလည်းရှိပါရဲ့။ အဲဒီအခါကျ ခွေးလေခွေးလွင့်တွေကဖွကြတယ်။ အမှိုက်တွေ ပြန့်ကျဲပြီး ပတ်ဝန်းကျင်ကို ညစ်ပတ်သွားစေပြန်ရော။ ပတ်ဝန်းကျင်မသန့်ရှင်းမှုတွေများရင် ကျန်းမာရေးထိခိုက်တဲ့ ဆိုးကျိုးလည်းရဦးမယ်။ ဒါကြောင့်မို့ ကိုယ့်အမှိုက်ကို စည်းကမ်းရှိရှိ ပစ်ကြပါစို့။

နောက်တစ်ချက် စည်းကမ်းရှိရှိလေးနေဖို့လိုနေသေးတာကတော့ လမ်းခရီးသွားလာခြင်းမှာပါ။ အထူးသဖြင့် ရန်ကုန်မြို့မှာဆိုပါစို့။ လိုင်းကားများဖြင့် ခရီးသွားလာကြတာ လူအများစုပါ။ ခြေကျင်လျှောက်တဲ့အခါလည်း လျှောက်ရတာပေါ့။ လမ်းပေါ်မှာစည်းမဲ့ကမ်းမဲ့ သွားလုပ်ရင်တော့ အသက်အန္တရာယ်နဲ့ တော်တော်နီးတာပါ။ ဒါကြောင့်မို့ ခြေကျင်လျှောက်ကြရပြီဆိုရင်လည်း ပလက်ဖောင်းခေါ် လူသွားစင်္ကြံပေါ်ကပဲ မဖြစ်မနေ လျှောက်ကြမယ်။ ပလက်ဖောင်းမရှိရင်လည်း ယာဉ်ကြောနဲ့ မျက်နှာချင်းဆိုင် အခြမ်းက လျှောက်ကြပါ။ အတွင်းဘက်ကပ်နိုင်သလောက် ကပ်လျှောက်ပါ။ လမ်းလျှောက်ခရီးသွားသူက စည်းမဲ့ကမ်းမဲ့ ပုံစံမမှန်တဲ့ လမ်းလျှောက်နည်းတွေနဲ့သွားလာရင် ယာဉ်မောင်းသူတွေအတွက်လည်း အထိုက်အလျောက်တော့ အနှောင့်အယှက်ဖြစ်စေပါတယ်။

နောက် လမ်းဖြတ်ကူးတဲ့အခါမှာရော လူကူးမျဉ်းဝါကျားတို့၊ မီးပွိုင့်တို့က ကူးပေးပါ။ ခုံးကျော်တံတားရှိရင်လည်း ခုံးကျော်တံတားပေါ်ကပဲ ကူးရမှာပါ။ ကိုယ့်အတွက် ယာဉ်မတော်တဆမှု မကြုံစေနိုင်တဲ့ စိတ်ချရတဲ့ နေရာတွေပါ။ လိုင်းကားစီးကြပြီဆိုရင်လည်း မီးပွိုင့်မှာ အတက်၊ အဆင်း မလုပ်ချင်ပါနဲ့။ ကိုယ်သွားချင်တဲ့နေရာနဲ့ မီးပွိုင့်ဘယ်လောက်ပဲနီးနီး စည်းမဲ့ကမ်းမဲ့ အလွယ်မလိုက်ချင်ကြပါနဲ့။

မီးပွိုင့်မှာ စပယ်ယာ(ယာဉ်နောက်လိုက်)က ဘယ်လိုပဲခွင့်ပြုပြု စည်းကမ်းနဲ့ ကားစီးသင့်ပါတယ်။ ခရီးသည်က ဆင်းချင်လို့ဆိုပြီး စပယ်ယာတွေကလည်း အလိုလိုက်ပြီး ကားတံခါးမဖွင့်ပေးပါလေနဲ့။

စည်းကမ်းလိုက်နာဘေးကင်းကွာတဲ့လေ။ ကိုယ့်ကို စည်းကမ်းမရှိတဲ့ လူလို့ ပြောတာလည်းမခံချင်ကြပါနဲ့ တော့။ ကိုယ်ကိုယ်တိုင် ကိုယ့်သားသမီး၊ ကိုယ့်ညီအစ်ကိုမောင်နှမ တဖြည်းဖြည်း သေးသေးဖွဲဖွဲလေးကစလို့ ကိုယ်စီကိုယ်စီ စည်းကမ်းရှိနေကြမယ်ဆိုရင် အပြစ်တင်သံတွေ တဖြည်းဖြည်း ပျောက်ကွယ်သွားပါလိမ့်မယ်။

အသေးအဖွဲလေးတွေကအစ ပြင်ကြရအောင်။ စည်းကမ်းဆိုတာ လူ့တန်ဖိုးမို့ ကိုယ့်ကိုယ်ကိုယ်လည်း တန်ဖိုးထားကာ စည်းကမ်းများလည်းရှိကြပါစို့။ ။

# အရှိန်မထိန်းနိုင်သောယာဉ် တိမ်းမှောက်၊ ၂၉ ဦးဒဏ်ရာရ

**နေပြည်တော် ဇန်နဝါရီ ၁၅**

ကချင်ပြည်နယ် ရွှေကူမြို့နယ် ဇင်းဘုံကျေးရွာအနီးတွင် ဇန်နဝါရီ ၁၄ ရက် နံနက် ၉ နာရီခွဲက ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ ရွှေကူမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ဇင်းဘုံကျေးရွာဘက်မှ ဇင်းဘုံ-ဝေဇင်း လမ်းပိုင်းဘက်သို့ ဇင်းဘုံကျေးရွာနေ သားငယ်(ခ) သက်ဝေအောင်(၁၈)နှစ် မောင်းနှင်ပြီး လမ်းခင်းအလုပ်သမား ၃၅ ဦး တင်ဆောင်လာသည့် လီဖန်း လေးလုံးထိုးအပြာရောင် ခြောက်ဘီးယာဉ်သည် ဇင်းဘုံကျေးရွာအထွက် ကွင်းချောင်းသံတံတားအနီး မန္တလေး-ဗန်းမော်ကားလမ်း မိုင်တိုင်အမှတ်(၁၄၉)အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ထိုသို့တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်တွင် လိုက်ပါလာသူများအနက် ရွှေကူ မြို့နယ် ရေလဲကျေးရွာနေ ဒေါ်ရွှေမာ(၅၂)နှစ်ပါ အမျိုးသား ၁၁ ဦး၊ အမျိုးသမီး ၁၈ ဦး စုစုပေါင်း ၂၉ ဦးတို့တွင် ဒဏ်ရာများအသီးသီးရရှိခဲ့သဖြင့် ရွှေကူမြို့ ပြည်သူ့ဆေးရုံသို့ တင်ပို့ကုသခဲ့ကြောင်း သိရသည်။ **(ရဲပြန်ကြား)**

# လူကုန်ကူးမှုနှင့်ဆိုင်သော ပြစ်မှုဆိုင်ရာ တရားစီရင်ရေးကိစ္စရပ်များ ပထမအကြိမ်အလုပ်ရုံဆွေးနွေး

**ရန်ကုန် ဇန်နဝါရီ ၁၅**

လူကုန်ကူးမှုနှင့်ဆိုင်သော ပြစ်မှုဆိုင်ရာ တရားစီရင်ရေးကိစ္စရပ်များ ပထမအကြိမ် လူကုန်ကူးခံရသူများ၏အခွင့်အရေးနှင့် တရားရုံးလုပ်ငန်းစဉ်များ အသိပေးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ မီကာဆာဟိုတယ်တွင် ကျင်းပသည်။

"ဒီအလုပ်ရုံဆွေးနွေးပွဲတက်ရောက်လာကြသူများအနေနဲ့ လူကုန်ကူးခံရသူ အခွင့်အရေးပိုမိုရရှိရေး၊ တရားစီရင်ရေးကဏ္ဍမှာ သက်သေအဖြစ် ပိုမိုပူးပေါင်းပါဝင်လာနိုင်ရေး၊ ဥပဒေများကို သိနားလည်ပြီးတော့ အမှုအတွက်လိုအပ်တဲ့ သတင်းအချက်အလက်များ၊ သက်သေခံအထောက်အထားများ ပိုမိုထွက်ဆိုပေးနိုင်ရေး၊ တရားစီစဉ်ရေးစနစ်ပိုမိုခိုင်မာလာရေးတို့အတွက် ဝိုင်းဝန်းအကြံပြုပူးပေါင်းပါဝင်ဆွေးနွေးကြပါ"ဟု ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြတ်ကျော်ကျော်က အမှာစကား ပြောကြားသည်။

Ms. Hera Shanaj (Regional Victim Support Advisor)က "အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းရည် ရွယ်ချက်နှင့် ဆွေးနွေးပွဲမှရရှိမည့် အကျိုးရလဒ်များနှင့် ပတ်သက်၍ လူကုန်ကူးခံရသူ၊ ရဲတပ်ဖွဲ့ဝင်များ၊ တရားရေး ဥပဒေအရာရှိများ၏ လုပ်ငန်းစဉ်များကို ပူးပေါင်းဆောင်ရွက်စဉ် လူကုန်ကူးခံရသူတွေရဲ့အမှုကို ကိုင်တွယ်ဖြေရှင်းတာဟာ အရေးကြီးတဲ့အတွက် ရဲတပ်ဖွဲ့ဝင်များ၊ တရားရေး၊ တရားစွဲဆိုရေးအပိုင်းမှ ဥပဒေအရာရှိတွေ၊ လူကုန်ကူးခံရသူတွေပူးပေါင်းပါဝင်ပြီး တရားစွဲဆိုရေးကဏ္ဍတွေကို လုပ်ရခြင်းဖြစ်ပါတယ်။ လူကုန်ကူးခံရသူတွေရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုမရှိရင် လူကုန်ကူးတဲ့သူတွေကို မဖော်ထုတ်နိုင်သကဲ့သို့ တရားစွဲဆိုရေးလုပ်ငန်းလည်း အောင်မြင်မှာ မဟုတ်ပါဘူး သူတို့က ဒီလုပ်ငန်းစဉ်တွေကို သိပြီးတော့ သူတို့ရွေးချယ်ရမည့် အကြောင်းအရာတွေကို စုံစမ်းစစ်ဆေးချိန်၊ တရားစွဲဆိုချိန်၊ တရားစွဲပြီးနောက် အကူအညီပေးရေးတွေကို အဆင့်အလိုက်တွင် အကူအညီပေးရမယ့် အချက်အလက်တွေကို ဆွေးနွေးသွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

လူကုန်ကူးမှုများအား အနီးကပ်ကူညီနေသည့် ရဲတပ်ဖွဲ့ဝင်များမှတစ်ဆင့် လူကုန်ကူးသူ(သို့) အမြတ်ထုတ်သူထံမှ ကယ်တင်ထားခြင်းခံရသောလူကုန်ကူးခံရသူများ၊ လူကုန်ကူးသူမှ ပို့ဆောင်ခြင်း(သို့) စုဆောင်းခြင်းလုပ်ဆောင်သည့်အဆင့်တွင်မှ တားဆီးကယ်တင်ထားခြင်းခံရသည့် လူကုန်ကူးခံရသူ ဟူ၍ ခွဲခြားသတ်မှတ်နိုင်သည်။

လူကုန်ကူးခံရသူအဖြစ်ခွဲခြားပြီးပါက လူကုန်ကူးခံရသူအား နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း၊ ၎င်း၏ ပူးပေါင်းဆောင်ရွက်မှုရယူခြင်း၊ ပူးပေါင်းဆောင်ရွက်လျှင် တွေ့ဆုံမေးမြန်းမှုပြုလုပ်ခြင်း၊ အမှုနှင့်သက်ဆိုင်သော သက်သေခံအထောက်အထားများ ရှာဖွေစုဆောင်းခြင်း၊ အမှုရေးဖွင့်ဆောင်ရွက်ခြင်းပြုလုပ်ရာတွင် စုံစမ်းစစ်ဆေးသည့်အချိန်၊ တရားစွဲဆိုသည့်အချိန်နှင့် အဆင့်အလိုက် ကူညီပေးအပ်ရမည့် သတင်းအချက်အလက်များကို ဆွေးနွေးခြင်း၊ အနီးကပ်ပူးပေါင်း အကူအညီပေးနေသည့် နိုင်ငံတကာအဖွဲ့အစည်းများသို့ သတင်းအချက်အလက်များကို အသိပေးထားခြင်းတို့ ပါဝင်ရာ တရားစွဲဆိုသည့် နေရာတွင် နောက်ဆက်တွဲပြုလုပ်မည့် ပွဲများတွင်လည်း ပိုမိုအကျိုးရှိမည်ဟု ယုံကြည်မိပါကြောင်း ၎င်းက ပြောသည်။

"ဒီအလုပ်ရုံဆွေးနွေးပွဲမှာ အဓိကကတော့ ကိုယ့်နိုင်ငံသားတွေကို လူကုန်ကူးခံရတာကိုကယ်တင်ဖို့ ဆွေးနွေးသွားမှာဖြစ်ပါတယ်"ဟု လူကုန်ကူးမှုတားဆီးကာကွယ်နှိမ်နင်းရေးရဲတပ်ဖွဲ့စိတ် (ကော့သောင်း) ဒုတိယရဲမှူးမင်းခိုင်က ပြောသည်။

အဆိုပါဆွေးနွေးပွဲသို့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ နယ်စပ်ရုံးများမှရဲအရာရှိများ၊ အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ တရားသူကြီးများ၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့၊ ရှေ့နေချုပ်ရုံး၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး၊ ILO၊ UNICEF၊ Save the Children၊ အရပ်ဘက်အဖွဲ့အစည်း NGO များမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြကြောင်း သိရသည်။

**(သန့်ဇင်ဝင်း)**

# လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ပဉ္စမပွဲစဉ်ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၅**

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် JUNIOR GOLF MYANMAR (JGM)မှ ကြီးမှူးကျင်းပသော 5th JUNIOR GOLF MYANMAR TOURNAMENT 2015 လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇန်နဝါရီ ၂၉ ရက်နှင့် ၃၀ ရက်များတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ရန်ကုန်ဂေါက်ကလပ်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် အသက်(၂၀)နှစ်အောက် အမျိုးသား အမျိုးသမီး သက်တန်းအလိုက် ပြိုင်ပွဲများဟူ၍ ကျင်းပမည် ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်ကြမည့် လူငယ်ဂေါက်သီးရိုက်အားကစားသမားများသည် ဇန်နဝါရီ ၂၇ ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား၍ အမည်စာရင်းနှင့်ပူးတွဲပြီး မွေးစာရင်း(သို့မဟုတ်)မှတ်ပုံတင်(မူရင်း/မိတ္တူ)များနှင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်သို့ စာရင်းပေးသွင်းရမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ၌ သက်တန်းအလိုက် လူငယ် ဂေါက်သီးရိုက်အားကစားသမားများအား ထိုက်ထိုက်တန်တန်ဆုချီးမြှင့်မည်ဖြစ်ရာတစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ပါဝင်ကူညီပံ့ပိုးနိုင်ကြသည်။

ပြိုင်ပွဲနှင့်စပ်လျဉ်း၍ ဖုန်း-၀၉-၂၅၄၂၂၅၀၇၀၊ ၀၁-၉၆၆၉၅၂၆ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်သည်။

JUNIOR GOLF MYANMAR အနေဖြင့် မျိုးဆက်သစ်လူငယ်အားကစားသမားများ ပေါ်ထွက်လာရေးအတွက် လစဉ်ပြိုင်ပွဲများ ကျင်းပလျက် ရှိကြောင်းသိရသည်။

**(ကြေးမုံ)**

# နာဂရိုးရာ နှစ်သစ်ကူးပွဲတော် ဒေသခံများ၊ လေ့လာသူများဖြင့် စည်ကား

**ရန်ကုန် ဇန်နဝါရီ ၁၅**

နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ နာဂလူမျိုးများနေထိုင်ရာ မြို့များနှင့် နာဂဒေသရှိ မြို့များတွင် ဇန်နဝါရီ ၁၄ ရက်မှ ၁၆ ရက်အထိ ကျင်းပလျက်ရှိရာ ဒေသခံတိုင်းရင်းသားများ၊ ပြည်တွင်း ပြည်ပ လေ့လာသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့တွင် ကျင်းပလျက်ရှိသော နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို နာဂရိုးရာယဉ်ကျေးမှုကော်မတီက ဦးဆောင်ကာ (၂၅)နှစ်ပြည့် ငွေရတုအထိမ်းအမှတ်ကျင်းပခြင်းဖြစ်ကာ နာဂဒေသရှိ လေရှီးမြို့တွင်လည်း ရိုးရာနှစ်သစ်ကူးပွဲတော်ကျင်းပလျက်ရှိရာ ဒေသခံတိုင်းရင်းသားများသာမက ပြည်တွင်းပြည်ပ ခရီးသွားများနှင့် လေ့လာသူများဖြင့် အထူးစည်ကားကြောင်း သိရသည်။

နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို နာဂလူမျိုးများ၏ ရိုးရာပွဲတော်များ အကြီးကျယ်ဆုံးပွဲတော်အဖြစ် ကျင်းပလေ့ရှိရာ နာဂဒေသရှိ လေရှီးနှင့် လဟယ်မြို့များတွင်လည်း ကျင်းပလေ့ရှိကြောင်း သိရသည်။ **(မိုးသူ)**

# တာဝါတိုင်ပေါ်သို့ တက်ရောက်နေသော စိတ်ဖောက်ပြန်သူတစ်ဦးကို အိမ်မဲမီးသတ်က ကယ်တင်

**အိမ်မဲ ဇန်နဝါရီ ၁၅**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ဝဲကြီးကူကျေးရွာရှိ ဆက်သွယ်ရေးတာဝါတိုင်ပေါ်သို့ စိတ်ဖောက်ပြန်နေသူတစ်ဦး တက်ရောက်နေသည်ကို အိမ်မဲမြို့နယ် မီးသတ်တပ်ဖွဲ့မှ ဇန်နဝါရီ ၁၄ ရက် ည ၁၀ နာရီခန့်က ခက်ခက်ခဲခဲ ကယ်တင်ခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါကျေးရွာနေ စိတ်ဖောက်ပြန်နေသူ ဦးတင်စိုး အသက်(၅၈)နှစ်သည် ဇန်နဝါရီ ၁၄ ရက် ညနေ ၄ နာရီခန့်က ပေ ၂၀၀ မြင့်သော အော်ရီဒူးတာဝါတိုင်ပေါ်သို့ တက်ရောက်ပြီး မူမမှန်သော အပြုအမူများပြုလုပ်နေသဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးက သက်ဆိုင်ရာဌာနများသို့ ဆက်သွယ်အကြောင်းကြားရာ မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးသန်းဇော်၏ ကွပ်ကဲမှုဖြင့် ဒုတပ်ကြပ် မောင်မောင်၊ ဒုတပ်ကြပ် စိုးပြည့်စုံ၊ တပ်သား အောင်ကျော်ကျော်၊ တပ်သား ချစ်ပိုင်ဇော်တို့လေးဦးက အသက်ကယ်ပစ္စည်းများဖြင့် အချိန်မီသွားရောက်ကာ အမြင့်ပေ ၇၀ ကျော်တွင်ရောက်ရှိနေသော ဦးတင်စိုးအား ခက်ခက်ခဲခဲ ကြိုးဖြင့်အောက်သို့ပြန်ချ၍ အောင်မြင်စွာ ကယ်ဆယ်နိုင်ခဲ့ကြောင်းသိရသည်။

**ဇော်ထက်(အိမ်မဲ)**

သတင်းမှတ်စု

# ကြည်နူးပုံရိပ်လေးတွေ မြင်စေချင်

ငယ်စဉ်ကာလ ပညာစသင်ခဲ့သည့်ကျောင်းသည် မိမိဘဝအတွက် မမေ့နိုင်သည့်အမှတ်ရစရာ နေရာဖြစ်သည်။ အခြေခံမူလတန်းပညာကို ကျောင်းတွင် သင်ယူတတ်မြောက်ပြီး အလယ်တန်း၊အထက်တန်း အဆင့်များသို့ တဖြည်းဖြည်းတက်လှမ်းသွားသောအခါတွင်လည်းအခြေခံပညာသင်ယူခဲ့ သည့် မူလတန်းကျောင်းကို မမေ့ခဲ့ပါ။ ထိုကဲ့သို့ ကျောင်းသားကျောင်းသူများက အခြေခံသင်ယူခဲ့သည့် ကျောင်းကိုမမေ့ကြသလို အခြေခံပညာကျောင်းတချို့ကလည်း ၎င်းတို့ကျောင်းမှပညာသင်ယူသွားခဲ့ပြီးတက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့်ကျောင်းသားကျောင်းသူများကို ပြန်လည်ဂုဏ်ပြုကြသည့် သတင်းများကို မကြာခဏ တွေ့မြင်ရသဖြင့် ဝမ်းသာကြည်နူးရသလို ကျွန်တော်နှင့်ထပ်တူ မိဘ၊ဆရာ၊ ကျောင်းသားတို့၏ နှလုံးအိမ်တွင်လည်း တစ်သက်မမေ့နိုင်စရာ ဖြစ်စေနိုင်မည်ဟု ယုံကြည်မိပါသည်။

အမက(၇)တာမွေကျောင်းပေါက်ဝမှာ ကျွန်တော့်သမီးကို ကျောင်းလိုက်ပို့စဉ် အမှတ်မထင်တွေ့လိုက်ရသည့် သတင်းလေးတစ်ပုဒ်မှာ ယင်းကျောင်းမှ စတုတ္ထတန်းအောင်မြင်ပြီး အခြားကျောင်းအသီးသီး၌ ဆက်လက်ပညာသင်ကြား၍ ယခု ၂၀၁၄-၁၅ ပညာသင်နှစ်တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဘာသာစုံနှင့်ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူများကို ဂုဏ်ပြုချီးမြှင့်လိုပါသဖြင့် ကျောင်းအုပ်ဆရာမကြီး ဖုန်း-၀၉၅၁၈၀၉၃၅ သို့ဆက်သွယ်ကြရန် နိုးဆော်စာကို တွေ့လိုက်ရခြင်းဖြစ်သည်။

ယင်းစာကို ဖတ်မိသဖြင့် ဆရာမကြီး ဒေါ်အေးအေးသန်းနှင့် တွေ့ဆုံမေးမြန်းကြည့်ရာ ဆရာမကြီးက " ကျွန်မတို့ အမက(၇)တာမွေကျောင်းရဲ့ ပညာရေးတိုးတက်မြင့်မားလာစေဖို့ ကလေးများကိုကျောင်းမှာပညာရည်ချွန်ဆုများ အစဉ်အဆက်ချီးမြှင့်ခဲ့တယ်။ ၂၀၀၆ ခုနှစ်ကစပြီး ကျောင်းမှာပညာသင်ယူပြီးမြောက်လို့တက္ကသိုလ်ဝင်စာမေးပွဲမှာ ဘာသာစုံဂုဏ်ထူးရသူတွေကို စတင်ချီးမြှင့်ပါတယ်။ ၂၀၁၀ ခုနှစ်မှာတော့ ဘာသာစုံနှင့် ငါးဘာသာဂုဏ်ထူးရှင်များကို ချီးမြှင့်ခဲ့ပါတယ်။ပြီးခဲ့တဲ့နှစ်အထိ ဘာသာစုံဂုဏ်ထူးရှင် ၂၅ ဦး၊ငါးဘာသာဂုဏ်ထူးရှင် ၁၅ ဦးတို့ကို ချီးမြှင့်ခဲ့ပါတယ်"ဟု ရှင်းပြပြီး ဆက်လက်၍ ပြောကြားသည်မှာ "ဂုဏ်ပြုပွဲကျရင် လာဖြစ်အောင်လာခဲ့ပါလို့ဖိတ်ကြားပါတယ်။ အဲဒီအခါကျရင် ဆရာ ဆရာမဟောင်းတွေနဲ့ ကျောင်းသူ ကျောင်းသားဟောင်းတွေ တွေ့ပြီး ကြည်နူးပုံရိပ်လေးတွေကို မြင်စေချင်လို့ပါ"ဟုပြောကြားခဲ့ပြီး မုဒိတာပွားစရာ ထူးချွန်ကျောင်းသားဂုဏ်ပြုပွဲသို့ အရောက်သွားမည်ဟု စိတ်ကူးလိုက်ပါသည်။

**ဌေးအောင်**

# ၁၀ ဘီးကုန်သေတ္တာတင်ယာဉ် ဓာတ်အားလိုင်းဓာတ်တိုင်စင်အား ဝင်တိုက်



**ရန်ကုန် ဇန်နဝါရီ ၁၅**

ဇန်နဝါရီ ၈ ရက် ည ၁၁ နာရီခန့် တွင် ဘုရင့်နောင်လမ်းမကြီးအတိုင်း ရန်ကုန်မြို့တွင်းမှ ယာဉ်မောင်းကျော်သူရ မောင်းနှင်လာသည့် ယာဉ်အမှတ် ၃ခ/. . . ၁၀ ဘီးကုန်သေတ္တာတင်သည့် ယာဉ်သည် ရွာမကျောင်းလမ်းဆုံအလွန် ရွာမဟိုတယ်ရှေ့ရှိ ၆၆ KV ဘုရင့်နောင် ဆင်မလိုက်ဓာတ်အားလိုင်း၏ ဓာတ်တိုင်စင်အား အရှိန်ဖြင့် ဝင်တိုက်ရာ ဓာတ်တိုင်အောက်ခြေမှာ အပိုင်းလိုက်ပြတ်သွားပြီး အပေါ်ပိုင်းဓာတ်အားလိုင်းကြိုးများ ပျက်စီးမှုရှိခဲ့ကြောင်း၊ အဆိုပါယာဉ်၏ ရှေ့ခန်းပေါ် ဓာတ်တိုင်နှင့် သစ်ကိုင်းများ ပိကျနေရာ ဇန်နဝါရီ ၉ ရက် မွန်းလွဲ ၁ နာရီကျော်တွင် ကရိန်းဖြင့် ဖယ်ရှားဆွဲယူခဲ့ကြောင်း သိရသည်။

ဓာတ်တိုင်စင်ပျက်စီးမှုကို သက်ဆိုင်ရာမှ ဇန်နဝါရီ ၉ ရက်တွင် ပြင်ဆင်ခဲ့၍ ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းတွင် ပြင်ဆင်မှုပြီးစီးသွားပြီး ဓာတ်အားလိုင်းတိုင်များနှင့် ဓာတ်ကြိုးများ စုစုပေါင်း ကျပ်သိန်း ၁၂၀ နီးပါး ဆုံးရှုံးမှုရှိသည့်အတွက် လှိုင်မြို့နယ် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ မြို့နယ်အုပ်ချုပ်ရေးမှူးက ဇန်နဝါရီ ၁၀ ရက်တွင် ယာဉ်မောင်းအား အရေးယူပေးရန် တရားလိုပြုလုပ် တိုင်တန်းထားကြောင်း၊ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းအား ပိတောက်ချောင်း နယ်မြေရဲစခန်းက (ပ)၁၃/ ၂၀၁၅ ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေးအက်ဥပဒေ ပုဒ်မ၆(၁)ဖြင့်လည်း အမှုဖွင့်ထားကြောင်း သိရသည်။

**မောင်စေအောင်**

သွေးသည် အသက်

# ပရီမီယာလိဂ် ရင်ခုန်သံ – ၂၂

***လာမယ့် ဇန်နဝါရီ ၁၇၊ ၁၈၊ ၂၀ ရက်တွေမှာ ပရီမီယာလိဂ် ပွဲစဉ် ၂၂ ကို ယှဉ်ပြိုင်ကစားသွားဖို့ရှိပြီး အဲဒီပွဲစဉ်မှာတော့ မန်စီးတီး နဲ့ အာဆင်နယ်ဆုံတွေ့နေပါတယ်။ မန်စီးတီးအနေနဲ့ အဲဗာတန်နဲ့ သရေကျခဲ့ပြီးတဲ့နောက်အာဆင်နယ်နဲ့ ဆုံတွေ့နေတာဖြစ်လို့ နိုင်ပွဲပြန် ရှာဖွေနိုင်မလားဆိုတာ စောင့်ကြည့်သွားရမှာပါ။***

**ဗီလာ–လီဗာပူး** **ည ၉း၃၀ (၁၇–၁–၁၅)**

လီဗာပူးက အခုနောက်ပိုင်းမှာ၏ ကစားပုံ အနည်းငယ် ပြန်ကောင်းနေသလို ရလဒ်ပိုင်းတွေ လည်း ကောင်းမွန်နေပါတယ်။ ဒါပေမယ့် သတိပြု ရမှာက လီဗာပူးဟာ ဒီပွဲအပြီးမှာ ကယ်ပီတယ်ဝမ်း ဖလားဆီမီးပွဲအဖြစ် ချဲလ်ဆီးနဲ့ကစားရမှာဖြစ်လို့ ခြေကုန်ထုတ်ဖို့ခက်ခဲမှာဖြစ်တယ်။ ဗီလာရဲ့ ခံကစားအားကြောင့် သရေကျသွားနိုင်တယ်။

**ဘန်လေ–ခရစ္စတယ်ပဲလေ့စ်** **ည ၉း၃၀ (၁၇–၁–၁၅)**

ခရစ္စတယ်ပဲလေ့စ်ဟာ အလန်ပါဂျူးကိုင်တွယ် ပြီးနောက် စပါးစ်ကိုပါ အနိုင်ရခဲ့တဲ့အတွက် စိတ်ဓာတ်ပိုင်းအားကောင်းလာနိုင်တယ်။ ဒါပေမယ့် ဘန်လေကအခုနောက်ပိုင်း ကစားပုံကောင်းနေ သလို နယူးကာဆယ်၊ မန် စီးတီးတို့ကို သရေကစားနိုင် ခဲ့ပြီး ကျူပီအာကိုအနိုင်ကစားနိုင်ခဲ့တယ်။ ဒါ ကြောင့်ဒီပွဲမှာ ပဲလေ့စ်အတွက် သရေထက်မပိုနိုင် ဘူး။

**လက်စတာ–စတုတ်** **ည ၉း၃၀ (၁၇–၁–၁၅)**

စတုတ်ရဲ့အသင်းလိုက်ကစားပုံမဆိုးဘူးဆိုပေ မယ့် တိုက်စစ်ကတော့ ဂိုးသွင်းခြေသာမန်သာ ရှိတယ်။ ဒ့ါအပြင် စတုတ်ဟာ အဝေးကွင်းမှာဆိုရင် လည်း ခြေအနည်းငယ်ကျတတ်တယ်။ ဒ့ါအပြင် လက်စတာကလည်း အခုနောက်ပိုင်းခံကစားပုံ ကောင်းလွန်းနေတယ်။ စတုတ်နိုင်မယ်ဆိုရင် တောင် ဂိုးပြတ်အနိုင်ရဖို့ ခက်ပါတယ်။

**ကျူပီအာ–မန်ယူ** **ည ၉း၃၀ (၁၇–၁–၁၅)**

ကျူပီအာက တန်းဆင်းဇုန်အတွင်း ပြန်ရောက် သွားတာကြောင့် ပြန်လည်ရုန်းထွက်နိုင်ဖို့ အားစိုက် လာမှာသေချာသလို အိမ်ကွင်းဆိုရင်လည်း ကစားပုံ ပိုကောင်းတတ်တယ်။ ဒါပေမယ့် မန်ယူက လည်း အမှတ် လိုအပ်နေတာကြောင့် အားစိုက် ကစားလာမယ့်အပြင် လူလည်းပြန်စုံလာပြီဖြစ်တာ ကို သတိပြုရမယ်။

**ဆွမ်ဆီး–ချဲလ်ဆီး** **ည ၉း၃၀ (၁၇–၁–၁၅)**

ချဲလ်ဆီးက ဒီပွဲအပြီးမှာ လီဗာပူးနဲ့ ကက်ပီတယ်ဝမ်း ဖလား ဆီမီးအဆင့်ကစားရမှာဖြစ်ပေမယ့် မန်စီးတီး ပွဲကျပ်ကြုံတွေ့နေချိန်မှာ အမှတ်ပိုအသာရဖို့ အမှားခံမှာမဟုတ်ဘူး။ ဆွမ်ဆီးရဲ့တုံ့ပြန်ကစားပုံနဲ့ အိမ်ကွင်းခြေစွမ်းပိုင်းမဆိုးဘူးဆိုပေမယ့်ချဲလ်ဆီး ကိုထိန်းဖို့တော့မလွယ်ဘဲ ချဲလ်ဆီးကသာနိုင်ပွဲရ သွားဖို့ ရှိတယ်။

**စပါးစ်–ဆန်းဒါးလန်း** **ည ၉း၃၀ (၁၇–၁–၁၅)**

စပါးစ်က ဒီပွဲအပြီးမှာ ကက်ပီတယ်ဝမ်းဖလား ဆီမီးဖိုင်နယ် ကစားရမှာဖြစ်ပေမယ့် ကစားရမယ့် အသင်းက လိဂ်ဝမ်းပြိုင်ပွဲဝင် ရှက်ဖီးလ်ယူနိုက်တက် သာဖြစ်ကာ အိမ်ကွင်းလည်းဖြစ်လို့ ဒီပွဲမှာ အားစိုက် နိုင်မယ့်အခွင့်အရေးရှိနေတယ်။ ဆန်းဒါးလန်းက လည်း ခြေသာမန်သာရှိလို့ စပါးစ်နိုင်ပွဲပြန် ရသွားမှာ ပါ။

**နယူးကာဆယ်–ဆောက်သမ်တန်**
**နံနက် ၀၀း၀၀(၁၈–၁–၁၅)**

အလန်ပါဂျူးနဲ့ လမ်းခွဲပြီးတဲ့နောက်မှာ နယူး ကာဆယ်ရဲ့ ကစားအားကျဆင်းသွားတာကို တွေ့ရတယ်။ ဒါပေမယ့် ပရီမီယာလိဂ်ပြိုင်ပွဲ အတွင်းနောက်ဆုံးငါးပွဲမှာ တစ်ပွဲသာအနိုင်ရခဲ့တာ ကြောင့် အိမ်ကွင်းမှာအားစိုက်ကစားလာမှာတော့ သေချာတယ်။ ဒါကြောင့် ဆောက်သမ်တန်ခြေမဆိုး ပေမယ့် ရှုန်းကန်ရနိုင်ပြီး ကပ်ပြီးသာနိုင်ခြေရှိတယ်။

**ဝက်စ်ဟမ်း–ဟားလ်** **ည ၈း၀၀ (၁၈–၁–၁၅)**

ဆွမ်ဆီးနဲ့ပွဲမှာ သရေကျခဲ့မှုနဲ့အတူ ဝက်စ်ဟမ်း ပထမ ပရီမီယာလိဂ်ပြိုင်ပွဲအတွင်း လေးပွဲဆက် အနိုင်ပျောက်ဆုံးခဲ့ရတာကြောင့် အားစိုက်ကစား လာမှာသေချာတယ်။ ဟားလ်ကတော့ ခြေစွမ်းပိုင်း တည်ငြိမ်မှုမရှိသလို အဝေးကွင်းမှာ ခံစစ်ကစားပုံ အားနည်းတတ်တယ်။ အိမ်ကွင်းမှာ ဝက်စ်ဟမ်း နိုင်ပွဲပြန်ရသွားနိုင်ပါတယ်။

**မန်စီးတီး–အာဆင်နယ်** **ည ၁၀း၃၀ (၁၈–၁–၁၅)**

အဲဗာတန်နဲ့ သရေကျခဲ့ရတာကြောင့် မန်စီးတီး အနေနဲ့ အမှားခံမှာမဟုတ်ဘူး။ အာဆင်နယ် က ဒဏ်ရာရနေတဲ့ အဓိကကစားသမားအချို့ ပြန်လည်ပါဝင်လာပြီးဖြစ်ပေမယ့် အသင်းကြီးတွေနဲ့ ရင်ဆိုင်ရတဲ့ပွဲတွေမှာ ရလဒ်ကောင်းမရတတ်တာကို သတိပြုရမယ်။ အိမ်ကွင်းမှာ မန်စီးတီးကပဲ နိုင်ပွဲရသွားနိုင်ပါတယ်။

**အဲဗာတန်–ဝက်စ်ဘရွမ်း** **နံနက် ၂း၃၀ (၂၀–၁–၁၅)**

အဲဗာတန်က မန်စီးတီးကို သရေကစားပြီး ရှုံးပွဲ ဆက်နေမှုကို ရပ်တန့်နိုင်ခဲ့ပေမယ့် ကစားပုံက တော့ လိုအပ်ချက်အချို့ရှိနေဆဲပါ။ အထူးသဖြင့် တိုက်စစ်မှူး လူကာကူဟာ ဒီရာသီမှာ ပုံမှန်ခြေစွမ်း ပြသနိုင်ခြင်းမရှိသေးဘူး။ အဲဗာတန်ရဲ့ အိမ်ကွင်းဖြစ် ပေမယ့် ဝက်စ်ဘရွန်းရဲ့ခြေကလည်း မဆိုးလို့ သရေ ကျသွားနိုင်တယ်။ **(ရှိုင်းမင်းမင်း)**

# စခန်းသွင်းလေ့ကျင့်ထားသော မြန်မာမြားပစ်အဖွဲ့ ကိုရီးယားနှင့် လက်ရည်စစ် ချစ်ကြည်ရေး မြားပစ်ပြိုင်

**နေပြည်တော်၊ ဇန်နဝါရီ ၁၅**

မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်မှ (၂၈) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် စခန်းသွင်းလေ့ကျင့် ပြင်ဆင်လျက်ရှိသော မြန်မာမြားပစ် အားကစားသမားများအား ကိုရီးယား နိုင်ငံ ဂါဝန်ဒိုမြားပစ်အဖွဲ့မှအားကစား သမားများနှင့် လက်ရည်စစ်ချစ်ကြည် ရေးမြားပစ်ပြိုင်ပွဲကိုဇန်နဝါရီ ၁၄ ရက် က စတင်၍ ဝဏ္ဏသိဒ္ဓိ မြားပစ်အားကစား ကွင်းတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအိုလံပစ် ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အားကစား ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဇော်ဝင်းနှင့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေ ထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ် ဦးမျိုးလှိုင်နှင့် မြန်မာနိုင်ငံမြားပစ် အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ အားကစား ဝန်ကြီးဌာန ရုံးအဖွဲ့မှူး ဒုတိယညွှန်ကြား ရေးမှူးချုပ် ဦးကျော်ဦးတို့ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ဇန်နဝါရီ ၁၄ရက် နံနက်က တတိယလု ပွဲစဉ်များနှင့် ဗိုလ်လုပွဲစဉ်များကို ကျင်းပခဲ့ ပြီး Recurve အမျိုးသမီးတစ်ဦးချင်း ရှုံး/ထွက် ပြိုင်ပွဲမှ တတိယလုပွဲစဉ်တွင် ကိုရီးယားနိုင်ငံနှင့် မြန်မာနိုင်ငံတို့ ယှဉ်ပြိုင် ကစားကြရာတွင် ကိုရီးယားနိုင်ငံမှ Youn Jung Hye က တတိယဆုကို လည်းကောင်း၊ Recurve ပြိုင်ပွဲ ဗိုလ်လု ပွဲစဉ်အဖြစ် Kang Mi Yeon က အနိုင် ရရှိသွားပြီး Kang Mi Yeon က ပထမ၊ Seong Hye Gyung က ဒုတိယဆုကို လည်းကောင်း၊ Recurve အမျိုးသား တစ်ဦးချင်း ရှုံး/ထွက်ပြိုင်ပွဲတွင် တတိယလု ပွဲစဉ်တွင် ဆိုင်လုကာက အနိုင်ရရှိပြီး တတိယကိုလည်းကောင်း၊ ဗိုလ်လုပွဲတွင် နေမျိုးအောင်က အနိုင်ရရှိပြီး ပထမဆု ရရှိကာ ငြိမ်းစည်သူက ဒုတိယဆုကို လည်းကောင်း၊ Compound အမျိုးသမီး တစ်ဦးချင်း ရှုံး/ထွက်ပြိုင်ပွဲတွင် တတိယ ပွဲစဉ်တွင် ယောစိမ်းယက တတိယဆုကို လည်းကောင်း၊ ဗိုလ်လုပွဲစဉ်တွင် Kim Yun Hee က အနိုင်ရရှိပြီး ပထမဆု နှင့် Seol Da Yeong က ဒုတိယဆုကို လည်းကောင်း၊ Compound အမျိုးသား တစ်ဦးချင်း ရှုံး/ထွက် ပြိုင်ပွဲတွင် တတိယလုပွဲစဉ်တွင် ကျော်လင်းထွန်းက တတိယဆုကိုလည်းကောင်း၊ ဗိုလ်လုပွဲစဉ် တွင် ပြည့်စုံက အနိုင်ရရှိပြီး ပထမဆုနှင့် ရှိန်းထက်ကျော်က ဒုတိယဆုတို့ကို လည်း ကောင်း အသီးသီးရရှိခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲအခမ်း အနားကို ကျင်းပခဲ့ရာ Recurve အမျိုးသမီးတစ်ဦးချင်း ရှုံး/ထွက် ပြိုင်ပွဲ တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိခဲ့သော အားကစားသမားများအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းက လည်းကောင်း၊ Recurve အမျိုးသားတစ်ဦးချင်း ရှုံး/ထွက် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိ ခဲ့သော အားကစားသမားများအား အား ကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးသက်လွင်က လည်းကောင်း၊ Compound အမျိုးသမီး တစ်ဦးချင်း ရှုံး/ထွက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိခဲ့သော အားကစား သမားများအား အားကစားနှင့်ကာယ ပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က လည်းကောင်း၊ Compound အမျိုးသားတစ်ဦးချင်း ရှုံး/ထွက် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိခဲ့သော အားကစားသမားများကို မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဦးကျော်ဦးက လည်းကောင်း ဆုများ ကို အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

# ထိုင်းနိုင်ငံတွင် ကျင်းပမည့် ဂေါက်သီးရိုက်ပြိုင်ပွဲသို့ ဇော်ဇော်လတ်နှင့် ရဲထက်အောင်တို့ ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန်၊ ဇန်နဝါရီ ၁၅**

ဇန်နဝါရီ ၂၁ ရက်မှ ၂၄ ရက်အထိ ထိုင်း နိုင်ငံ Springfield Royal Country Club, Hua Hin တွင် ကျင်းပမည့် ၂၀၁၅ ခုနှစ် Asian Tour Qualifying School (Final Stage) တွင် မြန်မာနိုင်ငံမှ ၂၀၁၄ခုနှစ် Myanmar Golf Tour Order Of Merit Award Winner ဆုရှင် ဇော်ဇော်လတ်နှင့် ၂၀၁၄ ခုနှစ်တွင် အပျော်တန်းအဆင့်မှ Professional Golfer အဆင့်သို့ ကူးပြောင်းခွင့်ရရှိသူ ရဲထက် အောင်တို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ် သည်။

ထို လက်ရည်စစ်ပြိုင်ပွဲတွင် နိုင်ငံတကာ မှ တက်သစ်စလူငယ်ဂေါက်သီး အားကစား သမားများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ် ပြီး အဆင့် ၄၀ အတွင်းရရှိသူများသာ Asian Tour မှ ဦးစီးကျင်းပမည့် ၂၀၁၅ ခုနှစ် အတွက် နိုင်ငံတကာပြိုင်ပွဲများတွင်ဝင်ရောက် ယှဉ်ပြိုင်ခွင့် ရရှိမည်ဖြစ်သည်။

အဓိကရည်ရွယ်ချက်ဖြစ်သော ထူးချွန် သော ဂေါက်သီးသမားကောင်းများ ပေါ်ထွက် စေရေး၊ ဂေါက်သီးပြိုင်ပွဲအတွေ့ အကြုံဗဟု သုတ ပညာရပ်များ၊ စည်းမျဉ်း စည်းကမ်းများ ဖလှယ်နိုင်ရေး၊ နိုင်ငံတကာပြိုင်ပွဲများ စဉ်ဆက်မပြတ် ပါဝင်ယှဉ်ပြိုင်နိုင်ရေး အတွက် ရည်ရွယ်ချက်များဖြင့် စေလွှတ်ရ ခြင်း ဖြစ်ကြောင်း သိရသည်။ **(ဖိုးသော်ဇင်)**

# စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲ ၁၆ ရက်ကြာကျင်းပမည်

**နေပြည်တော်၊ ဇန်နဝါရီ ၁၅**

စတုတ္ထအကြိမ် အမျိုးသား အား ကစားပွဲတော်ကြီးကို နေပြည်တော် တွင် ဖေဖော်ဝါရီ ၁၃ရက်မှ ၂၈ရက် အထိ (၁၆) ရက်ကြာ ကျင်းပသွားဖြစ် ပြီး ဖွင့်ပွဲအခမ်းအနားကို ဖေဖော် ဝါရီ ၂၁ရက် နှင့် ပိတ်ပွဲအခမ်းအနား ကို ဖေဖော်ဝါရီ ၂၈ရက်တွင် ကျင်းပ ပြုလုပ်သွား မည်ဖြစ်ကြောင်းသိရ သည်။ **(ကြေးမုံ)**


## ဘဏ္ဍာရေးဝန်ကြီးဌာန
## မြန်မာ့အာမခံလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

မြန်မာ့အာမခံလုပ်ငန်းတွင် အသုံးပြုမည့် Computer (၁၅)လုံးနှင့် Fax (၅)လုံးကို ဝယ်ယူ လိုပါသည်။

တင်ဒါပိတ်မည့်ရက် - ၂၈-၁-၂၀၁၅ ရက်

တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ပုံစံ တစ်စောင်လျှင် ၂၀၀၀/- ကျပ်နှုန်း ဖြင့် အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
မြန်မာ့အာမခံလုပ်ငန်း
အမှတ်-၆၂၇/၆၃၅၊ ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ဖုန်း-၀၁-၂၅၀၁၅၂






# ကျိုက်ထိုမြို့နယ်အတွင်း ဘိုရားကြီးကျေးရွာ၌ မူးယစ်ရမ်းကားမှုကြောင့် လူသတ်မှုဖြစ်ပွား

**ကျိုက်ထို၊ ဇန်နဝါရီ ၁၅**

ကျိုက်ထိုမြို့နယ် ဘိုရားကြီးကျေးရွာတွင် ဇန်နဝါရီ ၁၃ ရက်ည ၁၁နာရီခန့်က လူသတ်မှုဖြစ်ပွားခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ ဘိုရားကြီးကျေးရွာ တာဘောင်လမ်းနေ ဒေါ်ရီ (၄၆) သည်နေအိမ်၌ရှိနေစဉ်နေ အိမ်ခေါင်းရင်းနေ ဝင်းထွဋ်စိုး (၃၅)နှစ်က အရက်သေစာသောက်စားမူးယစ်ပြီး ဒေါ်ရီအားစောင်းမြောင်းအော်ဟစ်ဆဲဆိုနေသည့်အတွက် ဒေါ်ရီက ကျေးရွာအုပ်ချုပ်ရေးမှူးထံတွင် တိုင်ကြားရန် ညီမဖြစ်သူ ဒေါ်ဖြူ (၄၅) နှစ်အား ခေါ်ယူလျက် တာပေါင်လမ်းအတိုင်း ထွက်လာခဲ့သည်။

ထိုသို့ နှစ်ဦးထွက်လာစဉ် ဝင်းထွဋ်စိုးက နောက်မှလိုက်လာပြီး ချွန်ထက်သည့်လက်နက်ဖြင့် လိုက်လံထိုးမှုကြောင့် ဒေါ်ရီတွင် ယာဘက်ရင်အုံ ထိုးသွင်းဒဏ်ရာတစ်ချက်ဖြင့် လမ်းပေါ်တွင် သေဆုံးခဲ့ပြီး ဒေါ်ဖြူမှာ ထိုးသွင်းဒဏ်ရာများရရှိခဲ့၍ ကျိုက်ထိုပြည်သူ့ဆေးရုံသို့ တင်ပို့ကာ ဆေးဝါးကုသမှုခံယူလျက်ရှိပြီး ဝင်းထွဋ်စိုးမှာ အခင်းဖြစ်ပြီးနောက် ထွက်ပြေးတိမ်းရှောင်သွားသဖြင့် ကျိုက်ထိုမြို့မရဲစခန်းက (ပ)၈/ ၂၀၁၅ ပြစ်မှုပုဒ်မ ၃၀၂/၃၂၆ အရ အမှုဖွင့်လှစ်ပြီး တရားခံအား ဖမ်းဆီးရမိရေး စုံစမ်းရှာဖွေလျက်ရှိကြောင်းသိရသည်။

**ဝင်းမောင်(iprd)**

# ငဖဲမြို့နယ်တွင် တရားမဝင်သစ် သယ်ဆောင်သူများကို အရေးယူ

**မကွေး၊ ဇန်နဝါရီ ၁၅**

မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး မှုခင်းအကူဌာနစုမှ ရဲအုပ်မျိုးနိုင်နှင့်အဖွဲ့၊ ငဖဲမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ကျော်မျိုးဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ တောခေါင်းဦးစိန်မြင့်တို့ ပါဝင်သည့်ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၂ ရက် ည ၁၁ နာရီက ငဖဲမြို့နယ်မှရခိုင်ပြည်နယ် အမ်းမြို့သို့ တရားမဝင်သစ်များ ပို့ဆောင်ရောင်းဝယ်နေကြောင်း သတင်းအရ ငဒါန်း-ငဖဲကားလမ်း မိုင်တိုင်အမှတ် (၈) အနီးစောင့်ဆိုင်းခဲ့သည်။

ငဖဲမြို့ဘက်မှ ပဒါန်းရွာဘက်သို့ ကျော်ရွှေဝင်း (၃၂)နှစ် ဇင်ပြွန်းကျေးရွာ ငဖဲမြို့နယ်နေသူ မောင်းနှင်ပြီး ယာဉ်ပေါ်တွင် ယာဉ်နောက်လိုက် ညီကျော် (၂၂) နှစ်နှင့် သစ်ပိုင်ရှင် ကျော်လွင် (၅၀) နှစ် အမှတ်(၅) ရပ်ကွက် အမ်းမြို့နေသူတို့ လိုက်ပါစီးနင်းလာသော နှစ်ဆန်း ၁၀ ဘီးအပြာရောင်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါယာဉ်ပေါ်တွင် တရားမဝင်ပျဉ်းကတိုးသစ်မာဆိုဒ်စုံ ၇၂ ချောင်း၊ ၈ ဒသမ ၅၉၆ တန် အား သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ တရားမဝင်သစ်သယ်ဆောင်သူ သုံးဦးအား ရဲအုပ်မျိုးနိုင်က တိုင်တန်းခဲ့သောကြောင့် ငဖဲမြို့နယ် မြို့မရဲစခန်းက (ပ)၇/ ၂၀၁၅၊ ပပက ၆(၁) ဖြင့် အမှုဖွင့် အရေးယူထားကြောင်းသိရသည်။

**ကျော်ဇေယျ**

# ဓားကိုင်၍ မူးယစ်ရမ်းကားသူအား ဖမ်းဆီးထိန်းသိမ်း

**ရန်ကုန်၊ ဇန်နဝါရီ ၁၅**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ်(၁၆)ရပ်ကွက် (၁၂၉) မြင်းပျံခရီးသည်တင်ယာဉ်ဂိတ်ဟောင်းရှေ့တွင် ဇန်နဝါရီ ၁၀ ရက် ည ၁၀ နာရီ ၄၅ မိနစ်ခန့်က အမျိုးသားတစ်ဦး ဓားကိုင်၍ မူးယစ်ရမ်းကားနေကြောင်း သတင်းပေးချက်အရ (အထူး) လှည့်ကင်းတာဝန်ထမ်းဆောင်နေသော နယ်မြေခံတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်တာဝန်ရှိသူများ သွားရောက်ဖမ်းဆီးထိန်းသိမ်းရှာဖွေရာ ဓား ၁၆ ချောင်းနှင့် သံတုတ် တစ်ချောင်းရမိခဲ့သည်။

အဆိုပါဖြစ်စဉ်မှာ နိုင်ဝင်းထွဋ်(ခ) နိုင်ကြီး (၁၆)ရပ်ကွက် လှိုင်သာယာမြို့နယ်နေသူသည် ဗိုလ်အောင်ကျော်လမ်းမပေါ်ရှိ မြင်းပျံမော်တော်ယာဉ်ဂိတ်ဟောင်းရှေ့တွင် ပြည်သူများ အထိတ်တလန့်ဖြစ်စေသည့် အထိ ဓားကိုင်ကာ မူးယစ်ရမ်းကားနေသည်ကို အမှတ်(၄) နယ်မြေရဲကင်းမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က သွားရောက်ဖမ်းဆီးစဉ် နိုင်ကြီးက ၎င်းကိုင်ဆောင်ထားသည့် ဓားနှစ်လက်ကို ခါးကြား၌ ထိုး၍ အိမ်ထဲသို့ ဝင်ရောက်တိမ်းရှောင်သွားသဖြင့် လိုက်လံဖမ်းဆီးရမိပြီး သက်သေများနှင့်အတူ ရှာဖွေရာ နိုင်ကြီးကိုယ်၌ သိုဝှက်ထားသည့် ဓားနှစ်လက်နှင့် အရိုးအသွား ၁၂ လက်မအထိ ရှည်သော ဓားအပါအဝင် ဓား ၁၆ ချောင်း၊ သံတုတ် တစ်ချောင်းတို့ကို ထပ်မံသိမ်းဆည်းနိုင်ခဲ့သည်။

နိုင်ဝင်းထွဋ် (ခ) နိုင်ကြီးအား လှိုင်သာယာမြို့မရဲစခန်းက သက်သေခံ ပစ္စည်းနှင့်အတူ ဖမ်းဆီးထားပြီး (ပ)၅၈ရ၁၅-၅၉ (၁၅) လက်နက်ပုဒ်မ ၁၉(က) ၁၉(င)အရ အမှုဖွင့်၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူထားသည်။

**မင်းထက်ပိုင်(လှိုင်သာယာ)**

# ဆိုင်ကယ်နှင့်ကား မျက်နှာချင်းဆိုင်တိုက် အမျိုးသမီးတစ်ဦးသေဆုံး

**ရေစကြို၊ ဇန်နဝါရီ ၁၅**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် မုံရွာ-ပခုက္ကူကားလမ်း မအူခုနှစ်ပင်ကျေးရွာအနီး ဇန်နဝါရီ ၁၃ ရက် နံနက် ၁၁ နာရီခွဲက ဆိုင်ကယ်နှင့်ကားမျက်နှာချင်းဆိုင်တိုက်မိပြီး အမျိုးသမီးတစ်ဦးသေဆုံးသွားခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ မုံရွာမြို့မှ ဝင်းမင်းသိန်း (၃၄) နှစ် သလ္လာ(၄)ရပ်ကွက် မုံရွာနေသူ မောင်းနှင်လာသည့် ဟီးနိုးဘတ်စ်ကား မုံရွာ-ပခုက္ကူ-မကွေးယာဉ်လိုင်းကားသည် မိုင်တိုင်အမှတ် ၅/၀ နှင့် ၅/၁အကြား အရောက်တွင် မအူခုနှစ်ပင်ကျေးရွာမှ ပခုက္ကူ-မုံရွာကားလမ်းမကြီးပေါ်သို့ မခင်မာကြည် (၃၈) နှစ် ကျွန်းဘိုပင်ကျေးရွာ ရေစကြိုမြို့နယ်နေသူမောင်းနှင်ပြီး နောက်မှ မဇင်မာဦး(ခ)ပူစူးမ (၂၀) နှစ် အောင်ဘက်စံကျေးရွာ မြစ်သားမြို့နယ်နေသူ လိုက်ပါစီးနင်းလာသည့် အနက်ရောင်ဆိုင်ကယ်မှာ လမ်းအလယ်တွင်မျက်နှာချင်းဆိုင်တိုက်မိခဲ့သဖြင့် မဇင်မာဦး(ခေါ်)ပူစူးမတွင် ဒဏ်ရာရရှိခဲ့ပြီး မခင်မာကြည်တွင် သေဆုံးသွားခဲ့ကြောင်းသိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ဝင်းမင်းသိန်းအား ရေစကြိုမြို့နယ် မြို့မရဲစခန်းက ယာဉ်(ပ)၃/၂၀၁၅၊ပုဒ်မ ၃၀၄-က/၃၃၇ ဖြင့်အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

**(ကျော်ဇေယျ)**

# ဓားထိုးမှုကြောင့် လူတစ်ဦး သေဆုံး

**ပဲခူး၊ ဇန်နဝါရီ ၁၅**

သဲကုန်းမြို့နယ် ပြဟ္မာ့အင်းအုပ်စု ရေစုပွင်ရွာ၌ ဇန်နဝါရီ ၁၁ ရက် ည ၇ နာရီက ရေစုပွင်ရွာနေ ဝင်းထွန်း (၂၆) နှစ်က ယောက်ဖတော်စပ်သူ ဦးသန်းကြိုင် (၃၈) နှစ်အား ဓားဖြင့်ထိုးရာ ဦးသန်းကြိုင်မှာဓားဒဏ်ရာဖြင့် သေဆုံးသွားကြောင်းသိရသည်။

ဖြစ်စဉ်မှာ သဲကုန်းမြို့နယ် ရေစုပွင်ရွာနေ ဒေါ်စန်းအေးသည် တစ်ရွာတည်းနေ မောင်ဖြစ်သူ ဝင်းထွန်းတို့ လင်မယားစကားများနေ၍ခင်ပွန်းဖြစ်သူ ဦးသန်းကြိုင်နှင့်အတူသွားရောက် ဖျန်ဖြေခဲ့ကြောင်း၊ ဝင်းထွန်းမှာလက်မခံ၍ ခင်ပွန်းဖြစ်သူ ဦးသန်းကြိုင်အားခေါ်ပြီး နေအိမ်ပြန်လာခဲ့စဉ် ဝင်းထွန်းမှာနောက်မှလိုက်လာပြီး နေအိမ်ခြံဝင်းအတွင်းဝင်၍ လေးခွနှင့်ပစ်ရာ ဦးသန်းကြိုင်က တုတ်ဆွဲပြီး ပြန်ရိုက်ခဲ့ကြောင်း၊ ထို့နောက် ဝင်းထွန်းက ဓားဖြင့် ဦးသန်းကြိုင်၏ရင်အုံအားထိုးသဖြင့် သဲကုန်းဆေးရုံသို့ ပို့ဆောင်စဉ် လမ်းတွင်သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ခင်ပွန်းဖြစ်သူဦးသန်းကြိုင် သေဆုံးမှုနှင့်ပတ်သက်ပြီး မောင်ဖြစ်သူဝင်းထွန်းအား အရေးယူပေးပါရန် ဒေါ်စန်းအေးက သဲကုန်းမြို့နယ်မြို့မရဲစခန်းသို့ တရားလိုပြုလုပ်တိုင်တန်းသဖြင့် မြို့မရဲစခန်းမှရဲအုပ် အောင်ရ (ခေတ္တစခန်းမှူး) က (ပ)၁၀/၂၀၁၄ ပြစ်မှုပုဒ်မ ၃၀၂အမှုဖွင့်ထားပြီး ဖမ်းဆီးရမိရေးအတွက် နယ်ထိန်းအဖွဲ့များဖြင့် ဝိုင်းဝန်းစုံစမ်းရှာဖွေလျက်ရှိသည်။

**ကိုလွင်(ပဲခူး)**






## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ၄၃-လမ်း၊ အမှတ် (၅၄) ၊ တတိယထပ်တွင် ရုံးခန်းဖွင့်လှစ်၍ လုပ်ငန်း ဆောင်ရွက်လျက်ရှိသော KHIN AYE LWIN FAMILY CO., LTD. သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားကို ရန်ကုန်တိုင်းဒေသကြီး စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ကုမ္ပဏီ မူပိုင်ကုန်အမှတ်တံဆိပ်အမည် အမှတ်အသား အဖြစ် မှတ်ပုံတင်ခဲ့ပြီးဖြစ်ပါသည်။

OfficeStore4u
ANYTHING YOUR OFFICE NEEDS...

( IV-၂၀၃၂၂၊၂၀၁၄ )

အထက်တွင် ကပ်နိုင်ဖော်ပြထားသော "OfficeStore4u" ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကိုအသုံးပြု၍ မှတ်ပုံတင်သွင်းကြေညာသူ KHIN AYE LWIN FAMILY CO., LTD. သည် ရုံးများ၊ အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများ၊ ကျောင်းများနှင့် လူပုဂ္ဂိုလ်များမှ စာရေးကိရိယာ၊ ရုံးလုပ်ငန်းသုံးပစ္စည်းအမျိုးမျိုး နှင့် အခြားဆက်စပ်ပစ္စည်းများကို ဝယ်ယူသုံးစွဲနိုင်ရန် ရည်ရွယ်၍ Website, Email, Facebook အစရှိသည့် အင်တာနက်စာမျက်နှာတွင် ဖော်ပြအသုံးပြုခြင်းဖြင့်သော်လည်းကောင်း၊ Telephone, Fax ဖြင့် သော်လည်းကောင်း၊ လူကိုယ်တိုင်ဖြင့် သော်လည်းကောင်း၊ စီးပွားရေးကြော်ငြာလမ်းညွှန်စာအုပ်အမျိုးမျိုးတွင်သော်လည်းကောင်း နှင့် မိုဘိုင်း၊ အွန်လိုင်း စာမျက်နှာများပေါ်တွင်သော်လည်းကောင်း လုပ်ကိုင် ဆောင်ရွက်ရာတွင် ကုမ္ပဏီမူပိုင်ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားအဖြစ် အသုံးပြုသွားမည် ဖြစ်ပါသည်။

သို့ပါ၍ အဆိုပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသား၏ တစိတ်တဒေသကို ဖြစ်စေ၊ အစိတ်အပိုင်းကို ဖြစ်စေ ဆင်တူယိုးမှား ပြုလုပ်၍ သော်လည်းကောင်း ၊ ထင်ယောင်ထင်မှား ပြုလုပ်၍ သော်လည်းကောင်း ၊ အတုအပပြုလုပ်၍ သော်လည်းကောင်း၊ လုပ်ကိုင် ဆောင်ရွက်ခြင်း မပြုလုပ်ကြပါရန် နှင့် အကယ်၍ ပြုလုပ်ပါက တရားဥပဒေအရ ထိရောက်စွာ အရေးယူသွားမည် ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးအီနစ်(တရားလွှတ်တော်ရှေ့နေ) (စဉ်-၅၃၄၁)

**YE NOOS & ASSOCIATES** ( Law Firm )

အမှတ်-၁၇၆(ပထမထပ်)၊ မိဘရိပ်မွန်အိမ်ရာ၊ ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်မြို့။ ဖုန်း-၃၉၇၂၃၄၊ ၃၉၇၂၃၅၊ ၂၉၆၁၃၂ ။

ပြည်တွင်းရေးရာ

# ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဥပဒေပြဋ္ဌာန်းနိုင်ရေး ဆွေးနွေး

**ရန်ကုန်၊ ဇန်နဝါရီ ၁၅**

ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှု ဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် Private Security Services in Myanmar ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို ရန်ကုန်မြို့ စင်ထရယ်ဟိုတယ်တွင် ဇန်နဝါရီ ၁၄ ရက်က ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ လုံခြုံရေးဝန်ဆောင်မှုကုမ္ပဏီအဖွဲ့အစည်း ဖြစ်ပေါ်လာရေး၊ လုံခြုံရေးဝန်ဆောင်မှုကုမ္ပဏီများ၏ အရည်အသွေး တိုးတက်မြင့်မားစေရန်နှင့် နိုင်ငံတကာအဆင့်နှင့်အညီ လုံခြုံရေး ဝန်ဆောင်မှုဥပဒေပြဋ္ဌာန်းနိုင်ရေးဟူသော ရည်မှန်းချက်များပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့ခြင်းဖြစ်သည်။

"လုံခြုံရေး ဝန်ဆောင်မှုပေးတဲ့နေရာမှာ manpower နဲ့ လုံခြုံရေးအထောက်အကူ ပစ္စည်းတွေအသုံးပြုပြီး ယနေ့ နည်းပညာတိုးတက်လာတဲ့ခေတ်ကြီးမှာ လုံခြုံရေး အထောက်အကူ ပစ္စည်းများကို တရားဝင်တင်သွင်းပြီးဖြစ်စေ၊ နိုင်ငံတွင်းမှာ ထုတ်လုပ်မယ် ဆိုရင်လည်း တရားဝင် မှတ်ပုံတင်ပြီး ထုတ်လုပ်ခွင့်ရမည်ဆိုပါက တရားဝင် ထုတ်လုပ်သွားပါမယ်။ အားနည်းချက်၊ အားသာချက်တွေကို ထောင့်စုံဘက်စုံ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒီနေ့ပြောင်းလဲလာတဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးခေတ်မှာ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှု ဝန်ထမ်းတွေ ယူနီဖောင်းဝတ်ပြီး တာဝန်ထမ်းဆောင်နေတာကို တွေ့လာမှာဖြစ်ပါတယ်။ နိုင်ငံရေးပြုပြင်ပြောင်းမှု၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှု၊ လူမှုရေးပြုပြင်ပြောင်းလဲမှု၊ တချို့နိုင်ငံတွေမှာ ပုဂ္ဂလိကလုံခြုံရေး ဝန်ဆောင်မှုအခန်းကဏ္ဍတွေက ရှေ့တန်းရောက်နေတာ တွေ့ရပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ လုံခြုံရေးမြှင့်တင်ဆောင်ရွက်မှုမှာ ပုဂ္ဂလိက လုံခြုံရေးဝန်ဆောင်မှုအခန်းကဏ္ဍကိုလည်း မြှင့်တင်ဖို့ လိုအပ်ပါတယ်။

"မြန်မာနိုင်ငံရဲတပ်ဖွဲ့မှဝင်တစ်ဦးသည် ပြည်သူ ၁၃၀၀ ကျော်ကို တာဝန်ယူနိုင်မှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ဆပ္ပွားတိုးပေးနိုင်မယ့် ပုဂ္ဂလိကလုံခြုံရေး ဝန်ဆောင်မှုတွေကို တိုးမြှင့်သွားမှာဖြစ်ပါတယ်။ ပုဂ္ဂလိကလုံခြုံရေး ဝန်ဆောင်မှုအခန်းကဏ္ဍအများဆုံး ဆောင်ရွက်လျက်ရှိပြီး တကယ်လိုအပ်မှသာလျှင် ရဲတပ်ဖွဲ့တွေက ပြစ်မှုဆိုင်ရာ အခန်းကဏ္ဍမှာပဲ လုပ်ငန်းလုပ်ဆောင်ကြတာဖြစ်ပါတယ်။ သက်ဆိုင်ရာမှ လုံခြုံရေးဆိုင်ရာ သင်တန်းတွေပေးမှု၊ အထောက်အကူပြုပစ္စည်းတွေကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်အောင် သင်တန်းများပေးသလို နိုင်ငံတော်မှ ပြဋ္ဌာန်းထားတဲ့ ဥပဒေ၊ နည်းဥပဒေတွေများနဲ့ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် ယင်းနှင့်အညီ ထုတ်ပြန်ရေးဆွဲသွားရမှာဖြစ်ပါတယ်။ တရားဝင် မှတ်ပုံတင်ထားတဲ့ အဖွဲ့အစည်းများအနေဖြင့် ဆောင်ရွက်ရမှာဖြစ်သလို တာဝန်သိမှု၊ တာဝန်ယူမှုတွေ ရှိရမှာဖြစ်ပါတယ်။ ယနေ့တက်ရောက်လာကြသည့် လူကြီးမင်းများအနေဖြင့် အဘက်ဘက်က ဝိုင်းဝန်းဆွေးနွေးကြပါလို့ ကျွန်တော့်အနေနဲ့ တိုက်တွန်းအပ်ပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး နယ်စပ်လုံခြုံရေးနှင့် ကာကွယ်ရေးဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်းက အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

"ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြမှာဖြစ်ပါတယ်။ အထူးဧည့်သည်တော် အမေရိကန်မှ မစ္စတာချားက အမေရိကမှာရှိတဲ့ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းများ၏ လိုင်စင်အကြောင်းတွေ၊ Board of Security၊ မီးသတ်ဌာနနှင့် ဆက်နွယ်ပတ်သက်တဲ့ ကဏ္ဍတွေကို မျှဝေပေးမှာဖြစ်ပြီး မြန်မာနိုင်ငံမှာရှိတဲ့ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှု လုပ်ငန်းများ၏ လိုအပ်ချက်များကို ဆွေးနွေးပြီးနောက် ရလာတဲ့ ဆွေးနွေးချက်များဖြင့် ဆွေးနွေးပွဲတွေပြုလုပ်၍ ပုဂ္ဂလိကဝန်ဆောင်မှုလုပ်ငန်းများ ဥပဒေ ထွက်ပေါ်လာရေး တွန်းအားတစ်ခုအဖြစ် အကျိုးရလာဒ်များ ထွက်ပေါ်လာမယ်လို့ယုံကြည်ပြီး တက်ရောက်သူများကိုလည်း အထူးကျေးဇူးတင်ပါတယ်" ဟု Winning Security Group Co., Ltd. မှ မန်နေးဂျင်းဒါရိုက်တာ ဒေါ်စုစုလှိုင်က ပြောသည်။

ဆွေးနွေးပွဲသို့ နယ်စပ်ဒေသလုံခြုံရေးနှင့် ကာကွယ်ရေးဝန်ကြီး၊ မြန်မာနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနမှ အရာရှိများ၊ ရန်ကုန်တိုင်းဒေသကြီးမှ ဘဏ္ဍာရေးဝန်ကြီးဒေါ်စန်းစန်းလွင်နှင့် ဖိတ်ကြားထားသည့် ပုဂ္ဂလိကဝန်ဆောင်မှု လုပ်ငန်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သန့်ဇင်ဝင်း**

## ကျေးရွာချင်းဆက် မြေသားလမ်းဖောက်

**ဘီးလင်း၊ ဇန်နဝါရီ ၁၅**

သထုံခရိုင် ဘီးလင်းမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် ၄၂ သန်းဖြင့် ဘီးလင်းမြို့နယ် ပေါက်တောကျေးရွာနှင့် ရှမ်းချောင်း ကျေးရွာချင်းဆက်သွယ်သော အရှည် ၃ မိုင်၊ အကျယ် ၁၈ ပေ၊ ထု ၂ ပေရှိသည့် မြေသားလမ်းသစ် ဖောက်လုပ်နေကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ရာသို့ ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်နိုင်ဦးနှင့် ဒုတိယဦးစီးမှူး ဦးကျော်ကျော်လတ်တို့သည် ဇန်နဝါရီ ၁၂ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ကြပြီး ကုမ္ပဏီမှတာဝန်ရှိသူများ၊ ဒေသခံ ကျေးရွာပြည်သူများနှင့်တွေ့ဆုံကာ လုပ်ငန်းအချိန်မီပြီးစီးရေး မှာကြားခဲ့ကြောင်း သိရသည်။

**အေးမျိုးမျိုးစံ(ပြန်/ဆက်)**



## လက်ပံတန်းကျေးရွာ ပိန်းအင်းငါးမွေးမြူရေးလုပ်ငန်းတွင် ယခုနှစ်၌ ကုန်ချိန်ပိုမိုရရှိမည်ဟုခန့်မှန်း

**နေပြည်တော်၊ ဇန်နဝါရီ ၁၅**

လယ်ဝေးမြို့နယ် အလယ်ကျွန်းကျေးရွာအုပ်စု လက်ပံတန်းကျေးရွာ ပိန်းအင်း ငါးမွေးမြူရေးလုပ်ငန်းတွင် ယခုနှစ်၌ ကုန်ချိန်ပိုမိုရရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

ပိန်းအင်းတွင် ယခင်နှစ်က ငါးပိဿာချိန် ၅၅၀၀ ခန့်ရရှိပြီး ယခုနှစ်တွင် ငါးပိဿာချိန် ၇၀၀၀ ခန့်မှန်းရရှိနိုင်ကြောင်း၊ အင်းသူကြီး ဦးတင်ညွန့်က ပြောသည်။

ပိန်းအင်းအတွင် ငါးသားပေါက်အကောင်ရေ ၈၀၀၀၀ ခန့်မွေးမြူလျက်ရှိပြီး ခုနစ်လခန့် မွေးမြူပြီးနောက် အင်းအတွင်း ငါးများ ဆယ်ယူရာတွင် အင်းလုပ်သား ၂၀ ဦးခန့် အသုံးပြုရပြီး ငါးများအား တစ်ပိဿာနှင့်အထက်ငါးများကိုသာ ဖမ်းယူပြီး ကျန်ငါးများကို နှစ်ချို့ငါးအဖြစ် တစ်နှစ်ကျော်ထားရှိပြီး ဆက်လက်မွေးမြူလျက်ရှိကြောင်း ယင်းက ပြောသည်။

ငါးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများအနေဖြင့် ဝါဆိုလအတွင်း ငါးမျိုးစိတ်များ အင်းအတွင်းသို့ စတင်ထည့်ရှိပြီး တစ်နှစ်လျှင် မြက်စားငါး၊ ငါးမြစ်ချင်း၊ ငါးသိုင်း၊ ခေါင်းကြီး၊ ထိုင်းငါးခုံး၊ ရွှေဝါငါးဟူ၍ ငါးမျိုးစိတ် ခြောက်မျိုး မွေးမြူထားကြောင်းသိရသည်။

**(မြို့နယ်ပြန်/ဆက်)**

## ဂုဏ်ပြုဆု ချီးမြှင့်ဆက်ကပ်ခြင်းနှင့် ဘွဲ့နှင်းသဘင် အခမ်းအနားကျင်းပ

**မြဝတီ၊ ဇန်နဝါရီ ၁၅**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ ကျက်သရေဆောင် ရွှေမြင်းဝန်စေတီတော်ရှိ သာသနာ့ဟိတကာရီ ဗိမာန်တော်တွင် မြဝတီခရိုင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကြီးမှူး၍ ခရိုင်မြို့နယ်သာသနာ့နုဂ္ဂဟအသင်းတို့မှ ဦးဆောင်ကျင်းပသည့် ၂၀၁၄ ခုနှစ်၊ (၁၉) ကြိမ်မြောက် အစိုးရပါဠိပထမပြန် စာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့ကြသည့် စာအောင် သံဃာတော်များနှင့် သီလရှင်များအား အောင်လက်မှတ်နှင့် ဂုဏ်ပြုဆု ဝတ္ထုများဆက်ကပ်လှူဒါန်းသည့် ဆုငွေ ဘွဲ့နှင်းသဘင် အခမ်းအနားကို ဇန်နဝါရီ ၁၁ ရက် မွန်းလွဲ ၁ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနား တက်ရောက်လာသည့် ဧည့်ပရိသတ်များက မြို့နယ်သံဃနာယကဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာပညာနန္ဒ ဆရာတော်အမှူးပြုသော ဆရာတော်သံဃာတော်များထံမှ ငါးပါးသီလ ခံယူဆောက်တည်ခြင်း၊ ပရိတ်တရားတော်များ နာကြားခြင်းတို့ကိုပြုလုပ်ခဲ့ကြသည်။

ယင်းနောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ် သာသနာ့နုဂ္ဂဟအသင်းနာယက ဦးစောအေးမြိုင်၊ ခရိုင်၊ မြို့နယ်သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌ၊ အမျိုးသမီးရေးရာအသင်းနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် စေတနာရှင်ပြည်သူများက ဘွဲ့ရဆရာတော်များနှင့် သီလရှင်များအား ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**


### အမြန်ရောင်း/ငှားမည်

(၁) တောင်ဥက္ကလာ၊ မေတ္တာလမ်းမတန်း၊ နှစ်ထပ်အုတ်ညှပ်၊ လျှာထိုးခင်း(၁၈'×၆၀')ဂရန်၊ (ရောင်း/ငှား)
(၂) တောင်ဥက္ကလာ၊ မင်းဂေါင်(၂)လမ်း၊ (၂၀'×၆၀')၊ မြေသီးသန့်၊ နှစ်(၆၀)ဂရန်၊ (ရောင်း)
(၃) စမ်းချောင်းမြို့နယ်၊ သံတံတားလမ်း၊ မြေညီ(၁၂½'×၅၀') (ရောင်း/ငှား)
(၄) မြေနီကုန်း၊ စေတနာလမ်း၊ မြေညီ(၁၀'×၃၀')(ရောင်း/ငှား)
(၅) ပန်းဘဲတန်းမြို့နယ်၊ ၃၂-လမ်း(အောက်)၊ Condo ၇ လွှာ၊ (၄ လွှာ ၂ ခန်းတွဲ) (၁၈'×၅၀') (ရောင်း/ငှား)
Ph: 09-5036664, 09-425016126, 09-448006266, 09-420020740

### အလှပြင်သင်တန်း

ညှပ်နည်း၊ ကောက်နည်းအမျိုးမျိုး၊ ဖြောင့်ခြင်း၊ ခေါင်းလျှော်၊ ဆံပင်ဆက်၊ ကာလာဆိုး၊ မျက်နှာ၊ Spaနှင့် ဆံထုံး၊ မိတ်ကပ်၊ လက်သည်းပန်းချီ၊ ပန်းအလှပြင်အခြေခံနှင့် အထက်ပါ ဘာသာရပ်(၃၄)မျိုးကို အခြေခံမှစ၍ အဆင့်မြင့်အထိ သင်တန်းကြေး(နှစ်သိန်းခွဲ)နှင့် (၂)လအတတ်သင်ကြားပေးမည်ဖြစ်ပါသည်။ သင်ထောက်ကူပစ္စည်း ဝယ်စရာမလိုပါ။ စက်ချုပ်ဘာသာစုံ အခြေခံမှစ၍ မိမိစိတ်ကြိုက်ဒီဇိုင်းထွင်၍ ချုပ်နိုင်သည်အထိ သင်တန်းကြေး(တစ်သိန်းခွဲ)နှင့် အတတ်သင်ကြားပေးမည်။ နယ်မှလာသူ အဆောင်စီစဉ်ပေးမည်။ ညအချိန်ပိုင်း သင်တန်းရှိသည်။
ဖုန်း-၀၉-၄၉၂၆၈၃၀၅၊ ၀၉-၂၅၁၀၃၉၂၃၀


### ဖောင်းကြွပျောက် လျှောက်ထားခြင်း


ယာဉ်အမှတ်-9G/4350 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)
သန်လျင်မြို့




### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆/အရှေ့)၊ မြေကွက်အမှတ်(၉၂၂/ခ)၊ မြေကွက်တည်နေရာအမှတ် (၉၂၂/ခ)၊ အောင်သုခလမ်း၊ (၆)ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးစောမောင်)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးစောမောင်(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်ခင်မြင့်[၁၂/သကတ(နိုင်)၀၂၉၅၁၁]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၃၆၇၅/၂၀၁၄)ရသူ ဦးကျော်[၁၂/စခန(နိုင်)၀၃၉၃၁၈]မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**





ဆောင်းပါး

# ရိပ်ကောင်းဆာယာ

**à atrifumhf(qjifqç)**

အသိတစ်ယောက် ပေါက်ချလာသည်။ ရုံးချိန်အတွင်း လုပ်ငန်းခွင်မှာ ကျွန်တော့်အမည်ကိုမေးရင်း ဝင်လာသည်။ အာရုံစူးစိုက်စာရေးနေခိုက် ခေါ်သံကြား၍ ခေါင်းမော့အကြည့်မှာ ကျွန်တော့်အား တအံ့တသြ စူးစိုက်ကြည့်ရင်း "ဘာလုပ်နေတာလဲ" တဲ့။ ဘုဆတ်ဆတ်အမေးကြောင့် "ထိုင်နေတယ်လေ" ဟု လွှတ်ကနဲပြော လိုက်မိသည်။ နောက်မှစိတ်ကိုပြန်စုစည်းရင်း "ထိုင်ပါဦး၊ ဘာအကူအညီပေးရမှာပါလဲ"ဟု ပျူငှာစကားနှင့် ဧည့်သည်အား ကြိုလိုက်ရသည်။

"မင်းငါ့ကို မမှတ်မိဘူးလား၊ ငါ မောင်လှစိန်လေကွာ" ပြောလာမှ မွေးရပ်မြေ မြောက်ဦးမြို့ ဆင်ချဆိပ်ရပ်ကွက် မူလတန်းကျောင်းမှာ အတူကျောင်းတက်၊ လည်ပင်းဖက်ကြီး ငြင်းလာသော ငယ်သူငယ်ချင်းတစ်ယောက်ဖြစ်ကြောင်း သိလိုက်ရသည်။ ကျွန်တော် ရန်ကုန်သို့အပြီးအပိုင် ပြောင်းမလာခင်ကတည်းက ကွဲကွာသွားခဲ့သော ငယ်ကုန်သည်ပွဲစားဘဝနှင့် မြို့ကြီးပြကြီး နိုင်ငံအနှံ့ခြေဆန့်လျက်ရှိနေသည်။ ရခိုင်မှထွက်ကုန်များ၊ အထူးသဖြင့် ငါးပိ၊ ငါးခြောက်ကို မကွေး၊ မန္တလေးသို့တင်ပို့၊ အပြန်မှာ ဒေသထွက်ကုန်များပြန်သယ်လာ၊ ရခိုင်မှာ ပြန်ရောင်းနှင့်။ တစ်ခေါက်မှာ အသွားအပြန် အမြတ်အစွန်း နှစ်ခါရနေသည်။ ကျွန်တော်တို့ကျောင်းဆရာထက် ဝတ်နိုင်၊ စားနိုင်၊ လူမွေးသူမွေး ပိုပြောင်သည်။ မြို့ပြ၏ အငွေ့အသက်နှင့် ပြောဆိုဆက်ဆံပြုမူနေထိုင်မှုပုံစံက ကျွန်တော်တို့ထက် အဆင့်ပိုမြင့်သည်။

နောက်ပိုင်းမှာ ကုန်သည်အလုပ်ကိုစွန့်လွှတ်ပြီး စစ်တွေမြို့အထက်တန်းကျောင်း တစ်ကျောင်းမှာ အောက်ခြေဝန်ထမ်းဝင်လုပ်သည်။ မိသားစုနှင့်အတူ အေးအေးလူလူ၊ နွေးနွေးထွေးထွေးနှင့် ကျောင်းဝင်းမှာနေ၊ ကလေးတွေကိုကျောင်းထား၊ အနီးကပ်စောင့်ရှောက်ပေးလျက် သူ့ဘဝလမ်းကြောင်း ပြောင်းလိုက်သည်။

"ကလေးတွေအတွက် ငါဒီအလုပ်ကို ပြောင်းလုပ်လိုက်တာကွာ"။ ထိုစဉ် သူပြော

"မောင်လှစိန်၊ မင်းတော်တယ်ကွာ"၊ အံ့သြဝမ်းသာ အားပါးတရ ချီးကျူးစကားပြောဖြစ်သည်။ "အဲဒါ ငါတော်လို့ မဟုတ်ဘူးကွ၊ ငါနေရာမှန်သွားလို့"ဟု ဆိုလာသည်။ "မင်းသိပါတယ်၊ ငါ ဘာပညာတတ်လို့လဲ၊ ကုန်ကူးဖို့ပဲတတ်တာ၊ အဲဒါ ငါအချိန်မီ အလုပ်ပြောင်းလုပ်နိုင်လို့ ငါ့ကလေးတွေ အားလုံး လမ်းကြောင်းမှန်သွားတာ" ရိုးရှင်းစွာ ဝန်ခံစကားပြောလာသည်။

စစ်တွေအမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းမှာ အောက်ခြေဝန်ထမ်းဝင်လုပ်ရင်း သားသမီးများ ပညာရေးကို အနီးကပ်ကြီးကြပ် မြေတောင်မြှောက်ပေးခဲ့သည်။ ကျောင်းအုပ်ကြီးအပါအဝင် ဆရာ၊ ဆရာမများအားလုံးကလည်း အောက်ခြေဝန်ထမ်းမို့ ခွဲခြားဆက်ဆံခြင်းအလျဉ်းမရှိ။ မိသားစုပမာ နွေးနွေးထွေးထွေး 'အလျား' လိုက်ဆက်ဆံရေးမို့ သူ့အတွက် 'အား' ဖြစ်စေခဲ့သည်။ သူ့ကလေးများ ပညာရေးကို လိုလေသေးမရှိ ဝိုင်းဝန်းပေးကြသလို လမ်းကြောင်းမှန်ပေါ်သို့လည်း တွန်းတင်ပေးခဲ့ကြသည်။ ကလေးများ၏ ပင်ကိုဉာဏ်ရည်ဉာဏ်သွေးနှင့် ကြိုးစားမှု၊ မိဘနှစ်ပါး၏ ကြီးကြပ်မှု၊ ဆရာများ၏ ဝိုင်းဝန်းပံ့ပိုးလမ်းညွှန်မှု "သုံးနားညီ" သွားသောအခါ ကလေးများအားလုံး ပညာရေးဆုံးခန်းတိုင် ဆရာဝန်၊ အင်ဂျင်နီယာစသဖြင့်အခြေတင်ခဲ့ကြသည်။

ကျွန်တော့်သူငယ်ချင်း ရွေးချယ်သည့် လမ်းကြောင်းမှန်ခဲ့သည်။ ပညာရေးအဝိုင်းအဝန်းသို့ဝင်ရောက်ကာ သားသမီးများအား လမ်းကြောင်းမှန်စေခဲ့သည်။ ပညာရေး မိသားစုတိုင်း ပညာရေးကို အားပေးတတ်ကြစမြဲ။ ကလေးများပညာရေးအတွက် ဆိုလျှင် မိသားစုအဝိုင်းအဝန်းအတွင်းမှာ ဆူကြဲ့နိမ့်မြင့်မရွေး၊ ငွေအား၊ လူအား အကြံဉာဏ်ကောင်းများနှင့် လိုက်လိုက်လှဲလှဲ အားပေးကြစမြဲ။ လစာနည်း အောက်ခြေဝန်ထမ်း ရုံးစေတစ်ယောက်၏ သားသမီးငါးယောက်စလုံး အဆင့်မြင့်ပညာပြီးမြောက်ကာ လမ်းကြောင်းမှန်ပေါ်မှာ သိက္ခာရှိရှိ ရပ်တည်၍ လူတစ်လုံးသူတစ်လုံး ဖြစ်ခွင့်ရသွားခြင်းက ငြင်းမရသည့်အချက်။

## အဲဒါ ငါအချိန်မီ အလုပ်ပြောင်းလုပ်နိုင်လို့ ငါ့ကလေးတွေအားလုံးလမ်းကြောင်းမှန်သွားတာ. . .

သူငယ်ချင်း။ ယခုပြန်တွက်ကြည့်လျှင် နှစ်ပေါင်း ၃၀ မကကြာမြင့်ခဲ့ပြီ။ ငယ်ရုပ်ရည်ကိုပြန်အကဲခတ်၊ မမှတ်မိနိုင်လောက်အောင်ထိ ကျွန်တော်တို့ အိုစာသွားကြပြီ။

မတွေ့တာကြာ၍ တွေ့တုန်းခဏမှာ ရှေးဟောင်းနှောင်းဖြစ်၊ ကရားရေလွှတ် တစ်တွတ်တွတ်နှင့် ပြောမဆုံးပေါင် တောသုံးတောင်ဟု ဆိုရလောက်သည်။ အတူတူကြီးပြင်း၊ မိဘအချင်းချင်းကလည်း ဘဝတူကြသည်။ ဆင်းရဲကြသည်။ ရှုန်းကန်လှုပ်ရှားသားသမီးများ ပညာရေးအားပေးကြရာတွင် သူကံမကောင်းခဲ့။ အလယ်တန်းပညာနှင့် ကျောင်းပြင်ပရောက်သွားသည်။ စစ်တွေမှာရှိနေသော သူ့အစ်မကျေးဇူးကြောင့် ကုန်သည်ပွဲစားဖြစ်သွားသည်။ ကျွန်တော်မှာ ဆယ်တန်းအောင်ပြီး ကျောင်းဆရာဘဝနှင့် တောကြိုတောင်ကြား ရောက်သွားချိန်၊ ပညာတစ်ပိုင်းတစ်စနှင့် ကျောင်းထွက်သွားရသူ ကျွန်တော့် သူငယ်ချင်းကားခဲ့သောစကား။ ယခုပြန် တွေ့လာခဲ့ချိန် မိမိတို့နှစ်ယောက်လုံးအသက် ၆၀ ကျော်ပင်စင်အိုများဖြစ်သွားကြပြီ။ ရှေးဟောင်းနှောင်းဖြစ်ပြောဖြစ်ရင်း သားသမီးများအကြောင်း ရောက်သွားချိန် သူ့ကလေးငါးယောက်အနက် လေးယောက်က လူလားမြောက်သွားကြပြီ။ အငယ်ဆုံးကလေးက မကွေးဆေးတက္ကသိုလ် ဒုတိယနှစ်တက်နေဆဲ။ သူ့ကလေးအတွက် ရခိုင်-မကွေး သွားလိုက်၊ ပြန်လိုက်လုပ်ရင်း တစ်ဖက်မှာ အသွားအပြန် ယခင်လမ်းကြောင်းအတိုင်း လျှောက်လှမ်းနေဆဲ။

"တစ်လ ကျောင်းစရိတ်နှစ်သိန်းအထက်မှာရှိတယ်ကွာ"၊ ပေါ့ပေါ့ပါးပါး ပြောသွားသည်။ လူလားမြောက်ပြီး ကလေး လေးယောက်သည်လည်း ခေသူများမဟုတ်ကြ။ အားလုံးအဆင့်မြင့်ပညာပြီးမြောက်ထားသူများ။ ရာထူး ဌာနဆွေရနှင့် တင့်တောင့်တင့်တယ် ဘဝကိုယ်စီနှင့်။

ရိပ်ကောင်းဆာယာများ၊ အထူးသဖြင့် ပညာရေး၏ အေးရိပ်သာယာဟူသည် ကလေးများ၏ ဘက်စုံဖွံ့ဖြိုးရေးကို ဖန်တီးနိုင်စွမ်းသည့် ပန်းပျိုးလက်ပိုင်ရှင်များ၏ မေတ္တာရပ်ဝန်း တစ်ခုပင်ဖြစ်သည်။ ကျွန်တော့် သူငယ်ချင်း ပညာ့ရိပ်ခို၊ သိုက်မြုံ ငြိမ်းချမ်း၊ ဘဝလမ်းကြောင်းမှန်ခဲ့ပါသည်။

# မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ပြည်သူဗဟိုပြု ရဲလုပ်ငန်းဆွေးနွေးပွဲ ကျင်းပ



**ပွင့်ဖြူ၊ ဇန်နဝါရီ ၁၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ပြည်သူဗဟိုပြု ရဲလုပ်ငန်းဆိုင်ရာများ ဆွေးနွေးပွဲကို ပွင့်ဖြူမြို့မရဲစခန်း၊ စခန်းမှူးရုံးခန်းတွင် ဇန်နဝါရီ ၁၁ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့ကြောင်းသိရသည်။

ဆွေးနွေးပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ဆန်းမြင့်နှင့် ရဲစခန်းမှူး ဒုတိယရဲမှူး ပန်စိုးတို့က မြို့နယ်အတွင်း မှုခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာဆောင်ရွက်ရေးတို့အတွက် ရဲတပ်ဖွဲ့များက ဆောင်ရွက်နေမှုများနှင့် ၂၀၁၄ ခုနှစ်အတွင်း မှုခင်းဖြစ်ပွားခဲ့မှုများအား ဆွေးနွေးဟောပြောတင်ပြခဲ့သည်။

တက်ရောက်လာကြသော မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့တို့က ရပ်ကွက်၊ ကျေးရွာများတွင် မှုခင်းကျဆင်းရေး ဟောပြောပွဲများ၊ ဆွေးနွေးမှုများ ပြုလုပ်ပေးရန်နှင့် ရပ်ကွက်၊ ကျေးရွာများတွင် တရားဥပဒေ စိုးမိုးရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးတို့အတွက် ရဲတပ်ဖွဲ့နှင့်အတူပူးပေါင်းကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အကြံပြုဆွေးနွေးခဲ့သည်။ **အောင်သူရ (ပွင့်ဖြူ)**

# သထုံမြို့ရှိ ဈေးများအတွင်း လက်တွေ့မီးငြိမ်းသတ် သရုပ်ပြ

**သထုံ၊ ဇန်နဝါရီ ၁၅**


ပူပြင်းခြောက်သွေ့သောကာလတွင် မွန်ပြည်နယ် သထုံမြို့ရှိဈေးများ၌ မီးဘေးအန္တရာယ်ကို သတိမူပြီး အကြောင်းကြောင်းကြောင့် မီးလောင်မှုများဖြစ်ပွားမှုမရှိစေရေးအတွက် သထုံခရိုင်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးတာဝန်ရှိသူများပူးပေါင်းကာ ဇန်နဝါရီ ၁၁ ရက် နံနက် ၈ နာရီခွဲမှစတင်ကာ လက်တွေ့မီးငြိမ်းသတ် သရုပ်ပြသခဲ့ကြောင်း သိရသည်။


ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးအောင်ကြင်ထွန်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး(ဈေး) ဒေါ်ခင်လေးကြိုင်၊ ဈေးတာဝန်ခံ ဦးစိုးနိုင်၊ ဈေးသာယာရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်မြင့်နှင့်အဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များသည် သထုံမြို့ စည်ပင်သာယာဈေးများဖြစ်သည့် သုဝဏ္ဏဈေးနှင့် မြို့မဈေးတို့တွင် ဒေါင်ဖန်းမီးငြိမ်းသတ်ယာဉ် နှစ်စင်းဖြင့် ပူးပေါင်းသရုပ်ပြသခဲ့ကြပြီး ဈေးများအတွင်း မီးဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် လိုအပ်သည်တို့ကို လိုက်လံစစ်ဆေးခဲ့ကြကြောင်း သိရသည်။


**သက်ဦး(သထုံ)**











**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ မြေကွက်အမှတ်(၇၇၁)၊ မြေကွက်တည်နေရာအမှတ်(၇၇၁)၊ ခရေလမ်း (၄၅)ရပ်ကွက်၊ ဒဂုံမြောက်၊ ဦးထွန်းမြင့်(CE-၀၁၁၉၁၉)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးထွန်းမြင့် တရားရှုံးကိုယ်စား ဒဂုံမြို့သစ်(မြောက်ပိုင်းမြို့နယ်)တရားမရုံး၏ တရားမကြီးမှုအမှတ်-၁၃၁/၁၄၏ (၂၈-၁၀-၂၀၁၄)ရက်စွဲပါ စီရင်ချက်တရားမဇာရီမှုအမှတ်-၁၂၂/၁၄၏ နေ့စဉ်မှတ်တမ်းနှင့် ဘီလစ်ခန့်ထားကြောင်း အကြောင်းကြားစာတို့တင်ပြ၍ ဘီလစ်ဒေါ်လဲ့လဲ့ခိုင် [၁၃/တကန(နိုင်)၀၀၃၄၁၉]မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၀)၊ မြေကွက်အမှတ်(၃၉/၂)၊ (၀. ၂၀၇)ဧကအနက်မှတရားဝင်မခွဲစိတ်ရသေးသော မြေကွက်အတိုင်းအတာပေ(၂၅×၅၀)၊ မြေကွက်တည်နေရာအမှတ်(၁)၊ ထန်းတပင်အနောက်ပိုင်းလမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်။ အမည်ပေါက် ဒေါ်ထွေးတင် မြေအား မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းစာချုပ်အမှတ်-၃၆၉၇/၂-၉-၂၀၀၃ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သူ အောင်ကောက်ဝါး(ခ)ဦးမြင့်အောင် [၁၂/ကမရ(ဧည့်)၀၀၀၁၃၁]ကတစ်ဖက်သတ်မြေကွက် ခွဲစိတ်ရန်အတွက် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၈)၊ မြေကွက်အမှတ်(၈၂၃)၊ မြေကွက်တည်နေရာအမှတ်(၈၂၃)၊ (၁၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ (ဦးရော်ဂူး ISN-၂၆၂၃၀၅) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးရော်ဂူးထံမှ အရပ်စာချုပ် အဆင့်ဆင့်ဖြင့် ပါမစ်ထုတ်ယူခြင်းမရှိသေးသော ငွေသွင်းချလန်ကို ဦးပြည်စိုးထွန်း[၁၂/ဒဂတ(နိုင်)၀၂၆၁၂၃]က ဝယ်ယူ ပြီး ပါမစ်လျှောက်ထားရာခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**အများသိစေရန်ကြေညာချက်**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာနမှ(အဆောက်အအုံ)မှ ယာယီအိမ်ရှင်အဖြစ်ဆောင်ရွက်၍ ဆောက်လုပ်ခဲ့သောတိုက်ရှိ ကန်ထရိုက်တာ အကျိုးအမြတ်ရရှိ သောတိုက်ခန်းကို ကန်ထရိုက်တာထံမှဝယ်ယူပြီး အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲ၍ စာချုပ်ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
| --- | --- | --- | --- |
| | ကန်ထရိုက်တာဦးဆွေဦး [၁၂/ကတတ(နိုင်)၀၁၃၈၁၈] (မှ) | ဒေါ်သန်းသန်းဆွေ [၁၂/ကတတ(နိုင်)၀၃၁၃၀၄] | တိုက်အမှတ်(၉၉)၊ အခန်းအမှတ်(၄လွှာ-ဝဲ)၊ (၃၉)လမ်း ကျောက်တံတားမြို့နယ်။ |

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

# တပ်ကုန်းမြို့နယ်၌ ကျောင်းဆောင်သစ် ခုနစ်ဆောင်ဆောက်လုပ်လျက်ရှိ

**တပ်ကုန်း ဇန်နဝါရီ ၁၅**

နေပြည်တော်ကောင်စီနယ်မြေ၊ ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်ရှိ အခြေခံပညာကျောင်းများတွင် ပညာရေးဝန်ကြီးဌာန အမှတ်(၂) အခြေခံပညာဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြင်ဆင်ထိန်းသိမ်းစရိတ် ခေါင်းစဉ်အောက်မှ ရန်ပုံငွေဖြင့် ကျောင်းဆောင်သစ်တစ်ဆောင်နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၊ ငွေလုံး ငွေရင်းဖြင့် ကျောင်းဆောင်သစ်ခြောက်ဆောင် စုစုပေါင်းကျောင်းသစ် ခုနှစ်ဆောင်ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

ကျောင်းဆောင်များဆောက်လုပ်လျက်ရှိသော ကျောင်းများမှာ မကျီးပင်ကျေးရွာ အထက(ခွဲ)တွင် (၁၂၀×၃၀)ပေ အုတ်ညှပ်တစ်ထပ်တစ်ဆောင်၊ ဒဟတ်ကုန်းကျေးရွာ အထက(ခွဲ)တွင် (၉၀×၃၀)ပေ Rc တစ်ထပ်တစ်ဆောင်၊ ဘုရင့်နောင်ရပ်ကွက်မူလတန်းလွန်ကျောင်းတွင်(၆၀×၃၀)ပေ Rc တစ်ထပ်တစ်ဆောင်၊ ဖက်သန်းတောင်ကျေးရွာ မူလတန်းလွန်ကျောင်းတွင် (၉၀×၃၀)ပေ Rc တစ်ထပ်တစ်ဆောင်၊ ဆရာစံရပ်ကွက် အမက(၁)မူလွန်ကျောင်းတွင် (၉၀×၃၀)ပေ Rc တစ်ထပ်တစ်ဆောင်၊ ဆရာစံရပ်ကွက် အမက(၂)မူလွန်ကျောင်းတွင် (၉၀×၃၀)ပေ Rc တစ်ထပ်တစ်ဆောင်၊ ညောင်ကိုင်းကျေးရွာမူလတန်းလွန်ကျောင်းတွင် (၈၀×၃၀)ပေRcတစ်ထပ်တစ်ဆောင်တို့ ဖြစ်ကြောင်း သိရသည်။

**တင်စိုးလွင်**

## ဘာသာပေါင်းစုံ ချစ်ကြည်ရေးတွေ့ဆုံ

**ရန်ကုန်၊ ဇန်နဝါရီ ၁၅**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးတွေ့ဆုံပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၀ ရက် မွန်းလွဲ ၁ နာရီက အောင်မြေသာယာဘုရားဝင်း သာသနမကုဋ္ဌ-အတုလ သုံးထပ် ဗိမ္မာန်တော်ကြီး၌ ကျင်းပခဲ့ကြောင်း သိရသည်။

**(၃၂၉)**

## မီးဘေးကြိုတင်ကာကွယ်ရေးသရုပ်ပြဆောင်ရွက်

**ဝမ်းတွင်း၊ ဇန်နဝါရီ ၁၅**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးနှင့် တပ်ဖွဲ့ဝင်များသည် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဇန်နဝါရီ ၁၁ ရက် နံနက် ၁၀ နာရီက ဝမ်းတွင်းမြို့အတွင်းရှိ သဲတောဈေးနှင့် ဝမ်းတွင်းဈေးတို့တွင် မီးငြှိမ်းသတ်ယာဉ်နှစ်စီးဖြင့် မီးငြှိမ်းသတ်ရေး သရုပ်ပြပွဲကို ပြုလုပ်ခဲ့ကြောင်းသိရသည်။

သရုပ်ပြပွဲအပြီးတွင် မီးသတ်ဦးစီးမှူးနှင့်အဖွဲ့များသည် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးဘေးအန္တရာယ်မကြုံတွေ့စေရန်အတွက် ဈေးအတွင်းရှိ လျှပ်စစ်မီးကြိုးများ၊ လျှပ်စစ်မီးတိုင်များ၊ မီးခုံများ၊ မီးအားမြှင့်စက်များ သုံးစွဲရာတွင် အန္တရာယ်ကင်းရှင်းစေရေး၊ ပေါက်ပြဲမီးကြိုးများရှိက အသစ်လဲလှယ်သုံးစွဲရေး၊ ဈေးအတွင်းရှိအမှိုက်များကို စနစ်တကျစွန့်ပစ်မှုရှိရေးတို့ကို လိုက်လံစစ်ဆေးခဲ့ကြပြီး မီးဘေးအန္တရာယ် မကြုံတွေ့စေရန်အတွက် ဈေးသူ၊ ဈေးသားများအား အသိပညာပေးမှုများ ပြုလုပ်ခဲ့ကြောင်းသိရသည်။

**ဦးဌေးလှိုင်(ဝမ်းတွင်း)**

# မလှိုင်မြို့နယ်တွင် ဝက်သက် နှင့် ဂျိုက်သိုးရောဂါ ကာကွယ်ဆေးအစုလိုက်ထိုးနှံခြင်း ဆွေးနွေး

**မလှိုင်၊ ဇန်နဝါရီ ၁၅**

ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း အသိပေးဆွေးနွေးပွဲကို ဇန်နဝါရီ ၁၀ ရက်က မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့ ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ သံဃာဆောင်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမြတ်မိုးဆန်းက ဝက်သက်နှင့် ဂျိုက်သိုးရောဂါလက္ခဏာများအကြောင်းနှင့် နောက်ဆက်တွဲရောဂါများအကြောင်းကို ပညာပေးဟောပြောပြီး ကာကွယ်ဆေးထိုးနှံပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

နိုင်ငံတစ်ဝန်း ဝက်သက်နှင့် ဂျိုက်သိုးရောဂါ ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်းကို အစီအစဉ်နှစ်ခုဖြင့်ဆောင်ရွက်သွားမည်ဖြစ်သည်။ ကျောင်းအခြေပြု ကာကွယ်ဆေးထိုး အစီအစဉ်ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် ပြုလုပ်သွားမည်ဖြစ်၍ ပြည်သူ လူထုအခြေပြု ကာကွယ်ဆေးထိုး အစီအစဉ်ကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် ပြုလုပ်သွားမည်ဖြစ်သည်။ အသက် ၉ လ မှ ၁၅ နှစ်အထိ ကလေးများအား အစုလိုက်ကာကွယ်ဆေးထိုးနှံပေးသွားမည်ဖြစ်သည်။

ယင်းနောက် တက်ရောက်လာသောဆရာ၊ ဆရာမများနှင့် ကျောင်းအခြေပြု ကာကွယ်ဆေးထိုးနှံမည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြရာ ဇန်နဝါရီ ၁၉ ရက်နှင့် ၂၀ ရက်တွင် မလှိုင် အထက ၊ ဇန်နဝါရီ ၂၁ ရက်တွင် မြို့သစ် အ. ထ. က(ခွဲ)၊ ဇန်နဝါရီ ၂၂ ရက်တွင် မြို့မ အ. မ. က၊ ရေစဉ် အမက ၊ ဇီးပင်ကန် အမက၊ နွားပွဲ အမက၊ ဇန်နဝါရီ ၂၃ ရက်တွင် အမှတ်(၄) အမက၊ အမှတ် (၇) အ. မ. က၊ အမှတ်(၁၅) အ. မ. က ၊ ဇန်နဝါရီ ၂၄ ရက်တွင် ရွှေကျောင်းဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ဇန်နဝါရီ ၂၅ ရက်တွင် မိသားစု ကိုယ်ပိုင်ကျောင်းများသို့ အဖွဲ့များခွဲ၍ ကာကွယ်ဆေးထိုးနှံပေးသွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ အသိပေးဆွေးနွေးပွဲသို့ မလှိုင်မြို့နယ်ဆရာဝန်ကြီးဒေါက်တာမြတ်မိုးဆန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့ပေါ်ရပ်ကွက်ကြီး လေးခုမှ အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ထားမှုနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ အမက၊ အလက၊ အထက ကျောင်းအုပ်ဆရာ/မ များ တက်ရောက်ခဲ့ကြသည်။

**အောင်ဌေး(မလှိုင်)**



**မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ်နှင့် ရေစကြိုမြို့ပေါ်၌ စည်းကမ်းတကျ အမှိုက်စွန့်ပစ်မှုများ ဆောင်ရွက်ရန် လိုအပ်ကြောင်းသိရသည်။ ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်သောကြောင့် အမှိုက်စွန့်ပစ်မှု စနစ်ကျရန်နှင့် အမှိုက်စွန့်ပစ်ရာနေရာများ၌ အမှိုက်များ များပြားလာသောအခါ သန့်ရှင်းရေးအဖွဲ့များမှ အချိန်မီရှင်းလင်းဆောင်ရွက်ပေးရန် လိုအပ်သည်။**

သတင်းနှင့်ဓာတ်ပုံ- ရင်အောင်ဦး(ရေစကြို)

# လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် ဒုစရိုက်မှုများ လျော့နည်းရေး ဟောပြော

**သထုံ၊ ဇန်နဝါရီ ၁၅**

သထုံမြို့နယ်အတွင်းရှိ ပြည်သူများအနေဖြင့် အသိပညာများရှိပြီး ရဲလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ဒုစရိုက်မှုများ လျော့နည်းကျဆင်းလာစေရန်အတွက် သထုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးကျော်မင်းနှင့် တာဝန်ရှိသူများ ပူးပေါင်းကာ ဇန်နဝါရီ ၁၀ ရက် နံနက် ၁၀ နာရီခွဲက ဒေးဗရိန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် ဒုစရိုက်မှုများ လျော့နည်းရေးတို့အတွက် မှုခင်းကျဆင်းရေးဆိုင်ရာ အသိပညာများ ဟောပြောခဲ့ကြသည်။

ဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးက လူကုန်ကူးခြင်းခံရနိုင်သည့် အန္တရာယ်များနှင့် မိမိတို့ရပ်ရွာအတွင်း တည်ငြိမ်အေးချမ်းမှု ရရှိစေရေးအတွက် မှုခင်းကျဆင်းရေးဆိုင်ရာများနှင့် ပြည်သူလူထု ပူးပေါင်းပါဝင်သောရဲလုပ်ငန်းစဉ်များ အကြောင်းတို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ကြောင်းသိရသည်။

အဆိုပါ ဟောပြောပွဲသို့ ဒေးဗရိန်းကျေးရွာအုပ်စုနှင့် အနီးဝန်းကျင်ရှိ ကျေးရွာအုပ်စု စုစုပေါင်း ကိုးအုပ်စု မှ ဒေသခံပြည်သူ ၃၅၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သက်ဦး(သထုံ)**




### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ပန်းဘဲတန်းမြို့နယ်၊ ၂၈ လမ်း၊ အမှတ်(၁၈၅/၁၈၇) တည်ရှိရာ မြေတိုင်းရပ်ကွက်အမှတ်- ၁၆ စီ?၊ မြေကွက်အမှတ် I Class 15 နှင့် I Class 16 ၊ မြေပိုင်မြေ အမျိုးအစား၊ ဦးစိန်ပန်း အမည်ပေါက်မြေအား အမည်ပေါက် စာချုပ်အမှတ် ၄၇/၇၅၊ ပိုင်ဆိုင်စာချုပ်အမှတ် ၄၂၄/၁၉၈၄၊ မြေအမည်ပေါက် ဦးစိန်းပန်း (ဖခင်)၊ ဇနီးဖြစ်သူဒေါ်မြမြ(မိခင်)နှင့် သားဖြစ်သူမောင်မြစိုးစီးတို့ ကွယ်လွန်ကြောင်း အထောက်အထားများ၊ သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူများအားတင်ပြ၍ (၁)ဒေါ်အေးအေးမြ [၁၂/ပဘတ(နိုင်) ၀၁၃၉၀၇]၊ (၂)ဒေါ်အေးအေးစိန် [၁၂/ပဘတ(နိုင်)၀၁၃၉၀၄]၊ (၃) ဒေါ်အေးအေးခင် [၁၂/ပဘတ(နိုင်)၀၁၃၃၈၄]၊ (၄)ဒေါ်အေးအေးဆင့် [၁၂/ပဘတ(နိုင်) ၀၁၃၄၁၅]၊ (၅)ဒေါ်အေးအေးစန်း[၁၂/ပဘတ(နိုင်) ၀၁၂၈၀၅]တို့မှ အမွေဆက်ခံပိုင်ဆိုင်မြေပုံကူး လျှောက်ထားလာပါသဖြင့် ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- (၅)၊ မြေကွက်အမှတ်(၁၆၆/ခ)၊ မြေကွက်တည်နေရာအမှတ်(၁၆၆/ခ)၊ မြို့ပတ်လမ်း၊ (၅)ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဒေါ်သန်းမြင့်၊ ဦးချစ်တိုး) အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်သန်းမြင့်(မိခင်)၊ ဦးစန်းမောင်(ဖခင်)တို့ ကွယ်လွန်သဖြင့် ၎င်း၏အစုအတွက် တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်တိုး [၁၂/သကတ(နိုင်) ၀၁၃၉၄၈]မှ ကျန်အမည်ပေါက် ဦးချစ်တိုး[၁၂/သကတ(နိုင်) ၀၃၉၅၇၂]နှင့် ပူးတွဲလျက် ၎င်းတို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၃၁၆၁၈/၁၄)ရသူ ဦးဂျိုးဇက်[၁၂/မဂတ(နိုင်) ၀၇၃၃၉၄]မှ သေစာရင်းနှင့် ကျမ်းကျိန်လွှာတင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်နိုင်ခြင်းမရှိပါကဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# NEW YEAR PROMOTION

၁၅.၁.၂၀၁၅ မှ စတင်၍ (၃) လနှင့်အထက်
သက်တမ်းတိုးသူများအတွက် **တစ်ရက်** လျှင်

# ၁၀၀ ကျပ်

**5 NETWORK & PLUS PACKAGE**
**3,000 KS** PER MONTH

**SPORTS PACKAGE**
**4,425 KS** PER MONTH

(3) လ – (6) လ – (12) လ သက်တမ်းတိုး ဝယ်ယူကြည့်ရှုနိုင်ပါသည်။

အသစ်ဝယ်ယူသူများအတွက်
စက်+ ကတ်+
Sports Package
(28 Channels) ၁လစာအပါ
**39,900 KS**

MRTV, MRTV-4, Channel 7, Readers Channel, 5 PLUS, 5 SERIES, 4 COMEDY, 5 MOVIES, 5 ဘိုင်စကုပ်, 5 သုခုမ, 4 CHOICE, 4 INFO, 4 EDU, BBC NEWS, 4 CINEMA, FOX MOVIES PREMIUM, FOX SPORTS, FOX SPORTS 2, 4 DRAMA, 5 ကာတွန်း, Baby tv, 4 TUNES, Channel [V] International, NAT GEO WILD, FOX SPORTS 3, FIGHT SPORTS, FOX SPORTS NEWS, 4 SPORTS

HOTLINE : 01-400878 | 01-2306166

# လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ကျားကူးဓမ္မဗိမာန်ပရိယတ္တိစာသင်တိုက်မှ ဆရာတော် ဘဒ္ဒန္တကန္တောဘာသအား နိုင်ငံတော်သမ္မတမှ ၂၀၁၅ခုနှစ်၊ (၆၇)နှစ်မြောက်လွတ်လပ်ရေးနေ့တွင် **အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ** ဘွဲ့တံဆိပ်တော်နှင့် မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ပေါက်ကျုကျေးရွာ၊ ဒီပါအေးမြဲ မဟာစည်သာသနာ့ရိပ်သာကျောင်းဆရာတော် **ဘဒ္ဒန္တကုန္ဒိယ**အား**အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ**ဘွဲ့တံဆိပ်တော်ချီးမြှင့်ခြင်းအတွက်လည်းကောင်း၊ **ဒေါ်ခင်သန်းဦး**(ကံပွင့်-အမွှေးတိုင်၊ ရေစကြို)နှင့် **ဒေါ်အုန်းကြင်**(OK ဆန်နှင့်ဆီပွဲရုံ)ဘုရင့်နောင်၊ မရမ်းကုန်းမြို့နယ်တို့အား **အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ**ဘွဲ့တံဆိပ်တော်များ ချီးမြှင့်ခံရခြင်းအတွက် ရေစကြိုမြို့နယ်အသင်း(ရန်ကုန်)မှလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဘာသာ၊ သာသနာအကျိုးဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းပါသည်။

**အမှုဆောင်အဖွဲ့၊ ရေစကြိုမြို့နယ်အသင်း(ရန်ကုန်)**

## ဆေးတက္ကသိုလ်(၁)မြတ်ဆရာကန်တော့ပွဲနှင့်မိတ်ဆုံစားပွဲ

ဆေးတက္ကသိုလ်(၁)၁၉၈၀-၈၅ဘွဲ့ရ ဆရာဝန်များ၏ တတိယအကြိမ်မြောက်မြတ်ဆရာကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၁၅ခုနှစ် ဇန်နဝါရီလ ၂၅ ရက် (တနင်္ဂနွေနေ့)တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

နံနက်ပိုင်း ဆရာကန်တော့ပွဲ - စာကြည့်တိုက်ဟောင်းခန်းမ၊ ဆေး(၁) လမ်းမတော်။ နံနက် ၈-၁၀နာရီ

ညနေပိုင်း မိတ်ဆုံစားပွဲ - စာကြည့်တိုက်ဟောင်းခန်းမရှေ့မြက်ခင်းပြင် (graduation dinner lawn) ညနေ ၆ နာရီ စပါမည်။

ဆက်သွယ်ရန် - ဒေါက်တာချစ်စိုး ၀၉-၅၀၇၂၃၆၃
ဒေါက်တာခင်ခင်အေး ၀၉-၅၁၃၁၂၁၅၊
ဒေါက်တာဝင်းနိုင် ၀၉-၅၄၀၄၉၆၂၊
ဒေါက်တာဥမ္မာထွန်း ၀၉-၅၁၁၆၁၆၉
ဒေါက်တာစိုးဝင်း ၀၉-၅၁၂၂၃၉၂၊
ဒေါက်တာမဝင်းရီ ၀၉-၅၀၀၇၅၉၃

**အမည်ပြောင်း** အဖဦးလှိုင်ဝင်းမိုး၏သမီး LUMBINI ACAOEMY GRADE (6)တွင် ပညာသင်ကြားနေသော မသွန်းသီရိလှိုင်အား မသွန်းသီရိဇေကရီဟု ပြောင်းလဲခေါ်ပါရန်။

# လှိုက်လှဲစွာအထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတရုံး၏ ၄-၁-၂၀၁၅ရက်တွင် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ်[၁/၂၀၁၅]ဖြင့် **ဒေါ်ညိုညိုဝေလွင်(အန်တီငယ်)** အား နိုင်ငံတော်မှ ပေးအပ်ချီးမြှင့်သော **"သုဓမ္မသိင်္ဂီ"ဘွဲ့**တံဆိပ်ကို ထိုက်ထိုက်တန်တန်ချီးမြှင့်အပ်နှံခြင်းခံရသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နောင်တွင်လည်း ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံအကျိုးနှင့်သာသနာတော်အကျိုးတို့ကို ဆတက်ထမ်းပိုးထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**အထက-၂၊ ဒဂုံ(မြို့မ)၁၉၈၅မှ သူငယ်ချင်းများ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉-A)၊ မြေကွက်အမှတ်(၁၄၃)၊ မြေကွက်တည်နေရာအမှတ်(၁၄၃)၊ (၃၉-A)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (ဦးဖြူလွင်)[၉/ပဘန(နိုင်)၁၂၂၇၄၀] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးဖြူလွင်ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၂၂၉၄၃/၁၂-၁၂-၂၀၁၁ဖြင့်ရရှိသူ ဒေါ်သန်းသန်းထွေး[၁၀/မလမ(နိုင်)၁၂၂၇၄၃]မှ (၂၀၁၃)ခုနှစ်အရောင်းမြေပုံကူးမှုရင်း ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## လူနေဆိုင်ခန်း-ငှားမည်

No.D(3)၊ သုဒ္ဓမာလမ်း၊ မ/ဥက္ကလာ၊ အဝိုင်းကြီးမှတ်တိုင်အနီး၊ လမ်းဆုံဖြစ်သည်။ (၁၀'×၃၅')၊ (၂)ထပ်တိုက်ခန်း တစ်လလျှင် (၂)သိန်း၊ (၁)နှစ်စာချုပ် ချုပ်ရန်ဖြစ်သည်။
Ph: 095196781



ကြော်ငြာ


## အထက(၅)အလုံ

## (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

နှစ်စဉ်ကျင်းပမြဲဖြစ်သော အထက(၅)အလုံ (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းသား/ကျောင်းသူဟောင်းများ မပျက်မကွက်(မပျက်မကွက်) တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ**

ကျင်းပမည့်နေ့ရက် - ၁၈-၁-၂၀၁၅ ရက်(တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉ နာရီ
ကျင်းပမည့်နေရာ - အထက(၅)အလုံ

**ဆက်သွယ်လျှုဒါန်းရန်**

| | | | |
|---|---|---|---|
| ကိုအုန်းစိန် | ဖုန်း-၀၉-၈၆၁၃၃၇၀ | ကိုမြင့်သိန်း | ဖုန်း-၀၉-၅၁၄၃၉၉၈ |
| ကိုဝင်းသူ | ဖုန်း-၀၉-၇၃၀၀၂၅၂၉ | မလှမျိုးနွယ် | ဖုန်း-၀၁-၂၂၆၀၆၃ |
| ကိုဇော်မြင့် | ဖုန်း-၀၉-၅၁၁၅၀၂၁ | မခင်ခင်လွင် | ဖုန်း-၀၁-၂၁၁၁၃၈ |
| ကိုသိန်းစိုး | ဖုန်း-၀၉-၄၂၀၀၉၇၁၅၃ | ကိုကြည်ရွှင် | ဖုန်း-၀၉-၇၃၅၅၅၄၄၄ |
| ကိုအောင်မြတ် | ဖုန်း-၀၉-၂၅၄၂၁၄၇၂၅ | | |

## ပြင်ပြီးပေကျယ်တိုက်ခန်းရောင်းမည်

၁။ စမ်းချောင်း၊ ပေ(၂၀×၅၀)၊ စတုတ္ထထပ်၊ ကျွန်းပါကေး၊ အိပ်ခန်း(၂)၊ သံပန်းဆန်းရှိတ်(မီးဖိုခန်း၊ ရေချိုးခန်း၊ ဘိုထိုင်)ကြွေပြားပြည့်၊ ဂျစ်ဆင်ဘုတ်အလှဆင်ပြီး(လမ်းကျယ်)
၂။ စမ်းချောင်း၊ ပေ(၁၂၀၀sqft)ပထမထပ်၊ (ဓာတ်လှေကားပါ)ကျွန်းပါကေး၊ အိပ်ခန်း(၁) Master အိပ်ခန်း(၁)၊ AC(၃)၊ သံပန်းဆန်းရှိတ်၊ ဘိုထိုင် ပြင်ဆင်ပြီး ကွန်ဒိုတိုက်ခန်းသစ်။ (ပွဲစားမလို) ဆက်သွယ်ရန်-ဖုန်း-၀၉-၃၀၂၂၅၉၅၈၊ ၀၉-၇၉၉၆၅၇၇၂၈

MT & K Tours

# မွေးနေ့ဆုတောင်း

သားသမီးများကို မေတ္တာတရား ရင်ဝယ်ထား၍ ပိုက်ထွေးပြုပြင် ဆုံးမပဲ့ပြင်ခဲ့သော မေမေ ဒေါ်ခင်စန်းလှနွယ်(ဘုရား၊ ကျောင်း၊ ရေတွင်းရေကန်၊ ဒါယိကာမ)ပျဉ်းမနား၏ ၁၆-၁-၂၀၁၅ရက်တွင် ကျရောက်သော မွေးနေ့မှသည် မွေးနေ့ရာကျော်တိုင်စေသော်၊ တရားဆီမီးမြိုင်စေသော်၊ မေတ္တာရနံ့ကြိုင်စေသော်။

ချစ်သားသမီးများ - ဒေါ်ခင်နွေဦး (ညွှန်ကြားရေးမှူး၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန)၊ ဒေါက်တာဇော်လှိုင်တိုး [အထူးကုဆရာဝန်ကြီး(ဆေးပညာ)၊ ကလေးမြို့ပြည်သူ့ဆေးရုံကြီး]-ဒေါ်စောနန်းမော်၊ ဦးဇော်ဇော်အောင် - ဒေါ်ဝါဝါမြင့် (TMW Enterprise Ltd)၊ ဒေါ်သူဇာနွယ် (ကထိက၊ စိုက်ပျိုးရေးတက္ကသိုလ်၊ ရေဆင်း)၊ ဒေါ်အိအိခိုင်

ချစ်မြေးများ - မအဥ္ဆလီမော်၊ မင်းသန့်ကျော်၊ မင်းခန့်ကျော်၊ သီဟသော်ဇင်

"ထာဝရ မပြောင်းလဲသော အရာကို ပြောပါဆိုလျှင် ကျွန်ုပ်အတွက်ရာ ၅၂ မိဘမေတ္တာပါ"

# မိဘဂုဏ် (ကိုလေ့ရှ)

Ph : 09 - 50-64145, 09 - 49-588063, 09 - 49-276627, 09 - 42-0060449.

## ကြိုးတာင်မှာပါ

095 095 095, ☎ 01-682944

## Total Skin Repair မှ အထူးအစီအစဉ်

ဝက်ခြံ၊ တင်းတိပ်၊ မှဲ့ခြောက်၊ အမာရွတ်၊ ချိုင့်ခွက်၊ နေလောင်ကွက်၊ မွေးရာပါအမှတ်များ၊ မိမိမလိုချင်သော အမွေးများနှင့် Tattoo အမှတ်များကို လေဆာစက်များဖြင့် ပြုပြင်ပေးပါသည်။

- မိမိအသားအရေကို ဆရာကိုယ်တိုင် အခမဲ့ စမ်းသပ်စစ်ဆေးပေးပါသည်။
- မိမိနှင့်သင့်လျော်သော Skin Care များကိုလည်း စီစဉ်ပေးပါသည်။

နေ့ရက် - ၁၉-၁-၂၀၁၅ ရက်မှ ၂၂-၁-၂၀၁၅ ရက်အထိ
နေရာ - အမှတ်(11-C)၊ မြေညီထပ်၊ ကျောက်ကုန်းလမ်းမ၊ အထက(၂)ကျောင်းဘေး၊ ရန်ကင်းမြို့နယ်၊ Tel-09-798734478, 258304048
လက်ဆောင်ပစ္စည်းများ တုံ့ပြန်ပေးပါမည်။

HMY Construction

Hot Line: 097 9791 6522, 099 7314 0072, 099 7372 7252

# လှိုက်လှဲစွာအထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာအမှတ် ၁/၂၀၁၅ ဖြင့် နိုင်ငံတော်သမ္မတမှ ထိုက်တန်စွာ ပေးအပ်ချီးမြှင့်ပါသော သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်မှ သီရိသုဓမ္မသီဂီဘွဲ့အား ချီးမြှင့်ခြင်းခံကြရသော **ဒေါ်ရွှေဇင် (GOLD UNI)** ... ကုမ္ပဏီလီမိတက်)နှင့် ... **(NEW STAR GEMS & JEWELLERY)** တို့အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ... ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် အမျိုးဘာသာသာသနာအကျိုးတို့ကို ဆက်လက်ထမ်းပိုးတို့၍ ထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း၍ အထူးဂုဏ်ယူဝမ်းမြောက်မိပါသည်။

ဦးထွန်းထွန်းနှင့်ဇနီး ဒေါ်စောစော
သိမ်မျာ ... ကုမ္ပဏီလီမိတက် မိသားစု

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတကြီးက ချီးမြှင့်သည့် ၂၀၁၅ ခုနှစ် သာသနာတော်ဆိုင်ရာ **"သုဓမ္မမဏိဇောတဓရ"** ဘွဲ့တံဆိပ်တော်အား ချီးမြှင့်ခြင်းခံရသူ **ဦးသိန်းဝင်း(ခ) ဦးသိန်းဝင်းမြတ်(ဝင်းအိချော ကုမ္ပဏီလီမိတက် WEC နှင့် ဇင်ယော်နီဖိနပ်ရောင်းဝယ်ရေး)**အတွက် အထူးပင် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း-နောင်နှစ်ပေါင်းများစွာတိုင်အောင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့်-အမျိုးဘာသာ သာသနာအကျိုးတို့အား ဆက်လက်၍ ဆတက်ထမ်းပိုးတို့၍ ဆောင်ရွက်နိုင်ပါစေကြောင်း-ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

**အမေကြီးဒေါ်သန်းရွှေ-စိန်ငါးလုံးဖိနပ်(ပုလဲဖိနပ်ဆိုင်ဗိုလ်ချုပ်ဈေး)**
**ဖေဖေ ဦးညွှန့်လှိုင်-မေမေ ဒေါ်အုံးမြင့်-သီတာဝင်းဖိနပ်ဆိုင် (ဗိုလ်ချုပ်ဈေး)**
**ဦးသန်းရွှေ-ဒေါ်အေးအေးမြင့်(ခ)ဒေါ်တင်ထားဝေ-ကိုကိုညီညီဖိနပ်ဆိုင်(ဗိုလ်ချုပ်ဈေး)**
**ဦးအောင်ကျော်ဦး-ဒေါ်ခင်စန်းမြင့်-စန်းစန်းဗိုဖိနပ်ဆိုင်(ဗိုလ်ချုပ်ဈေး)**
**မချိုလေး၊ ကိုဇော်ဇော်-တော်ဝင်ပုလဲဖိနပ်ဆိုင်(ဗိုလ်ချုပ်ဈေး)**

# အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

ရခိုင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ဗိုလ်မှူးကြီးမင်းချစ်ဦး(ငြိမ်း)၏ ဇနီး၊ရခိုင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဌ၊ ရခိုင်ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဌ **ဒေါ်ညိုညိုဝေလွင်(ခ)ငယ်ငယ်**အား ၂၀၁၅ ခုနှစ်(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့တွင်**"သုဓမ္မသိင်္ဂီဘွဲ့."** တံဆိပ်အား နိုင်ငံတော်မှ ချီးမြှင့်အပ်နှင်းခံရခြင်းအတွက်အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ဆက်လက်၍ အမျိုးဘာသာ သာသနာနှင့် လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆတက်ထမ်းပိုးတိုး၍ပျော်ရွှင်ချမ်းမြေ့စွာ ဖြင့်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဦးနေမျိုးထွန်း(ခ)ဦးမောင်မောင်**
**Royal Sittwe Resort (sittwe)**
**Royal Beach Motel (Ngapali Beach)**

EMPEROR Travels
ရွှေစက်တော်ပွင့်ပွဲ(သီးသန့်) Jan 22,23
ပုဂံ၊ ပုပ္ပါး၊ ရွှယ်တော်လေးဆူ၊ ပခုက္ကူ
ကျိုက်ထီးရိုး(နေ့စဉ်)/ချောင်းသာ(နေ့စဉ်)
ကားမျိုးစုံငှားရမ်းရန်ဆောင်ရွက်ပေးသည်
09-254881345,09-254125488

မောနယ် အသင်း (ရန်ကုန်)
နှစ်ပတ်လည် အစည်းအဝေးဖိတ်ကြားလွှာ

ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများအား အသိပေးကြေငြာချက်

BLISS NINS DPX

ဦးစံ(လင်း) ဆိမ်း၊ ပြုံး၊ မြေ နှင့် ဥပဒေအကြံပေး
☎ - 510760, 510940, 510950, 500643, 502517, 2304311

ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများအား အသိပေးကြေငြာချက်

GOLONI KMS BAHUT

ဦးစံ(လင်း) ဆိမ်း၊ ပြုံး၊ မြေ နှင့် ဥပဒေအကြံပေး
☎ - 510760, 510940, 510950, 500643, 502517, 2304311

# လှိုက်လှဲစွာအထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ်-၁/၂၀၁၅ ဖြင့် နိုင်ငံတော်သမ္မတမှ ထိုက်တန်စွာပေးအပ်ချီးမြှင့်ပါသော **"သုဓမ္မသိင်္ဂီဘွဲ့"**ကို ခြံအမှတ်(၅)၊ ရွှေတောင်ကြား ၁၊ အင်းယားမြိုင်လမ်းနေ **ဒေါ်မြင့်မြင့်ဆွေ (P.P.K Co.,ltd)** နှင့် ပြည့်စုံ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးမှ ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ခံရခြင်းအတွက် ချစ်သော မိသားစုနဲ့အတူ ထပ်တူ လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ရပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် အမျိုးဘာသာ သာသနာတော်၏အကျိုးစီးပွားကို ဆတက်ထမ်းပိုးတိုး၍ ထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း၍ အထူးဂုဏ်ယူဝမ်းမြောက်မိပါသည်။

**ဦးကျော်ဝင်း-ဒေါ်မိုမို**

**B.B.S Co.,Ltd**

** မြို့ပေါ်(ဈေးဆိုင်) (ဈေးနှုန်း) ** မှ ဆောင်/ခြံများ

| | | | |
|---|---|---|---|
| [illegible] | (70x120) | ခြံ | 6400L |
| [illegible] | (62x52) | ခြံ | 5850L |
| [illegible] | (57x95) | ခြံ | 4400L |
| [illegible] | (60x60) | 2RC | 3900L |
| [illegible] | (45x60) | ခြံ | 3400L |
| [illegible] | (100x100) | ခြံ | 3300L |
| [illegible] Garden [illegible] | (30x82) | ခြံ | 2800L |
| [illegible] | (23x57) | ခြံ | 2250L |
| [illegible] | (30x60) | ခြံ | 1750L |
| [illegible] | (24x70) | ခြံ | 1750L |
| [illegible] | (40x60) | 2RC | 1650L |
| [illegible] | (55x60) | ခြံ | 1500L |
| [illegible] | (40x75) | 1RC | 1400L |
| [illegible] | (20x60) | ခြံ | 1100L |
| [illegible] | (70x70) | 2RC | 6.5L |
| [illegible] MAC Tower [illegible] | [illegible] | L/S | [illegible] |
| [illegible] | [illegible] | L/S | [illegible] |
| [illegible] | [illegible] | L/S | [illegible] |
| [illegible] | [illegible] | C/F | [illegible] |
| [illegible] | (20x50) | S/F | 750L |
| [illegible] | [illegible] | S/F | [illegible] |

ဖုန်း - 552742, 09 5060940, 09 73100980
- 559320, 09 5060938, 09 73500535

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန၏ အသိအမှတ်ပြုကျောင်း

UEC

● စည်းကမ်းကို အုတ်မြစ်ချသည်၊စနစ်ကို တည်ဆောက်သည်၊ပညာဖြင့် အလှဆင်သည်။
အစစ်အမှန်မို့ မှတ်ကျောက်တင်ခံဝံ့သည်။ လာပါ၊ လေ့လာပါ၊ နှိုင်းယှဉ်ပါ၊ သာတယ်ထင်မှ အပ်ပါ။

OFFICIAL PRIVATE SCHOOL

ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ (ကက - ၁၃/ ၄၀/ ၀၃၆)
သူငယ်တန်း မှ တက္ကသိုလ်ဝင်တန်းအထိ

OUR VALUE = ACADEMIC EXCELLENCE + INSPIRATIONAL TEACHING + ELITE LIVING

Why We Choose UEC ?

- ရန်ကုန်မြို့၏ အသည်းနှလုံး အင်းယားကန်အနီး ရန်ကုန်တက္ကသိုလ်၊ဆေးတက္ကသိုလ်(၁) နှင့် ရေကြောင်းတက္ကသိုလ်များ၏ အလယ်ရှိ ပညာရေးဝန်းကျင်၌ တည်ရှိခြင်း၊
- ဆိတ်ငြိမ်အေးချမ်းသော ခေတ်မီလုံးချင်းခြံဝင်းကျယ်တွင် ကျောင်းသားဆောင်၊ကျောင်းသူဆောင် သီးသန့်ထားရှိခြင်း၊
- Fully-Air Con စာသင်ခန်းများ၊ Lab Facilities, PA System, Multimedia, Extracurricular Activities, Excursion နှင့် Study Tour များ ပါဝင်ခြင်း၊
- တည်ထောင်သူ ဆရာကြီး၊ဆရာမကြီးများကိုယ်တိုင်(၂၄)နာရီ ရင်အုပ်မကွာ အနီးကပ်စဉ်ဆက်မပြတ် စောင့်ကြပ်ပြုစုခြင်း၊

"ထားရကျိုးနပ်သည်၊ ရွေးချယ်မှု မှန်သည် ဟု မိဘတိုင်း ပီတိဖြစ်ကြသည်။"

● ၂၀၁၅ - ၂၀၁၆ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ။

အလယ်တန်းနှင့်အထက်တန်း GUIDE လုပ်လိုသူများလျှောက်ထားနိုင်သည်၊ MA,MSc ဘွဲ့ရဖြစ်ရမည်၊ အဆောင်နေနိုင်သူ ဦးစားပေးမည်၊

ကျောင်း အမှတ် ၄ ၊ စံရိပ်ငြိမ်(၅)လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
Ph: 01 539875, 09 3155 8973, 09 515 7988, 09 50 80478, 09 730 65707
ကျောင်းသားဆောင် ခြံအမှတ်(၁၅-A)၊ စံရိပ်ငြိမ်(၅)လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ကျောင်းသူဆောင် ခြံအမှတ်(၁၅-B)၊ စံရိပ်ငြိမ်(၅)လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

Band 8 and Score 607

Bonita, Academy of English

[illegible] (Candidate No. 002249) [illegible] IELTS [illegible] Overall Band Score (8.0) [illegible] (Reg.No. 36709857) [illegible] TOEFL [illegible] Total Score (607) [illegible]

Bonita

[illegible]

ကြည်နိုး (IC) [illegible]

(၁) [illegible] အိမ်ခွဲစားပညာ

(၂) [illegible]

[illegible]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ မြေကွက်အမှတ်(၆၅)၊ မြေကွက်တည်နေရာအမှတ်-(၆၅)၊ တပင်ရွှေထီးလမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (ဦးတင်အောင်)- AA-၁၀၃၈၁၉၊ အမည်ပေါက်နှစ် (၆၀)ဂရန်မြေအား အမည်ပေါက်ဦးတင်အောင်၏ နှစ်(၆၀)မြေငှားစာချုပ်(မူရင်း)ပျောက်ဆုံးသဖြင့် အမည်ပေါက်ဦးတင်အောင်၏ အထွေထွေကိုယ်စားလှယ် ၁၆၅၁၈/၁၃ (၆-၉-၂၀၁၃) ရသူ ဒေါ်လှရှောက်ခင် ၁၃/လရန(နိုင်)၀၅၇၇၆၀ ကရဲစခန်းထောက်ခံချက်၊ ရပ်ကွက်ထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်နှင့် ကျမ်းကျိန်လွှာတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**SIM CARD**

**ဝယ်ယူမည့်ဈေးနှုန်းများ**

49** - 150000
73** - 80000
50** - 160000
47** - 180000
**Ph:09-73026000, 09-5092666**

[illegible]

MYANMAR THAMES INTERNATIONAL (MTI)

[illegible]

Diploma In Business (L4DB,L5DB)

NCC Education (UK) [illegible] Diploma [illegible]

2nd Floor, Myay Ni Gone Plaza, Tel: 525971,706740,501450,09731147379

# ကြော်ငြာ

အမှတ် (၁) ဒေသကောလိပ် ရန်ကုန် (RC-1)
ရန်ကုန်တက္ကသိုလ် ဗိုလ်တထောင်နယ်မြေ (RUBC)
ဗိုလ်တထောင်ကောလိပ် (BC) ကျောင်းသားဟောင်းများ
စုပေါင်းအကြိမ် အာစရိယပူဇော်ပွဲ ကို

**ပျောက်ဆုံးကြောင်း**

ဒေါ်မြင့်ဦး[၁၂/ကမန(နိုင်)၀၈၇၈၀၈]ပိုင်ဆိုင်သော Toyota Probox, 2009 Model, 1300 CC, Chassis No NCP 50-0100262, Permit No-(ISP IDVY 8 14 15 16944) Permit Date(24-12-2014) မော်တော်ယာဉ်၏ စာရွက်စာတမ်းများဖြစ်သော Permit, Second BL, Export Certificate မူရင်းတို့မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**Ph:09-421109988,01-240237**

## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးဦးစီးဌာန
## အမျိုးသမီးနှင့်ကလေးဆေးရုံကြီး
## တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမျိုးသမီးနှင့် ကလေးဆေးရုံကြီး၊ တောင်ဥက္ကလာပမြို့နယ်တွင် တက်ရောက်လျက်ရှိသော လူနာများအတွက် လိုအပ်သောဓါတ်ခွဲခန်းနှင့် ဓါတ်မှန်သုံးပစ္စည်းများ၊ အခြားဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရဆေးကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၁၆-၁-၂၀၁၅ရက်၊ နံနက် ၁၀း၀၀နာရီ
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၃-၁-၂၀၁၅ရက်၊ ညနေ ၄း၃၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ဝယ်ယူမည့် ဆေးစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး၊ အမျိုးသမီးနှင့်ကလေးဆေးရုံကြီး**
**မေတ္တာလမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၁-၅၇၇၅၃၂၊ ၀၁-၅၆၂၅၂၂**

## အများသိစေရန်ကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ည)၊ မြေကွက်အမှတ်(၁၁၁၉/က)၊ မြေကွက်တည်နေရာအမှတ်(၁၁၁၉/က)၊ ရော(၁၉)လမ်း၊ ဒေါ်ခင်အေးမူ[၁၂/ဥကမ(နိုင်)၀၅၈၀၅၂] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်အေးမူ ကိုယ်တိုင်မှ (ဂရန်)မူရင်း ပျောက်ဆုံးကြောင်း တင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီးကန့်ကွက်မှုမရှိသဖြင့် ဂရန်မိတ္တူထုတ်ပေးပြီး ဤမူလထုတ်ပေးထားသည့် မြေငှားစာချုပ်အမှတ်-မဥ/ည/၉၀၇/၉၃ အမည်ပေါက်နှင့် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မူရင်းစာအုပ်အား မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**


ရွှေမိမာန်
အားတိုးဆေး

**ကျားမတို့၏သဘာဝအားကိုတိုးပွားစေပြီးစားကောင်းအိပ်ပျော်လျက်ပိန်သူဝစေ၍၊ဝသူများအတွက်သွေးတိုး၊လေငန်းရောဂါများကိုကာကွယ်စေပါသည်။**

ဆေးဆိုင်တိုင်းမှာ မေးဝယ်ပါ။
0311 YR 003633


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးဦးစီးဌာန
## ရန်ကုန်ပြည်သူ့ဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း


၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ပင်မဆောင်ဘက်ခြမ်းရှိ မိလ္လာပိုက်များ၊ မိလ္လာကန်များနှင့် ရေစီးမြောင်းများပြုပြင်ရန် စိတ်ပါဝင်စားသည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

အိတ်ဖွင့်တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၁၄-၁-၂၀၁၅ရက်၊ (ဗုဒ္ဓဟူးနေ့)
အိတ်ဖွင့်တင်ဒါပိတ်မည့်ရက် - ၂၈-၁-၂၀၁၅ရက်၊ (ဗုဒ္ဓဟူးနေ့)၊ ၁၆း၀၀နာရီ

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**



ပညာရေးဝန်ကြီးဌာန မှတ်ပုံတင်အမှတ် ( ကက -၁၃/၁၉/၁၀၈ )
ဘက်စုံထူးချွန်လေ့ကျင့်ရေး
ဦးမျိုးဆန်းမြင့်(သချ်ာ) နှင့် ဒေါ်ခင်ခင်ဖြူအောင်(မြန်မာစာ)
ဦးစီးတည်ထောင်သည်.



မဟာသရဖူ
ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် တန်းမြင့်ဘော်ဒါ
MTPS SINCE1985
ကျောင်းချိန်
နံနက် ၈း၃၀ မှ ညနေ ၃း၀၀
09 450030091
09 31376619
09 254781103-04

မူလတန်း၊ အလယ်တန်း၊ အထက်တန်း
- ထူးချွန်သော ဝါရင့်ဆရာ/ဆရာမများသာ သင်ကြားသည်။
- စာသင်ခန်းတိုင်းတွင် လေအေးပေးစက်များတပ်ဆင်ထားသည်။
- ၈၊ ၉၊ ၁၀ တန်းများ မတ်လ(၁၁)ရက်နေ့စသင်မည်။
- ကျန်အတန်းများ မေလ(၅) ရက်နေ့ဖွင့်မည်။

အလယ်တန်း၊ အထက်တန်း
- ကျောင်းသား/သူ (၂၀)ဦးစီသာ ထပ်မံလက်ခံပါမည်။
- မတ်လ(၁၀)ရက်နေ့ အဆောင်ဝင်ရမည်။
- ၅၊ ၆၊ ၇ တန်းများ (၂၅)သိန်း။ (၃)ရစ်။
- ၈၊ ၉ တန်းများ (၂၇)သိန်း။ (၃)ရစ်
- ၁၀ တန်း (၃၀)သိန်း။ (၃)ရစ်
- မည်သည့်ငွေကြေးမှ ထပ်မံကောက်ခံမည်မဟုတ်ပါ။



၆(A/B)၊ ပင်လုံလမ်းမကြီး၊ (၂၉)ရပ်ကွက်၊ မ/ဒဂုံ။

Hot Line No-0930500100

# တည်ဆောက်ပြီး၊ တည်ဆောက်ဆဲနှင့် တည်ဆောက်မည့်အိမ်ရာစီမံကိန်းများသည် လက်ရှိ အိမ်ရာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့်အနေအထားတွင် မရှိသေး

အမေးအရေး- နိုင်လင်းကြည်(ကြေးမုံ)
ဓာတ်ပုံ-ခင်ခင်သက်(ကြေးမုံ)

ကမ္ဘာ့လူဦးရေမှာ တစ်နေ့တခြား တိုးပွားလာနေသကဲ့သို့ မြန်မာနိုင်ငံ၏ လူဦးရေသည်လည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြား တိုးပွားလျက်ရှိရာ ယခုအခါတွင် နိုင်ငံ၏ စုစုပေါင်း လူဦးရေမှာ ၅၂ သန်းခန့် အထိ ရောက်ရှိနေပြီး ၂၀၁၄ ခုနှစ်တွင် မြို့ပြလူဦးရေမှာ ၂၉ ဒသမ ၆ ရာခိုင်နှုန်း(၁၄ ဒသမ ၈ သန်းခန့်)အထိ သိပ်သည်းလာကြောင်းသိရသည်။ ထို့ကြောင့် မြို့ပြနေပြည်သူများ၏ အိမ်ရာလိုအပ်ချက်သည်မြင့်မားလာခဲ့ပြီး အခြေခံအဆောက်အအုံ လိုအပ်ချက်ပြဿနာသည်လည်း ပိုမိုကြီးမားများပြားလာသည်ကို တွေ့ရှိရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ မြို့ပြလူဦးရေသည် ၂၀၀၀ ပြည့်နှစ်တွင် ၂၆ ဒသမ ၂၅ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် ၃၀ ရာခိုင်နှုန်းနီးပါးအထိရှိလာခဲ့ရာ မြို့ပြနေလူဦးရေမှာ တစ်နှစ်ထက်တစ်နှစ် တိုးပွားများပြားလာသည်ကို သိရှိရသည်။ မြန်မာနိုင်ငံ၏ ကျေးလက်နေလူဦးရေသည် ၂၀၀၀ ပြည့်နှစ်က ၇၃ ဒသမ ၇၅ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် ၇၀ ရာခိုင်နှုန်းသာရှိတော့ကြောင်း မှတ်တမ်းများအရသိရသည်။ ထိုသို့ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းမှစတင်ကာ ကျေးလက်နေလူဦးရေနှုန်းမှာ တစ်နှစ်ထက်တစ်နှစ်လျော့နည်းလာခဲ့ပြီး မြို့ပြနေလူဦးရေမှာ တစ်နှစ်ထက်တစ်နှစ်သိသိသာသာတိုးတက်များပြားလာခဲ့သည်။ ထို့ကြောင့် မြို့ပြနေလူဦးရေသိပ်သည်းမှုအလိုက် အိမ်ရာများ ထပ်မံတိုးချဲ့တည်ဆောက်မှုကို ၂၀၁၄ ခုနှစ်တွင် ပိုမိုမြင်တွေ့လာရပေသည်။

သို့ဖြစ်ခြင်းကြောင့် ဝင်ငွေနည်းနိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများနှင့် ဝင်ငွေနည်းပါးသည့် ပြည်သူများအတွက် အိမ်ရာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်

စာမျက်နှာ ၈ ကော်လံ ၁ သို့●



ရန်ကုန်မြို့ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ အကောင်အထည်ဖော်လျက်ရှိသော ရေဝဏ်နှင့် ရတနာအိမ်ရာစီမံကိန်းမှ တည်ဆောက်ဆဲအိမ်ရာများကို တွေ့ရစဉ်။

## ယနေ့မာတိကာ


တစ်မျိုးသားလုံး၏ အမျိုးသားရေးတာဝန်
စာမျက်နှာ - ၂

အမေရိကန်နှင့် တိုက်ရိုက်ဆွေးနွေးရန် မြောက်ကိုရီးယားကမ်းလှမ်း
စာမျက်နှာ - ၄

အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုခြင်း-(၂)
စာမျက်နှာ - ၆

ရန်ကုန်မြို့တွင်း မြေအောက်ရေမြောင်းများ ချဲ့ထွင်ခြင်းဆောင်ရွက်
စာမျက်နှာ - ၁၇


# အာရှသမိုင်းဝင် မြို့တစ်မြို့ဖြစ်ခဲ့သော ရန်ကုန်မြို့၏ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၅**

အာရှ၏ သမိုင်းဝင်မြို့တစ်မြို့ဖြစ်ခဲ့သော ရန်ကုန်မြို့နှင့်ပတ်သက်၍ နိုင်ငံရေး၊ စီးပွားရေး ပြောင်းလဲမှုများပေါ်တွင် မည်သို့အကျိုးသက်ရောက်မှုရှိသည့်အပေါ် ပညာရှင်အသီးသီးက ပါဝင်ဆွေးနွေးကြသည့် "ရန်ကုန်မြို့၏ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်"ကို ဇန်နဝါရီ ၁၅ ရက်မှ ၁၇ ရက်အထိ ရန်ကုန်မြို့ ကမ်းနားလမ်းရှိ Strand Hotel တွင်ကျင်းပလျက်ရှိသည်။

အဆိုပါ ဖိုရမ်ကို World Monuments Fund နှင့် ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တို့ ပူးပေါင်း၍ ကျင်းပဆောင်ရွက်ခြင်းဖြစ်ပြီး လွန်ခဲ့သည့် နှစ်ပေါင်း ၁၀၀ ခန့်က အာရှတွင် ထိပ်တန်းစီးပွားရေးမြို့တစ်မြို့ဖြစ်ခဲ့သော ရန်ကုန်တွင် လက်ရှိကာလဖြစ်ပေါ်ပြောင်းလဲမှုများက သမိုင်းဝင်ရန်ကုန်မြို့ပြရှုခင်းများအား မည်ကဲ့သို့သက်ရောက်မှုများရှိသည်ကို ဆွေးနွေးခဲ့ကြသည်။

"ရန်ကုန်မြို့ရဲ့ ထိန်းသိမ်းစောင့်ရှောက်ရေးနဲ့ မြို့ပြဖွံ့ဖြိုးတိုးတက်မှုတွေအတွက် ရင်ဆိုင်နေရတဲ့ ဥပဒေရေးရာ၊ ငွေကြေးဆိုင်ရာနဲ့ အခြားအခက်အခဲတွေအပါအဝင် တကယ်ဖြစ်ပေါ်နေတဲ့ အခြေအနေပေါ်မှာ အခြေပြုပြီး လက်တွေ့ကျတဲ့အကြံဉာဏ်တွေပေးနိုင်ဖို့ ဒီဖိုရမ်ကို ရည်ရွယ်ကျင်းပခြင်းဖြစ်ပါတယ်"ဟု ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန့်မြင့်ဦးက ပြောကြားခဲ့သည်။

ရန်ကုန်မြို့ပြပုံရိပ်တွင် ဆယ်စုနှစ်အတွင်း မြန်ဆန်စွာဖြစ်ပေါ်ပြောင်းလဲခဲ့မှုများကြောင့် ဖွံ့ဖြိုးတိုးတက်လာမှု၏အကျပ်အတည်းများစွာကို ရင်ဆိုင်ခဲ့ကြရပြီး ရန်ကုန်မြို့နေလူထုမှာ အနာဂတ်စိန်ခေါ်မှုများစွာနှင့် ကြုံတွေ့ရသည်ဟု သိရသည်။ ဥပဒေစည်းမျဉ်းများ အားနည်းခြင်း၊ မြို့ပြစီမံကိန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ နည်းပါးခြင်းတို့အပြင် အရှိန်အဟုန်ဖြင့် တွန်းအားပေးနေသော ဖွံ့ဖြိုးမှုများကြောင့် နောင်တွင်ပြင်မရနိုင်သည့်

စာမျက်နှာ ၈ ကော်လံ ၁ သို့○



# MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၂) ဆက်လက်ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၅**

ဇန်နဝါရီလ ဒုတိယပတ်မှစတင်ကျင်းပနေသည့် ၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲမှာ ယခုတစ်ပတ်တွင်လည်း ပရိသတ်ရှေ့မှောက် ရောက်ရှိလာဦးမည်ဖြစ်သည်။ ယခုတစ်ပတ် ပွဲစဉ်(၂)တွင်လည်း ရန်ကုန်၌ လေးပွဲ၊ နေပြည်တော်၌ တစ်ပွဲ၊ မုံရွာ၌ တစ်ပွဲဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ပွဲစဉ်(၂)အဖြစ် ဇန်နဝါရီ ၁၇ ရက်တွင် YUSC ကွင်း၌ ရန်ကုန်နှင့် ဟံသာဝတီ၊ မုံရွာကွင်း၌ ဇေယျာရွှေမြေနှင့် ကမ္ဘောဇ၊ သုဝဏ္ဏကွင်း၌ ဇွဲကပင်နှင့် ဧရာဝတီ၊ ဇန်နဝါရီ ၁၈ ရက်တွင် ပေါင်းလောင်းကွင်း၌ နေပြည်တော်နှင့် ရတနာပုံ၊ သုဝဏ္ဏကွင်း၌ ရခိုင်နှင့်မကွေး၊ အောင်ဆန်းကွင်း၌ ချင်းယူနိုက်တက်နှင့် မနောမြေတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ပွဲစဉ်(၁)တွင် ရန်ကုန်အသင်းက ရခိုင်အသင်းကို ခြောက်ဂိုး-ဂိုးမရှိ၊ ဧရာဝတီအသင်းက နေပြည်တော်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်မှလွဲ၍ ကျန်ပွဲစဉ်များမှာ သရေရလဒ်ဖြင့်ပြီးဆုံးခဲ့သည်။ ရတနာပုံနှင့် မကွေး၊ ဟံသာဝတီနှင့် ချင်း၊ မနောမြေနှင့် ကမ္ဘောဇတို့ တစ်ဂိုးစီသရေကျခဲ့ပြီး ဇွဲကပင်နှင့် ဇေယျာရွှေမြေတို့ ဂိုးမရှိသရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

အဖွင့်ပွဲ၌ နိုင်ပွဲပျောက်ထားသည့် နာမည်ကြီးအသင်းများဖြစ်သော ရတနာပုံနှင့် ကမ္ဘောဇအသင်းတို့ အဝေးကွင်း၌ ပွဲကျပ်များ ထပ်မံကစားရမည်ဖြစ်ပြီး နိုင်ပွဲရရှိရေး ရုန်းကန်ရဖွယ်ရှိနေသည်။ ယခုရာသီတွင် နိုင်ပွဲမရသေးသည့် လက်ရှိချန်ပီယံ ရတနာပုံအသင်း ပထမဆုံးနိုင်ပွဲရရှိရန် ခက်ခက်ခဲခဲကစားရမည်ဖြစ်သည်။

**သတင်းနှင့်ဓာတ်ပုံ-ရှိုင်းထက်ဇော်**

နေပြည်တော်နှင့် ရတနာပုံတို့ ၂၀၁၄ ရာသီက တွေ့ဆုံခဲ့စဉ်။






themirror.npt@gmail.com
www.facebook.com/themirrordaily